မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၆၀)

၁၂၇၅ ခုနှစ်က ဝ တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

သဘာဝပတ်ဝန်းကျင်အမွေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန် အထူးတာဝန်ရှိ

ဒုတိယသမ္မတ ဦးညဏ်ထွန်း သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၈

သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ သက်ဆိုင်ရာဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် လူသားများအပါအဝင် သက်ရှိအားလုံးသည် မိမိတို့၏ဘဝ ရှင်သန်ရပ်တည်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကပေးအပ်ထားသည့် သယံဇာတအရင်းအမြစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် မှီခိုအားထားနေကြရကြောင်း၊ ရှေးယခင်က စားဝတ်နေရေး လိုအပ်ချက်အတွက်သာ သဘာဝသယံဇာတများကို ထုတ်ယူ အသုံးပြုခဲ့ကြသော်လည်း ယခုအခါ လူဦးရေတိုးပွားလာမှုနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ✽

"စီးပွားရေးနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ်အကြား တွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်နှင့် လူမှုရေးနယ်ပယ်အကြား ခံနိုင်ရည်ရှိမှုတို့ဖြင့် ပြည့်စုံမှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်"

အလှမွေးငါးမွေးမြူခြင်းဖြင့် ပိုးလောက်လမ်းနှင့်ခြင်ကျားအန္တရာယ်ကာကွယ်

သတင်း- မောင်စိန်လွင်
ဓာတ်ပုံ- မင်းထက်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ၌ အလှမွေးငါးချစ်ပြည်သူအများစုသည် အလှမွေးငါးလေးများကို အမြင်ဆန်းလှသဖြင့် ရုံးခန်း၊ အဆောက်အအုံများနှင့် ဧည့်ခန်းများတွင် အလှပြမွေးမြူထားလေ့ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပြည်ပနိုင်ငံအချို့တို့တွင် အလှမွေးငါးလေးများကို အလှမွေးမြူရုံသာမက ကျန်းမာရေးရှုထောင့်အနေဖြင့်လည်း မွေးမြူလျက်ရှိကြရာ ယနေ့အခါတွင် အလှမွေးငါးဈေးကွက် ပျံ့နှံ့မှုမှာ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ အလှမွေးငါးမျိုးစိတ်ပေါင်းများစွာရှိသော်လည်း မျိုးသစ်ဆန်းမှုများနှင့် ပိုမိုကျယ်ပြန့်စွာ ဝယ်လိုအား များလာခြင်းကြောင့် အိမ်နီးချင်းထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းလျက်ရှိကြောင်း အလှမွေးငါးလုပ်ငန်းရှင်များအသင်းမှ အလှမွေးငါး စီးပွားဖြစ်ရောင်းချသူတစ်ဦးက ပြောသည်။

"အလှမွေးငါးကို ကျွန်တော်တို့နိုင်ငံက ခုမှပိုမိုတွင်ကျယ်လူသိများလာတာပါ။ အိမ်နီးချင်း ထိုင်း၊ မလေးရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှာဆိုရင် လူသိများပြီး ကျော်ကြားမွေးမြူနေကြတာကြာပါပြီ။ သူတို့ဆီက ကျွန်တော်တို့ဆီမှာလို ရုံးတွေ၊ အိမ်တွေမှာသာ မွေးမြူကြတာမဟုတ်ဘူး။ သူတို့က ကျန်းမာရေးရှုထောင့်က ကြည့်ပြီးတော့ ခြင်တို့၊ ပိုးလောက်လမ်းတို့ပါ စားပစ်တဲ့ အလှမွေး ဒေါင်းငါးတို့၊ ရွှေနှင်းဆီတို့၊ ပုလဲငါးတို့ကို မြစ်၊ ချောင်း၊ အင်းအိုင်တွေထဲထည့်တဲ့အပြင် လူနေထူထပ်တဲ့ အနီးအနားမှာ ရေကန်တွေပြုလုပ်ပြီး ထည့်ပေးထားတာတို့ ပြုလုပ်ကြတယ်။ အဓိကကတော့ ခြင်အန္တရာယ်ကြောင့် ဖြစ်တတ်တဲ့ သွေးလွန်တုပ်ကွေးရောဂါနဲ့ အခြားဆက်စပ်တဲ့ ရောဂါတွေကိုကာကွယ်တဲ့ သဘောအနေနဲ့ အသုံးပြုမွေးမြူကြတာဖြစ်ပါတယ်"ဟု

စာမျက်နှာ ၉ ကော်လံ ၄ ◆



ခြင်အန္တရာယ်ကို ကာကွယ်ဖျက်ဆီးပေးမည့် အလှမွေးငါးမျိုးစိတ် ဒေါင်းငါးကိုတွေ့ရစဉ်။

ယနေ့ မာတိကာ

ခရီးသည် ၂၃၉ ဦး လိုက်ပါသည့် မလေးရှားလေယာဉ် ဗီယက်နမ်နိုင်ငံတော်ချုံကျွန်းအနီး ပျက်ကျသည်ဟုယူဆ — စာ » ၄

နှမ့်၍နှမ့်၊ မြှင့်၍မြင့် (ဆောင်းပါး) — စာ » ၆

ကျန်းမာရေးလုပ်ငန်း ဥပဒေအရ လိုင်စင်မဲ့ ပုဂ္ဂလိကဆေးရုံကို ပယ်ဖျက် — စာ » ၇

ကာတွန်းပြိုင်ပွဲ ကျင်းပမည် — စာ » ၉

ခုတင် ၅၀ ဆံ့ တိုးချဲ့ဆေးရုံသစ်ကြီး မကြာမီ ဖွင့်လှစ်နိုင်မည် — စာ » ၁၁

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆန်ကောင်းစပါး တို့အားထား

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ကမ္ဘာ့ဆန်ရောင်းနိုင်ငံ တစ်နိုင်ငံလည်းဖြစ်ပါသည်။ မကြာသေးမီနှစ်များက စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာသည့်အားလျော်စွာ ဆန်တင်ပို့မှုမှာလည်း တရိပ်ရိပ်တိုးလာလျက်ရှိပါသည်။ သို့သော် ကမ္ဘာ့ဈေးကွက်ဝင် ဆန်ကောင်းစိုက်ပျိုးထုတ်လုပ်မှုမှာ အားနည်းနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုသည် တစ်ဟုန်ထိုးတိုးတက်လာရမည်ဖြစ်သော်လည်း ဆန်ကောင်းစပါး စိုက်ပျိုးထုတ်လုပ်မှုအားနည်းနေသည့်အတွက် ကမ္ဘာ့ဈေးကွက်အကြိုက် ဝယ်လိုအားနည်းပါးနေပါသည်။ ကမ္ဘာ့ဈေးကွက်အကြိုက် ဆန်ကောင်းစပါးများ စိုက်ပျိုးထုတ်လုပ်မှု များပြားလာမှသာလျှင် တင်ပို့ရောင်းချမှုသည်လည်း တိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ပေါ်ဆန်းမွှေးကဲ့သို့သော ဆန်ကောင်းစပါးများကို အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အများဆုံး စိုက်ပျိုးထုတ်လုပ်လေ့ရှိပါသည်။ ပုသိမ်ပေါ်ဆန်းမွှေးနှင့် ရွှေဘိုပေါ်ဆန်းမွှေးတို့မှာ အဆင့်မြင့်ဆန်များဖြစ်ပါသည်။ ယင်းကဲ့သို့သော ဆန်မွှေးများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ဧကများ တိုးချဲ့သွားနိုင်ပါမှ ဈေးကွက်အကြိုက် အဆင့်မြင့်ဆန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။

ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၁၀ ဒသမ ၇၈ သိန်းသာ ရှိခဲ့သည်။ တင်ပို့သည့် ဆန်အဆင့်အတန်းကိုကြည့်လျှင် အဆင့်မြင့်ဆန်တင်ပို့မှုမှာ ၄ ရာခိုင်နှုန်းသာရှိသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အဆင့်မြင့်ဆန်များ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားရန်လိုအပ်သည်ကို လေ့လာတွေ့ရှိရပေသည်။ ဆန်တင်ပို့မှု တိုးတက်အောင် ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းစပါးများ စိုက်ပျိုးထုတ်လုပ်မှုတိုးချဲ့ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ ကြိတ်ခွဲပြုပြင်ခြင်း စသည်ဖြင့် **Supply Chain Mechanism** တစ်ခုလုံး ဟန်ချက်ညီညီ တိုးတက်ခေတ်မီအောင် ဆောင်ရွက်သွားသင့်ပေသည်။ နိုင်ငံနှင့်အဝန်း အရည်အသွေးကောင်းဆန်များ စိုက်ဧကများ တိုးချဲ့သွားသင့်သလို ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲထုတ်လုပ်မှုမှာလည်း အရေးကြီးလှပေသည်။ ထုပ်ပိုးမှု၊ သိုလှောင်ထိန်းသိမ်းမှုကောင်းရန်လည်း အထူးလိုအပ်ပေသည်။ သို့မှသာ အရည်အသွေးကောင်းဆန်များ ရရှိနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ဆန်အဓိကတင်ပို့ရောင်းချသည့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့သည် ဆန်ကောင်းစပါး စိုက်ပျိုးထုတ်လုပ်မှုကောင်းသကဲ့သို့ ကြိတ်ခွဲဖြန့်ဖြူးမှုတွင်လည်း အားကောင်းသည့်အတွက် ဆန်တင်ပို့မှုအများဆုံးနိုင်ငံများအဖြစ် ရပ်တည်နေခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင်လည်း ဆန်ကောင်းစပါးများ စိုက်ပျိုးထုတ်လုပ်ပြီး ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဆိုပါက ဆန်ကောင်းစပါးများ ပိုမိုထုတ်လုပ်လာနိုင်ပြီး ဆန်တင်ပို့မှုမှာလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သန်းခေါင်စာရင်းကောက်ယူခြင်းတာဝန်ပေးအပ်ပွဲ ပဲခူးတိုင်းဒေသကြီး၌ ကျင်းပ

ပဲခူး မတ် ၈

ပဲခူးတိုင်းဒေသကြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အခမ်းအနားကို မတ် ၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေ

စုစုပေါင်း အရေအတွက်လောက်ကိုသာ ဖော်ထုတ်ရရှိနိုင်ခြင်းမဟုတ်ဘဲ နိုင်ငံလူဦးရေ၊ နိုင်ငံတည်ရှိမှုနှင့် မျိုးနွယ်စုများ ပါဝင်ဖွဲ့စည်းမှုတို့ကို ဖော်ညွှန်းနိုင်သည့်အတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ပါကြောင်းနှင့် တာဝန်ပေးအပ်ခံရသော အဖွဲ့အစည်း အသီးသီးသည်လည်း စိတ်ကောင်း၊ စေတနာကောင်းများဖြင့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးသိန်းဌေးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်သန်းခေါင်စာရင်းကော်မတီ ခရိုင်အုပ်ချုပ်ရေးမှူးသို့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို တာဝန်များပေးအပ်ခဲ့ပြီး တက်ရောက်လာသော သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ဝင်များကို ဝန်ကြီးချုပ်က ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သန့်စင်

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မတ် ၈

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ) ဒေါ်ဝင်းမော်ထွန်းနှင့် အဖွဲ့သည် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို စစ်ကိုင်းတိုင်းဒေသကြီးတွင်ကျင်းပရေး အစီအစဉ်အရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ တိုင်းဒေသကြီးကော်မတီ (စစ်ကိုင်းဒေသကြီး)မှ ကိုယ်စားလှယ်များနှင့် မုံရွာမြို့ မြို့တော်ခန်းမ၌ မတ် ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အလားတူ မတ်လ ၅ ရက်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးခန်းမ၌ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ တိုင်းဒေသကြီးကော်မတီ (မန္တလေးတိုင်းဒေသကြီး)မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး မတ် ၆ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ တိုင်းဒေသကြီးကော်မတီ (မကွေးတိုင်းဒေသကြီး)မှ ကိုယ်စားလှယ်များနှင့် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲများတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ သက်ဆိုင်ရာတိုင်းဒေသကြီးကော်မတီဝင်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အရာရှိများ၊ ဝန်ထမ်းများ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးလုပ်ငန်းစဉ်ကို အဆင့် ငါးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ အနေဖြင့် အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားကို ၂၀၁၄ ခုနှစ် ဇွန်လတွင် နောက်ဆုံးထား၍ အဆိုပြုတင်ပြပေးရမည်ဖြစ်ကြောင်း၊ အမျိုးသားကော်မတီမှ အလုပ်သမားများနှင့် အလုပ်ရှင်များအကြား မျှတသော အနည်းဆုံးအခကြေးငွေ နှုန်းထားတစ်ရပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးထား၍ အတည်ပြု အနည်းဆုံးအခကြေးငွေနှုန်းထားကို ထုတ်ပြန်နိုင်ရေး ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ၊ အခြေခံရမည့် အချက်များ၊ အိမ်နီးချင်းနိုင်ငံများ၏ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ကျင့်သုံးနေမှုများ၊ တိုင်းဒေသကြီး ကော်မတီများအလိုက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အနည်းဆုံး အခကြေးငွေကို သတ်မှတ်ရာတွင် လုပ်ခလစာနှင့် ကုန်ထုတ်လုပ်မှုအချိုးညီရန်၊ ပုံမှန်အလုပ်ချိန်အတွင်းမှရရှိမည့် လုပ်ခကြေးငွေဖြစ်ရန်၊ အလုပ်သမားများ၏ လူနေမှုစရိတ်ကို အထောက်အကူဖြစ်စေပြီး သက်ဆိုင်ရာ အလုပ်ရှင်များနှင့် အလုပ်သမားများအတွက် မျှတသော အခကြေးငွေတစ်ရပ် ဖြစ်စေရန် လိုအပ်ကြောင်း သိရှိရသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ လုပ်ငန်းအလိုက် အလုပ်ရှင်နှင့် အလုပ်သမားများ စုပေါင်း၍ ညှိနှိုင်းဆွေးနွေး အဖြေရှာရန်လည်း လိုအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း
(၂၀) ကြိမ်မြောက် အသင်းသားနှစ်ပတ်လည်အစည်းအဝေးအခမ်းအနား
ဖိတ်ကြားလွှာ

ကျင်းပမည့်နေ့ရက် - ၁၆.၃.၂၀၁၄
ကျင်းပမည့်အချိန် - နံနက် (၁၀:၀၀) နာရီ
ကျင်းပမည့်နေရာ - UMFCCI Tower

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း

Mar 11,14

Mini Bus နှစ်စီးရောင်းမည်
Mitsubishi Rosa, 2000 Model
5200 CC, Auto, ဒီဇယ်
5G/----/၊ ညှိနိုင်း၊
ဖုန်း-၀၉-၄၉၇၃၄၀၈၁၊
၀၉-၂၅၀၂၇၉၉၁၆၊ ၀၉-၃၃၁၂၇၉၉၃

သကြံန်အထူးအစီအစဉ်
(၇) ရက်ခရီးစဉ်များ - 2014 - Apr 18,20 (၇.၅) သိန်း
(၁၅) ရက်ခရီးစဉ်များ - 2014 - Apr 13,18,27 (၈.၅) သိန်း
သိင်္ဂါပူခရီးစဉ် - 2014 - May 11

ကူမ်းရုက်ပုံ

မြန်မာတိုင်းရင်းဆေးဝက်ဝင်စစ်မှန်သော ပရုဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ပြည်တွင်းသတင်း

○ ကျောဖုံးမှ

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းတို့၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ပြောကြားခဲ့သည်။

ထို့အပြင် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ကမ္ဘာတွင် အဓိကကျသော ပြဿနာများဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့အခွင့်အရေးနှင့် လူဦးရေထိန်းသိမ်းရေးတို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပါကြောင်း၊ ၎င်းကိစ္စများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးများစာတတ်မြောက်မှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှု စသည့်အချက်များပြည့်စုံရန် လိုအပ်ပါကြောင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့်အညီ ကျား၊ မဆိုင်ရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ပေကျင်းညီလာခံတွင်ချမှတ်လိုက်သည့် နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုနီးပါး ရှိလာပြီဖြစ်ပါကြောင်း။ ၎င်းကော်မတီ၏ဦးဆောင်မှုဖြင့် အရေးကြီးလုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် “ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂)” ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါကြောင်း။ ၎င်းစီမံကိန်းသည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို အပြည့်အဝခံစားရရှိနိုင်ရန်နှင့် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) တွင် ကျား၊ မ အားလုံး တန်းတူအခွင့်အရေးရရှိမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေ၊ မျိုးဆက်ပွား ကျန်းမာရေးဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေများသည် မြန်မာနိုင်ငံအမျိုးသမီးထု၏ ဘဝလုံခြုံရေးကို အကာအကွယ်ပြုပေးနေသော ဥပဒေများဖြစ်ပါကြောင်း၊ မြန်မာအမျိုးသမီးထု၏ အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးနိုင်ရန် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်ပါ စံနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်အောင်လည်း အမြန်ဆုံးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ်(၄) ရပ်ကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအောက်တွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီကို ဖွဲ့စည်းထားရှိပါကြောင်း၊ ကော်မတီအောက်ရှိ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြသူများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြင့်မားအောင် လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသည့် အကျိုးရလဒ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၃ ခုနှစ် မေလက “မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း” ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။ မြန်မာအမျိုးသမီးများ၏ ဘဝစိုပြည်လှပရေးကို ဘက်စုံကဏ္ဍစုံက မြှင့်တင်ပေးနိုင်ရန် သတင်းအချက်အလက်နှင့် ခိုင်မာသော စာရင်းဇယားများ ရရှိရေးသည် ပဓာနကျသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်တွင် စတင်ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု၌ အမျိုးသမီးထုတစ်ရပ်လုံး စိတ်အားထက်သန်စွာ ပါဝင်ဖြေဆိုပေးကြရန် လိုအပ်ပါကြောင်း၊ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်တွင် ရှိသည့်သူများ အားလုံးပါဝင်ဖြေဆိုနိုင်ရန်နှင့် သန်းခေါင်စာရင်း၏ အရေးပါအရာရောက်မှုကို နားလည်သဘောပေါက်အောင် အသိပညာပေးဆွေးနွေးကြရန်တိုက်တွန်းလိုပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်အတွက် အမျိုးသမီးများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားစေရန် ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူညီမျှရရှိရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အားလုံးကိုလည်း လှိုက်လှိုက်လှဲလှဲကျေးဇူး အထူးတင်ရှိပါကြောင်း။

မြန်မာအမျိုးသမီးများ၏ ဝီရိယရှိမှု၊ ရိုးသားမှု၊ ကြံ့ခိုင်သိက္ခာရှိမှုနှင့် ဉာဏ်ပညာထက်မြက်မှုစသည့် အရည်အချင်းကောင်းများကို ပျက်ယွင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးရန်၊ ကဏ္ဍစုံတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ပါဝင်ဆောင်ရွက်နိုင်ရန် အမျိုးသမီးတိုင်းစာတတ်မြောက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝရေးကိုရှေးရှုပြီး လေ့လာ၊ ကြိုးကုတ်အားထုတ်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ထူထောင်ရေးလုပ်ငန်းတိုင်းတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး မြန်မာအမျိုးသမီးများ၏ စွမ်းပကားကို ရဲရဲဝံ့ဝံ့ဖော်ထုတ်ပြသကြရန်၊ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲရာတွင် အရေးပါသော ကိန်းဂဏန်းအချက်အလက်များကို ဖော်ဆောင်ပေးမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး၌ အမျိုးသမီးထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်ကြရန်ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က နှစ်စဉ် မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး နိုင်ငံတကာတွင် အခမ်းအနားများ အလေးထားကျင်းပလျက်ရှိသကဲ့သို့ ယခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အမျိုးသမီးများ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ကျင်းပလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို မဲခေါင်ဒေသအတွင်း နိုင်ငံများအနက် ပထမဆုံးရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ လူကုန်ကူးခြင်းခံရသူများထဲ၌ အများစုသည် အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ကလေးသူငယ်များဖြစ်ကြပါကြောင်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနားလည်မှုစာချွန်လွှာနှင့်အညီ မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေးအတွက် စံလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို နှစ်နိုင်ငံအတည်ပြုလက်မှတ်ရေးထိုးပြီး လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့် မိသားစုအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ညှိနှိုင်းရေးမှူးအကြီးတန်းအကြံပေး Dr.Jean D' Cunha ကဖတ်ကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ဂုဏ်ထူးဆောင်နာယကများနှင့် ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းများမှ ထုတ်လုပ်သည့် ဒေသထွက်ကုန်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

၂၀၁၄ ခုနှစ်အတွက် ကုလသမဂ္ဂကချမှတ်ပေးသည့် ဦးတည်ချက်ဆောင်ပုဒ်သည် “ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးရေး၊ အမျိုးသမီးများကို တန်းတူညီမျှ အခွင့်အရေးပေး”ဟူ၍ ဖြစ်ကြောင်းသိရှိရသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းနှင့် အတူ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယကကြီးများ၊ အသင်းဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ၊ ကုလ သမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများနှင့် ဧည့်သည်တော်များ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းများမှ ထုတ်လုပ်သည့် ဒေသထွက်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

နေပြည်တော် မတ် ၈

၁၃၇၅ ခုနှစ် တပေါင်းလပြည့်နေ့၊ ၂၀၁၄ ခုနှစ် မတ်လ ၁၅ ရက် (စနေနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂) အဆောင်(၁၅) အခန်း(၁)ရှိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲမှ ဦးစီးအရာရှိ ဦးလှမော် ဖုန်း-၀၉-၄၂၀၇၃၀၇၀၃ ထံတွင် မတ် ၁၂ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

CLAIMS DAY NOTICE
M.V MONTREAL VOY : NO.(V.5)

Consignees of cargo carried by M.V MONTREAL Voy : No.(V.5) are here by notified that the vessel will arrive on about 11-03-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နိုင်ငံတကာသတင်း

မလေးရှားအတိုက်အခံအန်ဝါ ထောင်ငါးနှစ်ချမှတ်ခံရ

ကွာလာလမ်ပူ မတ် ၈

မလေးရှားတရားရုံးက အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်အား လိင်တူကာမအသုံးချသူအဖြစ် တရားစွဲဆိုခံရပြီး ထောင်ငါးနှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။

မစ္စတာအန်ဝါသည် ၂၀၁၃ ခုနှစ် မေလ အထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံအဖွဲ့ကို အဓိကဦးဆောင်ခဲ့သူဖြစ်သည်။ မစ္စတာအီဘရာဟင်က ယင်းစွပ်စွဲချက်သည် နိုင်ငံရေးနှင့်ပတ်သက်ပြီး အကွက်ဆင်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ ယင်းတရားရုံး ဆုံးဖြတ်ချက်ကြောင့် ယခုလ ဆီလန်ဂေါပြည်နယ် ရွေးကောက်ပွဲယှဉ်ပြိုင်ရန် အီဘရာဟင် ရွေးကောက်ပွဲဝင်ရန် အစီအစဉ်ကို ထိခိုက်လိမ့်မည်ဟုဆိုသည်။

၄င်းသည် ဆီလက်ကာဝန်ကြီးချုပ် ဖြစ်လာနိုင်သည်။ သို့သော်လည်း မစ္စတာ အန်ဝါအနေဖြင့် အယူခံလျှင် ပြစ်ဒဏ်မှ လွတ်ကင်းနိုင်ကြောင်း အဆိုပါတရားရုံးက ပြောကြားသည်။

မစ္စတာအန်ဝါအနေဖြင့် ဆီလန်ဂေါပြည်နယ်ဝန်ကြီးချုပ်ဖြစ်လာပြီး အာဏာကြီးထွားလာနိုင်သည်။ ၄င်းသည် ၁၉၅၇ ခုနှစ်က မလေးရှားနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အာဏာရပါတီကို အဓိကစိန်ခေါ်သူဖြစ်လာခဲ့သည်။ မစ္စတာအန်ဝါသည် ၂၀၀၀ ပြည့်နှစ်ကလည်း ဇနီးဖြစ်သူ၏ ယာဉ်မောင်းအား လိင်တူဆက်ဆံမှုဖြင့် ထောင်ကိုးနှစ်ချမှတ်ခံရသည်။ သို့သော်လည်း ၂၀၀၄ ခုနှစ် နှောင်းပိုင်းတွင် ယင်းအမှုကို တရားရုံးက ပလပ်ပြီး ၄င်းအား ထောင်မှလွှတ်ပေးခဲ့သည်။ **(ဘီဘီစီ)**

ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခံရသည့် တူရကီဗိုလ်ချုပ်ကြီးဟောင်း တူရကီတရားရုံးက ထောင်မှပြန်လွှတ်

အစ္စတန်ဘူလ် မတ် ၈

အစိုးရကို ဖြုတ်ချရန်အတွက် အကွက်ဆင်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချခံရသော တူရကီစစ်ဘက်အကြီးအကဲဟောင်း အီကာဘက်စ်ဘတ်သည် အစ္စတန်ဘူလ်အကျဉ်းထောင်မှ လွတ်မြောက်သွားပြီဖြစ်သည်။

တူရကီတရားရုံးက တရားဝင်နည်းပညာကို ကိုးကားစွဲဆိုထားသည့် ၄င်းအား ချမှတ်ထားသောအမှုအပေါ် ပလပ်လိုက်ပြီး တစ်ရက်အကြာ ဗိုလ်ချုပ်ကြီး အီကာဘက်စ်ဘတ်ကို ဒေသဆိုင်ရာတရားရုံးက လွှတ်ပေးရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ဘက်စ်ဘတ်သည် တူရကီစစ်တပ်အကြီးအကဲအဖြစ် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၃ ခုနှစ် ဩဂုတ်လက အဆိုပါတရားစွဲဆိုချက်ဖြင့် ထောင်တစ်သက်တစ်ကျွန်း ချမှတ်ခံခဲ့ရသည်။

ဒါဇင်နှင့်ချီသောလူများ အဆိုပါအကွက်ချစီရင်မှုနှင့် ပတ်သက်ပြီး တရားစွဲဆိုခံခဲ့ရသည်။ ဗိုလ်ချုပ်ကြီး ဘက်စ်ဘတ်သည် အာဂျင်နက်ကွန်းဟု လူသိများသော အမျိုးသားကွန်ရက်ကို ထူထောင်ရာတွင် ဦးဆောင်သူအဖြစ် အပြစ်ရှိသဖြင့် တရားစွဲဆိုခံရသည်။

အဆိုပါအဖွဲ့သည် လက်ရှိအစိုးရဝန်ကြီးချုပ် ရေးဆက်တေရစ်အာဒိုဂန်၏ တရားမျှတရေးနှင့်ဖွံ့ဖြိုးရေးပါတီ (အေကေပါတီ)ကို ဖြုတ်ချရန်ကြိုးစားခဲ့သည်။ သို့သော်လည်း ဗိုလ်ချုပ်ကြီး ဘက်စ်ဘတ်က ယင်း၏စွပ်စွဲချက်များအပေါ် ငြင်းဆိုခဲ့သည်။ **(ဘီဘီစီ)**

တရုတ်နိုင်ငံ၌ လေထုညစ်ညမ်းမှုစစ်ဆေးရန် ဒရုန်းလေယာဉ်များအသုံးပြုလျက်ရှိ

ပေကျင်း မတ် ၈

တရုတ်နိုင်ငံ၌ လေထုညစ်ညမ်းမှု ဆိုးဆိုးရွားရွားဖြစ်ပွားရာနေရာများကို စစ်ဆေးနိုင်ရန် ဒရုန်းလေယာဉ်များ အသုံးပြုလျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဒုတိယဝန်ကြီးက ပြီးခဲ့သည့် သောကြာနေ့က ပြောကြားခဲ့သည်။

ဒရုန်းလေယာဉ်များအား ပေကျင်းမြို့အပါအဝင် အိမ်နီးချင်းပြည်နယ်များဖြစ်သည့် ရှန်ဇီနှင့် ဟေဘေးပြည်နယ်တို့နှင့်အတူ ၄င်းတို့ပတ်ဝန်းကျင်နေရာများတွင် လေထုညစ်ညမ်းမှုကို စစ်ဆေးနိုင်ရန် ပေးပို့ထားပြီးဖြစ်သည်ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဒရုန်းလေယာဉ်သည် နေ့စဉ် နှစ်နာရီကြာ ပျံသန်းမှုရှိပြီး မြေပြင် ၇၀ စတုရန်းကီလိုမီတာ ဝန်းကျင်ထိ ဖြန့်ကြက်ခရီးပေါက်နိုင်စွမ်းရှိသည်။ ညဘက်အလုပ်လုပ်နိုင်ရန်အတွက် အနီအောက်ရောင်ခြည်ပစ္စည်းများ အထောက်အကူရရှိမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် လတ်တလောတွင် အချို့လေထုညစ်ညမ်းမှုဖြစ်ပွားရာ နေရာဒေသများသို့လည်း အလားတူ ဒရုန်းလေယာဉ်အသုံးပြုမှုအတွက် ထည့်သွင်းစဉ်းစားနေဆဲဖြစ်သည်။

ယင်းကဲ့သို့ လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးအလုပ်သည် တရုတ်နိုင်ငံအစိုးရ၏အစီအစဉ်တွင် ထိပ်ပိုင်း၌ပါရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ပြီးခဲ့သည့်လက တရုတ်နိုင်ငံ၌ လေထုညစ်ညမ်းမှု ဆိုးဆိုးရွားရွားဖြစ်ပေါ်ရာဒေသရှိ စတီး၊ ကျောက်မီးသွေး၊ ဓာတုပစ္စည်းများ၊ ဖန်၊ ဘိလပ်မြေ စသည့် စက်ရုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များဆီသို့ စစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့ စေလွှတ်ခဲ့ပြီးဖြစ်သည်။ **(ဆင်ဟွာ)**

ကင်ညာသမ္မတနှင့်ဝန်ကြီးများ လစာငွေလျှော့ယူရမည်

နိုင်ရိုဘီ မတ် ၈

ကင်ညာသမ္မတ အူဟူးရုကင်ယက်တာက ၎င်းနှင့်၎င်း၏အစိုးရဝန်ကြီးအဖွဲ့အနေဖြင့် အစိုးရအသုံးစရိတ်လေလွင့်မှုများလျှော့ချနိုင်ရန် လစာငွေများလျှော့ယူရန် ကြေညာလိုက်သည်။

သမ္မတကင်ယက်တာက ၎င်းနှင့်၎င်း၏ဒုတိယသမ္မတတို့အနေဖြင့် လစာငွေ ၂၀ ရာခိုင်နှုန်းလျှော့ယူရန်နှင့်အခြားဝန်ကြီးများ ၁၀ ရာခိုင်နှုန်း လျှော့ယူရန် ကြေညာလိုက်သည်။

အာဖရိကတွင် လစာအမြင့်ဆုံးရရှိနေသော ကင်ညာအမတ်များကိုလည်း လစာဖြတ်တောက်ရန် မစ္စတာကင်ယက်တာက တိုက်တွန်းလိုက်သည်။ **(ဘီဘီစီ)**

တူရကီ၌ ပထမဆုံးအကြိမ် လူထုမဲပေးမှုဖြင့် သမ္မတရွေးချယ်မည်

အန်ကာရာ မတ် ၈

တူရကီနိုင်ငံ၏ ပါလီမန်အစား တူရကီမဲပေးသူများမှ ပထမဆုံးအကြိမ်အဖြစ် သမ္မတရွေးချယ်လိမ့်မည်ဖြစ်ကြောင်း မတ် ၇ ရက်တွင် ဒေသမီဒီယာက ဖော်ပြသည်။

တူရကီနိုင်ငံ၏ အဆင့်မြင့်မဲရွေးချယ်ရေးဘုတ်အဖွဲ့က အဆိုပါရွေးကောက်ပွဲကို ဩဂုတ် ၁၀ ရက်တွင် စတင်မည်ဟု ဆုံးဖြတ်ခဲ့သည်။ လက်ရှိခုနစ်နှစ်သက်တမ်းကာလအတွက် တာဝန်ထမ်းဆောင်နေဆဲ သမ္မတအဘတ်လ်လာသည် ၂၀၁၄ ခုနှစ်အတွင်းမှာပင် သမ္မတသက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ လာမည့် သမ္မတသက်တမ်းကို ငါးနှစ်အဖြစ် သတ်မှတ်ထားပြီး လက်ရှိသမ္မတသည်လည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

တူရကီနိုင်ငံတွင်း ဒေသဆိုင်ရာရွေးကောက်ပွဲများကို မတ်လကုန်တွင် ကျင်းပမည်ဖြစ်ပြီး လျှို့ဝှက်မဲပေးမှုများက လူထုထောက်ခံသည့် အစိုးရတစ်ရပ်ကို ညွှန်ပြမည်ဖြစ်ကြောင်း၊ ၎င်းရွေးကောက်ပွဲက သမ္မတရွေးချယ်မှုကိုလည်း လွှမ်းမိုးနိုင်စေမည်ဟု မျှော်လင့်ထားကြသည်။

တူရကီနိုင်ငံသည် ပါလီမန်ထက် လူထုဆန္ဒမဲပေးသူများကသာ သမ္မတရွေးချယ်နိုင်ရေးအတွက် ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံကို ပြင်ဆင်ခဲ့သည်။ ပြင်ဆင်လိုက်သည့် ဖွဲ့စည်းပုံအရ သမ္မတသက်တမ်း ခုနစ်နှစ်အစား ငါးနှစ်ဖြင့် သက်တမ်းနှစ်ကြိမ်ဆက် သမ္မတလုပ်ခွင့် အခွင့်အရေးရှိမည်ဖြစ်သည်။ **(ဆင်ဟွာ)**

မလေးရှားလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်၌ ပါရှိသွားသော ခရီးသည်များ၏ ဆွေမျိုးမိတ်ဆွေများကို တွေ့ရစဉ်။

ခရီးသည် ၂၃၉ ဦးလိုက်ပါသည့် မလေးရှားလေယာဉ် ဗီယက်နမ်နိုင်ငံ တော်ချူကျွန်းအနီးပျက်ကျသည်ဟုယူဆ

ကွာလာလမ်ပူ မတ် ၈

မလေးရှားလေကြောင်းပိုင် ဘိုးရင်း-၇၇၇ သည် ခရီးသည် ၂၃၉ ဦးနှင့်အတူ ဗီယက်နမ်နိုင်ငံ တော်ချူကျွန်းအနီးပျက်ကျသွားခဲ့သည်ဟု ယူဆရကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

သို့ရာတွင် မလေးရှားအာဏာပိုင်များက အဆိုပါ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး အတည်ပြုပြောကြားခြင်းမရှိသေးကြောင်း၊ လေယာဉ်ပျက်ကိုလည်း မတွေ့သေးကြောင်း၊ ရှာဖွေနေဆဲပင်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါခရီးသည်လေယာဉ်သည် ကွာလာလမ်ပူမှ ပေကျင်းသို့ အသွား ပျံတက်ပြီး နှစ်နာရီအကြာ ဆက်သွယ်မှုပြတ်တောက်သွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ အဆိုပါ လေယာဉ်ပေါ်တွင် တရုတ်နှင့်မလေးရှားလူမျိုးများအများဆုံးလိုက်ပါသွားခဲ့ကြောင်း၊ သို့ရာတွင် ဩစတြေးလျ၊ အမေရိကန်၊ ပြင်သစ်နိုင်ငံသားများအပါအဝင် နိုင်ငံသား ၁၄ မျိုး ပါဝင်လိုက်ပါခဲ့ကြောင်း သိရသည်။ အဆိုပါလေယာဉ်ပျက်ကျကြောင်းအတည်ပြုနိုင်ခဲ့လျှင် ဘိုးရင်း-၇၇၇ လေယာဉ်အမျိုးအစားသည် ယခုနှစ်အတွင်းတစ်နှစ်မပြည့်မီမှာ ပင် သေစေနိုင်လောက်သည့် ပျက်ကျမှု ဒုတိယအကြိမ်ဖြစ်ပွားခြင်းဖြစ်သည်။

ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၂၂၇ ဦးနှင့် လေယာဉ်အမှုထမ်း ၁၂ ဦးလိုက်ပါသွားခဲ့ကြောင်း၊ ယင်းလေယာဉ်သည် စနေနေ့က ကွာလာလမ်ပူလေဆိပ်မှ ပျံတက်အပြီး တစ်နာရီခန့်အကြာ ဗီယက်နမ်ကမ်းရိုးတန်းအရှေ့ဘက် ရေဒါစက္ကရင်မှ ပျောက်သွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **(ရိုက်တာ)**

ပြည်တွင်းသတင်း

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်

ရန်ကုန် မတ် ၈

ရွှေတိဂုံစေတီတော် (၂၆၀၂) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၈ နာရီက စေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များကို ချမ်းသာကြီးတန်ဆောင်း ပလ္လင်များပေါ်သို့ပင့်ဆောင်ပြီး အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် (၂၆၀၂) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ စေတီတော်အလှည့်ကျဂေါပကဥက္ကဋ္ဌ ဦးစံလင်းက အဖွင့်အမှာစကားလျှောက်ထားပြီး ရွှေတိဂုံစေတီတော် သြဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးသီဂီဦးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော်သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ပွားပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၆ ရက်မှ လပြည့်နေ့အထိ (မတ် ၆ ရက်မှ ၁၅ ရက်အထိ) ၁၀ ရက်တိုင် တိုင်ကျင်းပကာ မတ် ၁၁ ရက်မှ ၁၅ ရက်အထိ ထေရဝါဒတရားပွဲများ၊ မတ် ၁၄ ရက် ညနေ ၄ နာရီတွင် သံဃာတော် ၁၅၃ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ မတ် ၁၅ ရက် နံနက် ၅ နာရီတွင် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲနှင့် နံနက် ၉ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချပွဲတို့ကို အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် မတ် ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ**(ယာပုံ)** သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာကာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၏ သြဝါဒါစရိယဆရာတော်ကြီး ငါးပါးကို ရွေးချယ်တင်မြှောက်ပြီး အစည်းအဝေး သဘာပတိဆရာတော် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်က အစည်းအဝေးအဖွင့် သာရဏီယသြဝါဒကထာကို ချီးမြှင့်တော်မူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တစ်နှစ်တာကာလအတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တခေမိန္ဒသာမိ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂမ္မက တင်သွင်းလျှောက်ထားသည်။

ထို့နောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူသည်။ မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောနိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်များက ဖတ်ကြားတင်သွင်း လျှောက်ထားပြီး အစည်းအဝေးပထမနေ့ကို ရပ်နားလိုက်သည်။ အစည်းအဝေးပထမနေ့သို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်သည့် အလှူရှင်မှာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် မိသားစုများဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တယ်လီဖုန်းသုံးစွဲသူပြည်သူများသို့ အသိပေးကြေညာချက်

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းသုံးစွဲခဲ့သည့် တယ်လီဖုန်းများအနက် အချို့သောတယ်လီဖုန်းများသည် ယခင်နှစ်အဆက်ဆက်မှ ၂၈-၂-၂၀၁၄ နေ့အထိ တယ်လီဖုန်းခေါ်ဆိုခကြွေးကျန်များပေးသွင်းရန် ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၂။ အဆိုပါတယ်လီဖုန်းခေါ်ဆိုခ ကြွေးကျန်များအား ၂၃-၃-၂၀၁၄ နေ့နောက်ဆုံးထား၍ သက်ဆိုင်ရာငွေလက်ခံစခန်းများတွင် ပေးသွင်းပါရန် အသိပေးကြေညာအပ်ပါသည်။ (ငွေလက်ခံကောင်တာများကို ပိတ်ရက်မရှိ ဖွင့်လှစ်ဆောင်ရွက်ပေးသွားပါမည်)

၃။ ကြွေးကျန်များအကျေအလည်ပေးသွင်းပြီးပါက အဆိုပါတယ်လီဖုန်းများအား ပြန်လည်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက လိုင်းအပြီးပိတ်သိမ်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ တယ်လီဖုန်းကြွေးကျန်အသေးစိတ်စာရင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Website (www.mcit.gov.mm) နှင့် သက်ဆိုင်ရာမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်မန်နေဂျာရုံး တယ်လီဖုန်းအခွန်ဌာနစိတ်များတွင် ကြော်ငြာကပ်ထားမည်ဖြစ်ပါသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလိုပါက တိုင်းဒေသကြီး/ပြည်နယ်များ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း ပြည်သူများသို့ အသိပေးတင်ပြအပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆက်သွယ်မေးမြန်းစုံစမ်းရန် တယ်လီဖုန်းနံပါတ်များ

၁။	နေပြည်တော်	၀၆၇-၄၂၀၀၅၂
၂။	ကချင်ပြည်နယ်	၀၇၄-၂၂၄၇၈
၃။	ကယားပြည်နယ်	၀၈၃-၂၁၀၆၁
၄။	ကရင်ပြည်နယ်	၀၅၈-၂၂၅၆၀
၅။	ချင်းပြည်နယ်	၀၇၀-၂၁၃၁၅
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၀၇၁-၂၂၂၁၄
၇။	တနင်္သာရီတိုင်းဒေသကြီး	၀၅၉-၂၃၆၃၂
၈။	ပဲခူး(အရှေ့)	၀၅၂-၂၁၂၉၆
၉။	ပဲခူး(အနောက်)	၀၅၃-၂၅၀၂၄
၁၀။	မကွေးတိုင်းဒေသကြီး	၀၆၃-၂၆၄၉၀
၁၁။	မန္တလေးတိုင်းဒေသကြီး	၀၂-၆၄၆၄၄
၁၂။	မွန်ပြည်နယ်	၀၅၇-၂၄၂၃၄
၁၃။	ရခိုင်ပြည်နယ်	၀၄၃-၂၁၀၅၃
၁၄။	ရန်ကုန်တိုင်းဒေသကြီး	၀၁-၂၅၀၇၇၇
၁၅။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၀၈၁-၂၁၂၁၅၆၄
၁၆။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၀၈၂-၂၅၅၀၉
၁၇။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၀၈၄-၂၁၁၆၃
၁၈။	ဧရာဝတီတိုင်းဒေသကြီး	၀၄၂-၂၄၈၈၄
၁၉။	ရန်ကုန်(ရုံးချုပ်)	
	အော်တိုတယ်လီဖုန်းများ စုံစမ်းရန်	၀၁-၃၇၀၇၀၃
		၀၁-၃၇၀၇၀၈
		၀၁-၃၇၀၄၁၆
	GSM ဖုန်း စုံစမ်းရန်	၀၁-၂၄၆၂၄၈
	CDMA ဖုန်း စုံစမ်းရန်	၀၁-၂၅၄၅၆၃
	ADSL/E-mail စုံစမ်းရန်	၀၁-၂၅၆၁၃၉

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

၁။ လက်ရှိပင်စင်လစာခံစားလျက်ရှိသော အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်ခံစားခွင့်ဆိုင်ရာကိစ္စများ၊ လိုအပ်သောသတင်းအချက်အလက်များကို စာတိုက်မှဆက်သွယ်ပေးပို့ပါက ပင်စင်စားလက်ဝယ်သို့ လျင်မြန်စွာရောက်ရှိနိုင်ရေးအတွက် ပင်စင်စားထံဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံကို အောက်ပါပုံစံအတိုင်း ဖြည့်စွက်၍ လစာထုတ်ယူသည့် မြန်မာ့စီးပွားရေးဘဏ်၊ ပင်စင်ဌာနစိတ်သို့ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။

၂။ ၎င်းပုံစံများ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များသို့ ပေးပို့ထားပါမည်။

ပင်စင်ခံစားသူ၏ နေရပ်လိပ်စာနှင့် အချက်အလက်များ

အမည်/ရာထူး/---
တာဝန်ထမ်းဆောင်ခဲ့သည့်ဌာန-----------------------------------
ငွေပေးမိန့်အမှတ်(PPA)-------------------------------------
ပင်စင်အမျိုးအစား---
လက်ရှိပင်စင်လစာ---
ထုတ်ယူသည့်ဘဏ်---
ဆက်သွယ်ရမည့်နေရပ်လိပ်စာ-----------------------------------
(အပြည့်အစုံ) ---------------------------------------
ဖုန်းနံပါတ် ---------------------------------------

မှတ်ချက်။ ပင်စင်အမျိုးအစား- ဥပမာ သက်ပြည့်၊ နှစ်ပြည့်၊ မိသားစု စသည်ဖြင့် မိမိထုတ်ယူခံစားနေသော ပင်စင်အမျိုးအစား ဖြည့်စွက်ပါရန်။

ရက်စွဲ -------------- **လက်မှတ်** ------------

ပင်စင်ဦးစီးဌာန

ရန်ကုန်-မန္တလေးလမ်းပိုင်းပြေးဆွဲလျက်ရှိသည့်
အမှတ် (၅)အဆန် (၆)အစုန်အမြန်ရထားအား
အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသောပုဂ္ဂိုလ်၊
အဖွဲ့အစည်း၊ ကုမ္ပဏီများသို့

အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့် အကျိုးတူစင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ အဆိုပြုလွှာတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ရန်ကုန်-မန္တလေး လမ်းပိုင်းပြေးဆွဲနေသည့် အမှတ် (၅)အဆန်၊ (၆)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုမည်ဖြစ်ပြီး၊ တစ်နှစ်တစ်ကြိမ်စာချုပ် ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၂၄-၃-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့သွားရန်ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့်အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပြုလွှာအတွက် အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ်၁၀၀၀၀ိ/-ဖြင့် ၁၀-၃-၂၀၁၄ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ် (၃)တိုင်း-မန္တလေး၊ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ် (၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး မြန်မာ့မီးရထားရုံးချုပ်/နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၅၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဂျေ)တွင် သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

RC နှစ်ထပ်တိုက်ရုံးအဆောက်အအုံ(၄၀'×၈၀')အမြင့်(၂၂')
(ရေမီးအပါအဝင်)(၄၀'×၄၀')+(၄၀'×၈၀')(L Shape)=(၄၈၀၀ sqft)×နှစ်ထပ်
(Roof Slab)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၀-၃-၂၀၁၄ ရက်မှစ၍ အောက်ဖော်ပြပါ လိပ်စာတွင် တစ်စောင်လျှင် ကျပ်(၅၀၀၀၀ိ/-)တိတိနှုန်းဖြင့် ရောင်းချမည်ဖြစ်ပြီး ၂၄-၃-၂၀၁၄ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါပြန်လည်တင်သွင်းကြရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါပုံစံကို တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက အမှတ် ၄၂၂/၄၂၆၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ တတိယထပ်ရှိ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပြီး ဖုန်း-၀၁-၂၀၂၀၅၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရွေးချယ်ရေးအဖွဲ့
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံ/အလုပ်ရုံ/စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်-

တင်ဒါပုံစံထုတ်ပေးရက် - ၁၀-၃-၂၀၁၄ ရက်
တင်ဒါပိတ်ရက် - ၁၄-၃-၂၀၁၄ ရက်

အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်သည့် စည်းကမ်းအချက်အလက်များအား ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်နှင့် ရောင်းချဖြန့်ဖြူးရေးဌာန(ရန်ကုန်ရုံးခွဲ)တွင် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၂၂၆၊ ၀၆၇-၄၀၅၃၂၃၊ ၀၁-၆၅၀၉၁၀ တို့သို့ အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

ရောင်းချဖြန့်ဖြူးရေးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ကုန်ကြမ်း၊ ထုပ်ပိုးပစ္စည်း၊ စက်နှင့်စက်အရန် ပစ္စည်းများအား စက်ရုံများသို့ ပို့ဆောင်ရန် ကုန်သေတ္တာယာဉ်ငှားရမ်းခ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၄-၃-၂၀၁၄ ရက် ညနေ ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၀၆၇-၄၀၈၂၇၆၊ ၀၆၇-၄၀၈၂၇၅

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နှိမ့်၍နိမ့်၊ မြှင့်၍မြင့်

မောင်ခင်မင်(ဓနုဖြူ)

"ဦးက ဟသံပါတဲ့ကြိယာနဲ့ ဟသံမပါတဲ့ကြိယာအကြောင်း ဆက်ပြောစရာ ရှိသေးတယ်ဆိုလို့ပါ"

"သြော်. . . အေး-ဟုတ်သားပဲ၊ ဟိုနေ့ကပြောတာ အသံတွဲ လေးတွဲပြီးပြီနော်"

"ဟုတ်ပါတယ်-ဦး၊ ခနဲ့က၊ ဆနဲ့စ၊ ထနဲ့တ၊ ဖနဲ့ပ ဆိုတော့ လေးတွဲပြီးသွားပါပြီ"

"အေး နောက်ထပ် ဟသံပါတဲ့ဗျည်းနဲ့ မပါတဲ့ဗျည်းအတွဲ ငါးတွဲရှိသေးတယ်ကွဲ့"

"ဟုတ်လား ဦး-ဘယ်ဗျည်းတွေပါလိမ့်"

"င၊ ည၊ န၊ မ၊ လ ဆိုတဲ့ဗျည်းငါးလုံးရယ်၊ ပြီးတော့ အဲဒီဗျည်းတွေကို ဟထိုးတဲ့ ဗျည်းငါးလုံးရယ်ပါတာပေါ့။ ကဲ-အဲဒီဗျည်းငါးလုံးကို ဟထိုးလိုက်ရင် ဘယ်ဗျည်းတွေဖြစ်လာသလဲကွယ်။ ပြောပါဦး"

"င၊ ည၊ န၊ မ၊ လ ဗျည်းတွေကို ဟထိုးရင် ငှ၊ ညှ၊ နှ၊ မှ၊ လှ ဆိုတဲ့ဗျည်းတွေဖြစ်လာမယ်ထင်တယ် ဦး"

"ထင်တယ် မလုပ်ပါနဲ့ကွာ။ ဟုတ်ပါတယ်။ ဒီတော့ ဟထိုးပါတာနဲ့ မပါတာတွဲရင် ငှနဲ့င၊ ညှနဲ့ည၊ နှနဲ့န၊ မှနဲ့မ၊ လှနဲ့လ ဆိုပြီး အတွဲငါးတွဲရတာပေါ့"

"ဟုတ်တယ်နော် ဦး"

"အေး-ဟထိုးဆိုတာက ဟအက္ခရာကို အဲဒီဗျည်းတွေရဲ့ အောက်မှာ ထိုးထားတာပဲ၊ ဒါကြောင့် ဟထိုးလို့ခေါ်တာပေါ့။ ဟက ပုံသဏ္ဌာန်ပြောင်းပြီး ဒီလိုအကောက်ကလေးဖြစ်သွားတာပေါ့"၊ ကျွန်တော်က ပြောရင်း ဟထိုးပုံကလေး ရေးပြလိုက်သည်။

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဦး"

"အဲ. . . အသံအနေနဲ့ပြောရရင်တော့ ဟသံက ဆိုင်ရာဗျည်းသံရဲ့ ရှေ့မှာရှိတယ်။ ဟသံနဲ့အဲဒီဗျည်းသံနဲ့ တစ်ဆက်တည်း မြန်မြန်ဆိုရင် ဟထိုးသံထွက်တာပေါ့"

"ကျွန်တော်သိပ်သဘောမပေါက်ဘူးဦးရဲ့"

"ဒီလိုလေ၊ ကဲ ဟသံနဲ့ ငသံကို တစ်ဆက်တည်းမြန်မြန်ဆိုကြည့်စမ်း"

"ဟင၊ ဟင၊ ငှ ဖြစ်သွားပါတယ်ဦး"

"အေး. . . အဲဒီလိုပဲ၊ ရှေ့က ဟသံတွဲပြီး ည၊ န၊ မ၊ လ တို့ကို တစ်ဆက်တည်း ဆိုကြည့်ရင် ညှ၊ နှ၊ မှ၊ လှ ဆိုတဲ့ ဟထိုးသံတွေ ဖြစ်သွားတာပေါ့ကွာ။ လက်တွေ့ဆိုကြည့်ရင်သိမှာပါ။ အရင်တစ်နေ့ကပြောတဲ့ ဟသံပါတဲ့ဗျည်းတွေနဲ့ ခုပြောတဲ့ ဟသံပါတဲ့ ဗျည်းတွေ ဘယ်လိုကွာခြားသလဲ။ မင်းသတိထားမိသလား"

"က၊ ခ၊ တ၊ ပ တို့ကို ဟသံတွဲပြီးဆိုရင် ဟသံကို နောက်ကတွဲဆိုရတယ် မဟုတ်လား ဦး။ ဦးဆိုခိုင်းလို့ ကျွန်တော်က 'ကဟ' 'ကဟ' လို့ ဆိုတာ 'ခ' ဖြစ်သွားတယ်လေ"

"အေး- ဟုတ်တယ်။ 'က၊ ခ၊ စ၊ ပ' ရဲ့ နောက်က ဟသံတွဲတော့ 'ခ၊ ဆ၊ ထ၊ ဖ' ဖြစ်တယ်။ ဟသံပါတဲ့အသံကို သံတင်း(ဇရှိတသံ) လို့ခေါ်ကြောင်း ဦးပြောပြီးပြီနော်။ ဒီတော့ အဲဒီဗျည်းတွေရဲ့ နောက်က ဟသံတွဲတာမို့ နောက်ဟသံ၊ ဒါမှမဟုတ် နောက်သံတင်း (post aspiration) လို့ ခေါ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အခုပြောတဲ့ ငှ၊ ညှ၊ နှ၊ မှ၊ လှ တို့ကတော့ ဟသံက ရှေ့ကတွဲတာမို့ ရှေ့-ဟသံ၊ ဒါမှမဟုတ် ရှေ့သံတင်း (pre aspiration) လို့ ခေါ်နိုင်တယ်"

"မှတ်ထားပါ့မယ် ဦး"

> "ခုပြောတဲ့ အတွဲငါးတွဲမှာလည်း အရင် အတွဲလေးတွဲလိုပဲ ဟသံပါတဲ့ကြိယာက အပြုကြိယာဖြစ်ပြီး ဟသံမပါတဲ့ကြိယာက အဖြစ်ကြိယာဖြစ်နေတာ တွေ့နိုင်တယ်။ ဒီစနစ်နဲ့ပဲ ကြိယာတွေ ဖွဲ့စည်းထားတာပါ"

"ခုပြောတဲ့အတွဲငါးတွဲမှာလည်း အရင်အတွဲလေးတွဲလိုပဲ ဟသံပါတဲ့ကြိယာက အပြုကြိယာဖြစ်ပြီး ဟသံမပါတဲ့ ကြိယာက အဖြစ်ကြိယာဖြစ်နေတာ တွေ့နိုင်တယ်။ ဒီစနစ်နဲ့ပဲ ကြိယာတွေဖွဲ့စည်းထားတာပါ"

"သာဓကကလေးတွေကရော ဦး"

"ပြောကြတာပေါ့။ ပထမဆုံး ငှ နဲ့ င အတွဲကို ကြည့်ရအောင်။ အသုံးများတဲ့ အတွဲကတော့ ငြှိမ်းလို့ ငြိမ်းတယ် ဆိုတာမျိုးပေါ့"

"ဟုတ်တယ်နော်၊ မီးငြှိမ်းလိုက်ရင် မီးငြိမ်းသွားတာပေါ့"

"ဒီငတွဲမှာ စကားလုံးများများတော့ မရှိဘူး။ ငှ နဲ့ ငကို ငှလိုက်လို့ ငသွားတယ်လို့ တစ်လုံးချင်းတော့ သုံးလေ့မရှိဘူး။ ဝေငှလိုက်လို့ လောက်ငသွားတယ်ဆိုတဲ့ အသုံးတော့ရှိတယ်။ ရေနွေးအိုးကိုငှဲ့လိုက်လို့ ငဲ့သွားတာမျိုးလည်းသုံးတယ်။ စောင်းအောင်လုပ်လိုက်လို့ စောင်းသွားတဲ့ အဓိပ္ပာယ်ပါပဲ။ 'ငဲ့စောင်းတယ်၊ စောင်းငဲ့တယ်' လို့ သုံးတာပေါ့။ ကဲ ညှနဲ့ ညအတွဲမှာ ဘာတွေရှိသလဲ။ မင်းစဉ်းစားကြည့်စမ်း"

"အင်း ညှပ်နဲ့ ညပ်ရှိပါတယ်။ ကြားထဲမှာညှပ်ထားလို့ ညပ်နေတာမျိုးပါ"

"အေး ဟုတ်တယ်။ ဆေးလိပ်ကိုမီးညှိလို့ မီးညိသွားတယ်ဆိုတာမျိုး၊ သစ်ကိုင်းကို ညွှတ်လိုက်လို့ အောက်ကိုညွတ်သွားတယ်ဆိုတာမျိုး သုံးနိုင်ပါတယ်"

"နောက်ထပ်တော့ စဉ်းစားလို့မရတော့ဘူးဦးရဲ့"

"အေး. . . ထားပါတော့။ နှနဲ့နကိုကြည့်ရအောင်"

"ဟုတ်ကဲ့၊ အိပ်ရာကနှိုးလို့နိုးသွားတယ်၊ ရေထဲနှစ်လိုက်လို့နစ်သွားတယ်ပေါ့ ဦး"

"ဟုတ်ပြီ။ ရေနဲ့နှူးလို့ နူးသွားတယ်။ တိုင်ကိုနှဲ့လို့ နဲ့သွားတယ်၊ ထမင်းနှပ်လို့ နပ်သွားပြီပေါ့ကွာ"

"နှိမ့်လို့နိမ့်တာ နွှေးလို့နွေးတာလည်းပါမှာပေါ့"

"အေး. . . ရေကိုနှောက်လိုက်တော့ နောက်တာပေါ့။ ဒီအတွဲမှာ စကားလုံးတော်တော်များသားပဲ။ ကဲ မှနဲ့မ အတွဲကရော"

"အင်း. . . အပေါ်ကိုမြှောက်လို့ မြောက်သွားတာ၊ ရေထဲမြှုပ်လို့ မြုပ်သွားတာပါမှာပေါ့နော် ဦး"

"ဟုတ်တယ်၊ ပစ္စည်းတွေကို မှလိုက်လို့ မွသွားတယ်။ မျှောလို့ မျောတယ်၊ မြှင့်လို့မြင့်တယ်၊ မီးမြှိုက်လို့မီးမြိုက်သွားတယ်ဆိုတာတွေ အသုံးများပါတယ်"

"ဟုတ်ကဲ့ပါ။ လှနဲ့လကရောဦး"

"လှန်လို့လန်တယ်၊ လှဲလို့လဲတယ်၊ လှန့်လို့လန့်တယ်၊ လှိမ့်လို့ လိမ့်တယ် ဆိုတဲ့အတွဲတွေ ရှိတာပေါ့"

"လွှတ်လို့လွတ်တယ်၊ လွှင့်လို့လွင့်တယ်ပေါ့နော်ဦး"

"ဟုတ်ပါတယ်။ လျှော့လို့လျော့တယ်ကျတော့ အသံပြောင်းသွားတယ်လေ။ မင်းသတိထားမိမှာပေါ့"

"ရေးရင် လျှော့-လျော့လို့ရေးပေမယ့် အသံထွက်တော့ 'ရှော့-ရော့' လို့ ထွက်တယ်မဟုတ်လားဦး"

"ဟုတ်ပါတယ်။ အဲဒီရ ဟထိုးအတွဲမှာ ရွှေ့လို့ရွေ့တာလည်း ပါတာပေါ့။ တစ်လုံးတလေပဲတွေ့တာမို့ အတွဲထဲထည့်မပြောတာပါ"

"လှုပ်လို့လုပ်တယ်ဆိုတာရော ပါနိုင်သလား ဦး"

"အေး. . . ပွင့်အောင်လုပ်တာကို လှုပ်တယ်လို့သုံးတယ်၊ အိုးအဖုံးကို လှုပ်ကြည့်တယ်ဆိုတာမျိုးပေါ့။ လပ်ကတော့ပွင့်သွားတာပေါ့"

"ဟုတ်ကဲ့ဦး"

"အေး လှည့်တာနဲ့ လည်တာလည်း အပြုနဲ့အဖြစ် ဆက်သွယ်မှုရှိပါတယ်။ အောက်မြစ်ပါတာနဲ့မပါတာ အသံချင်းတော့မတူဘူးပေါ့ကွာ"

"ဟုတ်တယ်နော်ဦး"

"ဝ ဟထိုးအတွဲတစ်ခုလည်းရှိတယ်။ ဝှေ့နဲ့ဝေ့လေ။ လည်အောင်လုပ်တာကို ဝှေ့တယ်လို့သုံးတယ်မဟုတ်လား။ စာရွက်ကိုလက်ထဲမှာကိုင်ပြီး ဝှေ့နေတယ်ဆိုတာမျိုးပေါ့။ အဲ. . ဝေ့ကတော့ လည်သွားတာပေါ့ကွာ။ လေကဝှေ့လိုက်တော့ သစ်ရွက်တွေဝေ့ပြီး လည်သွားတယ်ဆိုတာမျိုးပေါ့။ သိပ်တော့ အသုံးမတွင်လှဘူးလေ။ စဉ်းစားမိသမျှပြောပြတာပါ။ ဒီတော့ မြန်မာစကားလုံးတွေမှာ နောက်ကဟသံပါတာဖြစ်ဖြစ်၊ ရှေ့က ဟသံပါတာဖြစ်ဖြစ် ဟသံပါတဲ့ဗျည်းနဲ့ မပါတဲ့ဗျည်းဟာ အပြုကြိယာနဲ့ အဖြစ်ကြိယာအဖြစ်လည်း အဓိပ္ပာယ်ချင်းဆက်စပ်နေတယ်ဆိုတာ စနစ်တစ်ခုအဖြစ် အခိုင်အမာရှိနေတယ်လို့ ခုလိုကြုံကြိုက်တုန်း ပြောပြရတာပါကွယ်"

"အများကြီး ကျေးဇူးတင်ပါတယ် ဦးရယ်" ။

(၆၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်အစိုးရ၏ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီ ဆောင်ရွက်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

သန်းခေါင်စာရင်းကောက်ယူရေးသင်တန်းဖွင့်

ရန်ကုန် မတ် ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၉ နာရီက အမှတ်(၂) အလယ်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်း ကောက်ယူရေး ကော်မတီအတွင်းရေးမှူး ဦးကြည်လင်းက လူတန်းစားအလွှာ ပေါင်းစုံ၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာများကို တိကျမှန်ကန်သော စာရင်းဇယားများ၊ အချက်အလက်များရရှိရေးအတွက် ခရိုင်အဆင့် နည်းပြသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ပညာရေးဝန်ထမ်း ၂၇၀၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ အထောက်အကူပြုအဖွဲ့ ၃၈ ဦး၊ သင်တန်းအုပ်ချုပ်သူနည်းပြ ၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၀ ရက်အထိ ဖြစ်သည်။

(သတင်းစဉ်)

ဗဟိုအမျိုးသမီးဆေးရုံကြီး မန္တလေး၌ သားပျက်သားလျှော ပြုစုကုသခြင်းသင်တန်းဖွင့်

မန္တလေး မတ် ၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနစိတ်၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းဖြစ်သော Ipas အဖွဲ့နှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ သားပျက်သားလျှော ပြုစုကုသခြင်းဆိုင်ရာသင်တန်းကို မတ် ၃ ရက်မှ ၇ ရက်အထိ မန္တလေးမြို့ လမ်း ၃၀ ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ သင်တန်းခန်းမ၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပျော်ဘွယ်၊ ရမည်းသင်း၊ သာစည်၊ မိတ္ထီလာမြို့နယ်တို့နှင့် မန္တလေးဗဟိုအမျိုးသမီးဆေးရုံတို့မှ သင်တန်းသား စုစုပေါင်း ၂၀ တို့က ငါးရက်ကြာသင်တန်း တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသားများသည် မိမိတို့မြို့နယ်ဌာနများတွင် သားပျက်သားလျှောလူနာများကို ပြုစုကုသနိုင်ရန်အတွက်နှင့် သင်တန်းများကိုလည်း ဆက်လက်ပို့ချဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်း၊ အနောက်ပိုင်းခရိုင်သာသနာ့ နုဂ္ဂဟအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲကို တပေါင်းလဆန်း ၃ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ထူးဆန်းပြည့်စုံမ္မာရုံ (ချောင်းဝကျောင်းတိုက်)၌ ကျင်းပရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသကြီး သာသနာ့နုဂ္ဂဟ အသင်း ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ သီရိသုဓမ္မမဏိဇောတရေ ဦးကျော်ခင်မြင့်၊ အနောက်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာ ဦးကျော်စိန်၊ အနောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ(၁)၊ လှိုင်မြို့နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဦးခင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

အကြံပြုချက်နှင့် ဥပဒေကြမ်းများဖိတ်ခေါ်ခြင်း

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊မတ်လ ၈ရက်

၁။ နိုင်ငံတော်သမ္မတရုံးက ၇-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၁၆ ဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းများရေးဆွဲရန် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ အဆိုပါဥပဒေကြမ်းများကို ပြည့်စုံစွာရေးဆွဲနိုင်ရေးအတွက် ရဟန်းရှင်လူပြည်သူများ ပေးပို့သော အကြံပြုချက်များနှင့် ဥပဒေကြမ်းများကို ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်အနေဖြင့် လက်ခံရယူလိုပါသည်။ ဥပဒေကြမ်းရေးသားပြုစုနေစဉ် ဘာသာရပ်ကျွမ်းကျင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကိုလည်း လိုအပ်သလို ဖိတ်ခေါ်၍ အကြံဉာဏ်များ ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာ ဥပဒေကြမ်းများရေးဆွဲနိုင်ရေးအတွက် အကြံပြုချက်များနှင့် ဥပဒေကြမ်းများကို ၃၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ရက်နေ့မတိုင်မီ "ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်) အတွင်းရေးမှူး၊ ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် (၂၅)၊ နေပြည်တော်"ထံ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၆၇-၄၀၄၁၀၆ သို့ဖြစ်စေ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အတွင်းရေးမှူး
ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် စည်းဝေး

နေပြည်တော် မတ် ၈

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို မတ် ၇ ရက် နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း)နှင့် အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၈

ဂျာမနီနိုင်ငံ Hanns Seidel Foundation က ကြီးမှူးကျင်းပသည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် Hanns Seidel Foundation မှ Director of the Institute for International Cooperation ဖြစ်သူ Dr. Susanne Luther တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် ၅၀ နှင့် Hanns Seidel Foundation မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို မတ် ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မီနီဘတ်စ်များ အစားထိုးပြေးဆွဲပြီ

ရန်ကုန် မတ် ၈

ကားဟောင်းအပ်ကာ ကားသစ်သွင်းစနစ်ကျင့်သုံးလာရာမှ ယနေ့ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခရီးသည်လိုင်းတွင် ဟိုင်းလပ်၊ ပါပလေကာ၊ နစ်ဆန်းကားတို့အစား မီနီဘတ်စ်များကို အစားထိုးပြေးဆွဲနေကြပြီဖြစ်သည်။

တပ်ဆင်ထား

ပြေးဆွဲလျက်ရှိသော ကားလတ်လိုင်းကားများတွင် မီနီဘတ်စ်အစားထိုး သုံးစွဲလာသောကားများ၌ လိုင်းအမှတ်(၃) အဲကွန်းမီနီဘတ်စ်များလည်း ပါရှိသည်။ အဆိုပါအဲကွန်းမီနီဘတ်စ်များတွင် ခရီးသည်များ အပန်းဖြေနိုင်ရန် တီဗွီလည်းပြသထားသကဲ့သို့ လုံခြုံရေးအတွက် CCTV ကင်မရာ တပ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။

အမှတ်(၃) ကားလိုင်းတွင် အလုံ-ရွှေတိဂုံ-မင်္ဂလာဈေးအထိ (၃) အစိမ်းလိုင်း၊ ဗဟိုအမျိုးသမီးဆေးရုံ-ခုံးထိပ်-လှည်းတန်း-တောင်ဥက္ကလာအထိ (၃)အဖြူလိုင်းနှင့် သီရိမင်္ဂလာဈေးသစ် -ကြည့်မြင်တိုင်ညဈေး-မြေနီကုန်း-ရွှေတိဂုံ -ဆောက်လုပ်ရေးအထိ (၃)အဝါလိုင်းတို့ဖြင့် လိုင်းသုံးလိုင်း ပြေးဆွဲလျက်ရှိသည်။

မြို့တွင်းပြေးဆွဲနေသည့် လိုင်းသစ်ဖြစ်သော အမှတ်(၅၄)လိုင်းသစ်အဲကွန်းဘတ်စ်ကားမှာ အလုံ-ရွှေတိဂုံ-လမ်း(၃၀)ကို ပြေးဆွဲနေကြောင်း သိရသည်။

ခင်ချိုဝင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
နေပြည်တော်

တင်ဒါခေါ်ယူခြင်းကိစ္စ

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန အောက်ပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **Hybrid IP PBX System (Co3+Ext:16)**

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၃-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြုစစ်ရေးပြတပ်ခွဲအတွက် ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်စဉ်။ (သတင်းစဉ်)

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြုစစ်ရေးပြတပ်ခွဲအတွက် ငွေလှူ

နေပြည်တော် မတ် ၈

မတ် ၂၇ ရက်တွင် ကျင်းပမည့် (၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲအတွက် ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၇ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့ချီးမြှင့်သည့် ငွေကျပ်သိန်း ၃၀ ကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ချီးမြှင့်သည့် ငွေကျပ်သိန်း ၃၀ ကို အသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားပြုစစ်ရေးပြတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကျန်းမာရေးလုပ်ငန်းဥပဒေအရ လိုင်စင်မဲ့ပုဂ္ဂလိကဆေးရုံကို ပယ်ဖျက်

နေပြည်တော် မတ် ၈

ကျန်းမာရေးဝန်ကြီးဌာန ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက စနစ်တကျပါဝင်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီးစည်းကမ်းချက်များနှင့်အညီ လိုင်စင်ထုတ်ပေးနေသကဲ့သို့ လိုင်စင်ရရှိသူက ဥပဒေပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း ရွှေပိတောက်ရိပ်မွန်ရှိ ရွှေပိတောက်ဆေးရုံ၌ မြန်မာနိုင်ငံဆေးကောင်စီ၏ ကန့်သတ် ဆေးကုသခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားသားဆရာဝန်များက ဆေးကုသနေကြောင်း စိစစ်တွေ့ရှိချက်အရ ယင်းဆေးရုံလိုင်စင်ရရှိသူအနေဖြင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ပါ လိုင်စင်စည်းကမ်းချက်များနှင့် မညီညွတ်ကြောင်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့က စစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဃ) အရ ၂၈-၂-၂၀၁၆ ရက်တွင် ရွှေပိတောက်ဆေးရုံ လိုင်စင်ကို ပယ်ဖျက်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လာရောက်လေ့လာ

နေပြည်တော် မတ် ၈

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမခြောက်ဦး ဦးဆောင်သော ကျောင်းသားကျောင်းသူ ၁၁၆ ဦးတို့ပါဝင်သည့် အဖွဲ့သည် မတ် ၇ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်သို့ လာရောက်လေ့လာကြသည်။

ရှင်းလင်းဆွေးနွေး

ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ အပါအဝင် တရားရေးအရာရှိ ၂၈ ဦး တက်ရောက်ခဲ့ပြီး တာဝန်ရှိသူများက ခေတ်အလိုက် တရားစီရင်ရေးသမိုင်းကြောင်းနှင့် အခြေခံမူများ၊ တိုးတက်ပြောင်းလဲလာသော တရားစီရင်ရေးကဏ္ဍကို ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

လူမှုစီးပွားဘဝလိုအင်များ မြင့်မားလာမှုတို့ကြောင့် သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုများ ပမာဏကြီးမားလာခဲ့ပါကြောင်း၊ သဘာဝသယံဇာတများကို ဂေဟစနစ်ထိခိုက်စေသည့် နည်းလမ်းများဖြင့် မတန်တဆ ထုတ်ယူပြီး လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်နေမှုသည် သယံဇာတကုန်ခန်းခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထာဝရပျက်စီးစေခြင်းဆီသို့ ဦးတည်လျက်ရှိသည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် UNEP က ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ကျွန်ုပ်တို့၏ ကမ္ဘာမြေစာတမ်းတွင် ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် မြေပေါ်မြေအောက် သယံဇာတများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအလွန်တရာ နည်းပါးလှသည့် မိရိုးဖလာနည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခဲ့ပါကြောင်း၊ သို့ရာတွင် ယခုအခါ အခြားနိုင်ငံများကဲ့သို့ပင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များအရ ခေတ်မီစက်ယန္တရားနှင့် နည်းစနစ်များကို အသုံးပြုလာခဲ့ကြပါကြောင်း။

ဒေသစီးပွားဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကိုရည်စူးလျက် သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သစ်တောကဏ္ဍ၊ မွေး/ရေကဏ္ဍ စသည့်ကဏ္ဍအလိုက်မှာရှိသော သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် သယံဇာတထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ သဘောထားမှတ်ချက်ရယူပြီး စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထုတ်လုပ်နိုင်သည့် ကျွမ်းကျင်မှုနည်းပညာ၊ ငွေကြေးအရင်းအနှီးပေါ်မူတည်ပြီး စီးပွားဖြစ်ချုပ်ဆိုခွင့်ပြုခြင်း၊ လက်လုပ်လက်စား ခွင့်ပြုခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခွင့်ပြုရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ရန်နှင့် မလွှဲမရှောင်သာထိခိုက်မှုများကို ပြန်လည်ကုစားပေးရန် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်းကမ်းချက်များ သတ်မှတ်ပေးခဲ့ပါကြောင်း။

ရွှေနှင့်အခြားဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခွင့်နှင့် ပတ်သက်၍ ဓာတ်သတ္တုထုတ်ယူမည့် မြေစီမံခန့်ခွဲမှုအပေါ်မူတည်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်များရယူပြီး သတ္တုတွင်းဝန်ကြီးဌာနက စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ရွှေနှင့်အခြားဓာတ်သတ္တုအမျိုးမျိုး တူးဖော်ခွင့်ရရှိသူအများစုမှာ သတ်မှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိကြဘဲ တူးဖော်ထုတ်လုပ်ရာမှာ မူလခွင့်ပြုချက်တွင်မပါရှိသော စက်ယန္တရားကြီးများ အသုံးပြုလာကြသကဲ့သို့ ရွှေထွက်ရှိရာဒေသများ၏ မြစ်ရိုးတစ်လျှောက်တွင် စည်းမဲ့ကမ်းမဲ့ တူးဖော်မှု၊ တရားမဝင် တူးဖော်မှုများ လုပ်ကိုင်လာကြသည်ကို တွေ့ရှိလာရပါကြောင်း၊ အလားတူပင် ရေနံလက်ယက်တွင်းများ တူးဖော်ရေးနှင့် ပတ်သက်၍လည်း လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ပြီး ချမှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝန်ခံကတိပြုကြသည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများကိုလည်း ရေနံလက်ယက်တွင်းတိမ်များ တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်အား သက်ဆိုင်ရာမြေအသုံးချခွင့် စီမံဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းများ၏ သဘောထားရယူပြီး စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိပါကြောင်း။

သို့ရာတွင် တရားမဝင် ရေနံလက်ယက်တွင်းများ တူးဖော်မှုများကိုလည်း တွေ့ရှိနေရသကဲ့သို့ ခွင့်ပြုထားသည့် လုပ်ငန်းများမှလည်း စနစ်တကျ တူးဖော်လုပ်ကိုင်ဆောင်ရွက်မှုမပြုကြသည်ကို တွေ့ရှိနေရပါကြောင်း။

ဤကဲ့သို့ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် သစ်တောသစ်ပင်များပျက်စီးခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ရေအရည်အသွေးနိမ့်ကျပျက်စီးခြင်း၊ ဓာတုပစ္စည်းပါဝင်မှု ပိုမိုများပြားလာခြင်း၊ လေထုညစ်ညမ်းစေခြင်း၊ မြစ်ချောင်းများအတွင်းသို့ သဲ၊ နုန်းပို့ချမှုကြောင့် ရေကြောင်းသွားလာရေးထိခိုက်ခြင်း၊ သဘာဝတောတွင်းတိရစ္ဆာန်များနှင့် မြစ်ချောင်းများအတွင်း ရေနေသတ္တဝါမျိုးစိတ်များ ပျက်သုဉ်းခြင်း စသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအား မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ တစ်ဆက်တည်းမှာပင် ဒေသခံပြည်သူများ၏လူမှုဘဝများအပေါ် ထိခိုက်နစ်နာမှုများလည်း ကြုံတွေ့လာရပါကြောင်း။

ထိခိုက်နစ်နာမှုများနှင့် ပတ်သက်၍ ပြည်တွင်း/ပြည်ပ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၊ မီဒီယာများက ဝေဖန်ထောက်ပြမှုများကို ဖြေရှင်းဆောင်ရွက်ပေးနေရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများ တည်ထောင်ခြင်း၊ ရွှေနှင့်အခြားဓာတ်သတ္တုအမျိုးမျိုးတူးဖော်ထုတ်လုပ်ခြင်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

များ၏ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိရေးအတွက် စိစစ်ခွင့်ပြုပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်ကြသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများကပါ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

စီးပွားရေးနယ်ပယ်နှင့် လူမှုရေးနယ်ပယ်အကြား မျှတစွာ အကျိုးခံစားရမှု၊ စီးပွားရေးနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ်အကြား တွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်နှင့် လူမှုရေးနယ်ပယ်အကြား ခံနိုင်ရည်ရှိမှုတို့ဖြင့် ပြည့်စုံမှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီ ထိန်းညှိဆောင်ရွက်ပေးသွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများပါဝင်လာအောင်စည်းရုံးဆောင်ရွက်သွားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊ စက်မှု လက်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဥပဒေများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်များနှင့်အညီ ကိုက်ညီအောင် ပြင်ဆင်ရန်ဟူ၍ မူဝါဒချမှတ်ပေးခဲ့ပါကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ "ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထာဝစဉ်ထားရှိရမည်"ဟုလည်း မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ (၁၉၉၄) တွင်ဖော်ပြထားပါကြောင်း၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျ ပေါင်းစပ်သွားနိုင်ရန် မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ၂၁ ရာစု အစီအစဉ် (Myanmar Agenda 21) ကိုလည်း ၁၉၉၇ ခုနှစ်တွင် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန် သစ်တောရေးရာဝန်ကြီးဌာနအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဥပဒေနှင့်အညီ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုလည်း ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုထားပြီးဖြစ်သည့်အတွက် မကြာမီ ထုတ်ပြန်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းမှာ ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်နေပြီး သက်ဆိုင်သည့်လုပ်ငန်းကဏ္ဍများအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားပြီး ဖြစ်ပါကြောင်း။

မိမိတို့ အမှီသဟဲပြုနေကြရသည့် သဘာဝပတ်ဝန်းကျင်နှင့် ယင်းသဘာဝပတ်ဝန်းကျင်၏ ဂေဟစနစ်ဝန်ဆောင်မှုများမှာ မိမိတို့၏ဘိုးဘွားများမှ အမွေကောင်းအဖြစ် လက်ဆင့်ကမ်းပေးသွားကြသဖြင့်သာ မိမိတို့အနေနှင့် ယနေ့အချိန်အခါမှာ အကျိုးရှိရှိ အသုံးပြုခံစားနေနိုင်ကြခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မိမိတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို အခုလက်ရှိအချိန်တွင် အကျိုးရှိရှိအသုံးပြုကြရန်လိုအပ်သကဲ့သို့ မိမိတို့၏သားစဉ်မြေးဆက်ထံသို့ ကောင်းမွန်သန့်ရှင်းသည့် မြေ၊ ရေ၊ လေ၊ စားနပ်ရိက္ခာ၊ တောတောင်များ ဆက်လက်ဖန်တီးပေးမည့် သဘာဝပတ်ဝန်းကျင်အမွေကောင်းများကို လက်ဆင့်ကမ်းပေးနိုင်ရန် အထူးတာဝန်ရှိပါကြောင်း။

သယံဇာတပစ္စည်းများ ဥပဒေမဲ့၊ တရားမဝင် ထုတ်လုပ်နေမှုများကို ရှာဖွေဖော်ထုတ်အရေးယူသွားရန် လိုအပ်သလို တရားဝင်ခွင့်ပြုထားသည့် လုပ်ငန်းများကိုလည်း သတ်မှတ်စည်းကမ်းချက်များအား လိုက်နာစေရေး စောင့်ကြည့်၊ ကြပ်မတ်အရေးယူသွားရမှာဖြစ်ပါကြောင်း၊ ထိရောက်ပြီး အလုံးစုံလွှမ်းခြုံနိုင်သော သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ် (Comprehensive Environmental Management System) လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းရေး၊ ရေရှည်ဖွံ့ဖြိုးမှု၊ ကျန်းမာရေးကာကွယ်မှု၊ ဘေးအန္တရာယ်လျှော့ချမှု၊ ညစ်ညမ်းမှုတားဆီးရေးရည်မှန်းချက်များ ချမှတ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဖြင့်လိုက်နာစေခြင်း၊ ဈေးကွက်အခြေခံမက်လုံးများဖြင့် စည်းရုံးခြင်း၊ ဥပဒေစည်းမျဉ်းများဖြင့် ထိန်းကျောင်းခြင်းစသည့် စီမံခန့်ခွဲရေး ချဉ်းကပ်မှုများဖြင့် အကောင်အထည်ဖော်သွားရန်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုများအား ထိရောက်စွာ ကာကွယ်ပေးနိုင်မည့် ဥပဒေများဖြစ်အောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန် လိုအပ်သလို ဥပဒေအာဏာစက်သက်ရောက်အောင်လည်း ကြပ်မတ်အရေးယူရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီး အထက်တွင်ဖော်ပြခဲ့သည့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်အတိုင်း လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေနှင့် အခြားဓာတ်သတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအခြေအနေ၊ ထိခိုက်ပျက်စီးမှုလျှော့ချရေး အကောင်အထည်ဖော်လုပ်ဆောင်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ e-Government နှင့် Mobile Money လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အကူအညီပေးနိုင်မည့်အခြေအနေများဆွေးနွေး

နေပြည်တော် မတ် ၈

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် ကမ္ဘာ့မိုဘိုင်း ဆက်သွယ်ရေးညီလာခံသို့ GSM Association ၏ ဖိတ်ကြားမှုဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း ဦးဆောင်ပြီး အဖွဲ့ဝင်ရှစ်ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Mobile World Congress Ministerial Program များသို့ တက်ရောက်ခဲ့ကြသည်။

GSM Association ၏ အစီအစဉ်ဖြင့် နှစ်စဉ်ကျင်းပသည့် Mobile World Congress သည် ကမ္ဘာတစ်ဝန်း မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများ၊ စက်ပစ္စည်းရောင်းချသူများ၊ နည်းပညာကုမ္ပဏီများ၊ အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်လေ့ရှိသည့် ညီလာခံတစ်ခုဖြစ်ပြီး ယခုနှစ်ညီလာခံသို့ နိုင်ငံပေါင်း ၂၀၁ နိုင်ငံမှ စုစုပေါင်း ၈၅၀၀၀ ခန့် တက်ရောက်ခဲ့သည်။

Mobile World Congress ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ဘဏ်အဖွဲ့၊ International Finance Corporation (IFC) နှင့် GSMA အဖွဲ့အစည်းတို့မှ တာဝန်ရှိသူတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနှင့်အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ e-Government နှင့် Mobile Money လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အကူအညီပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် Cherie Blair Foundation for Women ဥက္ကဋ္ဌ Ms. Cherie Blair နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြန်မာအမျိုးသမီးများအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အခြေအနေများ၊ Blair Foundation မှ ယင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

လန်ဒန်အခြေစိုက် Cherie Blair Foundation for Women အား ၂၀၀၈ ခုနှစ်တွင် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း Tony Blair ၏ဇနီး Cherie Blair က ဦးဆောင်၍ တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အမျိုးသမီးလုပ်ငန်းရှင်များကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ လိုအပ်သည့်နည်းပညာ အကူအညီများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလိုင်စင်ရရှိထားသည့် အော်ပရေတာများမှတစ်ဆင့် မြန်မာအမျိုးသမီးဦးရေ ၃၀၀၀၀ ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသွားမည့်အပြင် မြန်မာအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များကိုလည်း လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

Mobile World Congress သို့ တက်ရောက်ခဲ့ကြသည့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ် (အိုင်တီယူ)ရုံးချုပ်သို့သွားရောက်ကာ အိုင်တီယူ အထွေထွေအတွင်းရေးမှူးချုပ် Mr. Hamadoun I.Toure၊ **(အပေါ်ဝဲပုံ)** အိုင်တီယူ၏အရွေးချယ်ခံ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် အိုင်တီယူမှ ဘက်ပေါင်းစုံ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်၏အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်၍ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေပြီး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် ဥပဒေများဖြစ်ရေး ကြိုးပမ်းဆောင်ရွက်နေ

ပြည်တွင်းသတင်း

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မတ် ၈ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ စိုက်ပျိုးရေးသုတေသနခြံခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သာယာဝတီ၊ မိုးညို၊ လက်ပံတန်းမြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရန်နှင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် သက်ဆိုင်ရာ အဖွဲ့အသီးသီး၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်မည်ဟူသော ရည်မှန်းချက်ချမှတ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၌လည်း အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်အရ ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ရွေးကောက်ပွဲရလဒ်များကိုမူတည်ကာ လွှတ်တော်များ ဖွဲ့စည်းခဲ့ပါကြောင်း၊ လွှတ်တော်က အုပ်ချုပ်ရေးအဖွဲ့၊ တရားရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများကို တာဝန်ပေးရွေးချယ်ခဲ့ပါကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ထူထောင်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးအတွက် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှစတင်၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုအခါ လွှတ်တော်သက်တမ်း သုံးနှစ်ပြည့်ခဲ့ပြီး လာမည့် မတ် ၃၁ ရက်တွင် အစိုးရသက်တမ်းသုံးနှစ်ပြည့်မည်ဖြစ်ပါကြောင်း၊ ပါတီစုံ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခဲ့သည့် သုံးနှစ်ကျော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှု မည်မျှဆောင်ရွက်နိုင်ခဲ့ပြီကို ပြန်ကြည့်ရန်လိုကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအရ ကျေနပ်မှုရှိမည်ဖြစ်သော်လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ပြည်သူများအတွင်း၌ ထူးထူးခြားခြား ပြောင်းလဲမှုမရှိသေးဟု သုံးသပ်မှုများရှိမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ရည်မှန်းချက်အတိုင်း ကြိုးပမ်း ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သက်တမ်း သုံးနှစ်အတွင်း လွှတ်တော်ဆိုင်ရာဆောင်ရွက်ချက်များကို သုံးသပ်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော်၌ ဥပဒေပေါင်း ၈၄ ခုကိုပယ်ဖျက်၊ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး လက်ရှိတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ဥပဒေပေါင်း ၆၀ကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများက ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်၍ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေပြီး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် ဥပဒေများဖြစ်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ တရားမျှတပြီး အားလုံးလိုက်နာနိုင်သော ဥပဒေများဖြစ်ရေးကို ရှေးရှုလုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတကာက ကျင့်သုံးသည့်ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရသကဲ့သို့ ဥပဒေပြဋ္ဌာန်းရေးနှင့် ပတ်သက်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရပါကြောင်း။

လွှတ်တော်အတွင်း၌ အဓိကဦးတည်ချက်(၃) ရပ် ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းမှုဖော်ဆောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်အတွင်း၌ ပါတီ ၁၉ ခုမှ ကိုယ်စားလှယ်များ ရှိပါကြောင်း၊ အသီးသီးသော ပါတီများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသော ကောင်းမြတ်သည့် ရည်မှန်းချက်ရှိကြကြောင်း၊ ပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်ကဲ့သို့ သဘောထားရမှာဖြစ်ကြောင်း၊ ငါနှင့်မတူ ငါ့ရန်သူဟု သဘောထားပြီးဆောင်ရွက်ပါက အတိတ်ကကဲ့သို့ဖြစ်ရပ်များ ပေါ်ပေါက်လာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများသည် တရားမျှတပြီး နိုင်ငံသားများ လက်တွေ့လိုက်နာနိုင်သည့် ဥပဒေများဖြစ်ရန်လိုကြောင်း၊ ဥပဒေကို မလိုက်နာနိုင်ပါက တရားဥပဒေစိုးမိုးမှုရှိမှာမဟုတ်ကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေရမှာဖြစ်ပြီး အမှန်တကယ် ကိုင်တွယ်ကျင့်သုံးမှု ရှိ/မရှိ၊ ပြည်သူများက လိုက်နာမှု ရှိ/မရှိ စောင့်ကြည့်ရမည် ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို လက်ရှိအနေအထားအရ အသင့်လျော်ဆုံးသူများဖြစ်အောင် ဖွဲ့စည်းပေးထားကြောင်း၊ ထို့ပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများကိုလည်း ဖွဲ့စည်းပေးထားပါကြောင်း၊ အောက်ခြေပြည်သူများကိုယ်စား မြို့နယ်စီမံခန့်ခွဲရေးကော်မတီများက မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များကလည်း ပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိရပ်ကွက်၊ မိမိကျေးရွာ၊ မိမိတို့မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်မှာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ စီမံခန့်ခွဲရေးကော်မတီနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စေတနာကောင်းဖြင့် ဖွဲ့စည်းပေးထားသည့် စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် ပြည်သူအပေါ် သစ္စာရှိရန်လိုအပ်သကဲ့သို့ အစိုးရအဖွဲ့အပေါ် သစ္စာရှိရန်လိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲရေး ကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များက တာဝန်ကျေပွန်စွာဖြင့် အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လက်ပံတန်းမြို့နယ်၊ သာယာဝတီမြို့နယ်၊ မိုးညိုမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအဆင့်က လုပ်ပေးရမည့် ကိစ္စ၊ ပြည်ထောင်စုအစိုးရအဆင့်က လုပ်ပေးရမည့် ကိစ္စဟူ၍ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်လိုက်သည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀သည် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအစိုးရ၏ စီမံကိန်းများ၌ မပါဝင်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက ကွပ်လပ်ဖြည့်သည့် သဘောမျိုးဖြစ်ကြောင်း၊ ယနေ့တင်ပြချက်များကို တာဝန်ရှိသူများက မှတ်သားပြီး ပြင်သင့် ပြင်ထိုက်သည့် ကိစ္စရပ်များကို လုပ်ဆောင်သွားရန်လိုကြောင်း၊ ယနေ့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ပြည်သူဗဟိုပြုဆောင်ရွက်လျက်ရှိရာ တက်ရောက်လာကြသူများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ မှန်ကန်သည့်စေတနာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကျင်းပ

ရန်ကုန် မတ် ၈

၂၀၁၄ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ အလုံမြို့နယ် အထက(၄) သီရိရတနာခန်းမ၌ မတ် ၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်သုံးဦးက အလှူငွေကျပ်ကိုးသိန်းကို ပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုများကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်လှမြင့်က ဗီဒီယိုဆလိုက်ပရိုဂျက်တာဖြင့် ပြသရှင်းလင်းပြောကြားကာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အောင်သန်း (မင်္ဂလာတောင်ညွန့်)

◆ *ရွှေဖုံးမှ*

မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးအောင်မျိုးထိုက်က ပြောကြားသည်။

ကမ္ဘာတွင် အလှမွေးငါးမျိုးစိတ်များစွာရှိသော်လည်း ထူးခြားသည့် အလှမွေး ငါးမျိုးစိတ်များဖြစ်သည့် ဒေါင်းငါး၊ ရွှေနှင်းဆီ၊ ပုလဲငါးမျိုးနှင့် တိုက်ဂါးငါးမျိုးတို့မှာ ခြင်နှင့်ခြင်ဖြစ်စေနိုင်သည့် ပိုးလောက်လမ်းတို့ကို အများဆုံး စားသောက်ဖျက်ဆီးကြသဖြင့် အဆိုပါငါးမျိုးများကို နိုင်ငံအများစု၌ တွင်ကျယ်စွာ မွေးမြူလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း ခြင်အန္တရာယ်ကြောင့် ဖြစ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့်ဆက်စပ်ရောဂါများကို ကာကွယ်သည့်အနေဖြင့် လာမည့်ကျောင်းဖွင့်ရာသီတွင် မြန်မာနိုင်ငံ အလှမွေးငါးလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံပြီး ကျောင်းသား ကျောင်းသူများ ခြင်အန္တရာယ်ကြောင့် ရောဂါမဖြစ်စေရန် ကြိုတင်ပြင်ဆင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခြင်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည့် အလှမွေးငါးမျိုးစိတ်များဖြစ်သည့် ဒေါင်းငါး၊ ရွှေနှင်းဆီနှင့် ပုလဲငါးမျိုးတို့မှာ တစ်ကောင်ငွေကျပ် ၂၀၀ မှ ၅၀၀ အထိရှိပြီး အလှမွေးငါးမျိုးစိတ်များထဲတွင် ရောင်းအားမြင့်လျက်ရှိကြောင်း အလှမွေးငါးရောင်းဝယ်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။ မြန်မာနိုင်ငံတွင် ဒုတိယမြောက် အလှမွေးငါးပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး ယခုလာမည့် မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကန်တော်ကြီး ရေချိုငါးဥယျာဉ် အလှမွေးငါးလုပ်ငန်းရှင်များအသင်း သောကြာငါးဈေးတန်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကာတွန်းပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၈

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းကကြီးမှူး၍ ကာတွန်းပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအဝင်အဆင့်အနေဖြင့် အထက်တန်းအဆင့်၊ တက္ကသိုလ် / ကောလိပ်အဆင့်နှင့် အလွတ်တန်းအဆင့်ဟူ၍ အဆင့်သုံးမျိုးခွဲ၍ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များအနေဖြင့် အသုံးပြုရမည့် စာရွက်အရွယ်အစား A3၊ မင်-ရေဆေး(color)၊ တစ်ဦးလျှင် အများဆုံး ပေးပို့နိုင်သည့် အရေအတွက် သုံးပုံ၊ နောက်ဆုံးပေးပို့ရမည့်ရက် ၃၁-၃-၂၀၁၄၊ ပေးပို့ရမည့် လိပ်စာနှင့်အချိန်၊ အမှတ်(၁၀၆) ၄၉ လမ်း (အလယ်) ပုဇွန်တောင်မြို့နယ် (တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၁၀နာရီ မှ ညနေ ၄ နာရီအထိ)၊ ဆက်သွယ်ရန် ဖုန်း ၀၉-၂၅၀၅၀၇၀၈၃၊ ၀၉-၂၅၀၅၀၇၀၈၄ တို့ဖြစ်သည်။

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ ကြိုတင်ကာကွယ်၍ရသော ကင်ဆာရောဂါများကို ကာကွယ်နိုင်ရန်၊ ကြိုတင်ကာကွယ်၍မရနိုင်သော ကင်ဆာရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိနိုင်ရန်၊ အများပြည်သူတို့ကို ကျန်းမာရေးဗဟုသုတ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကုသ၍ ပျောက်ကင်းနိုင်ခြေရှိသော ကင်ဆာလူနာများအား ကုသနိုင်ရန်အတွက် ကူညီထောက်ပံ့ပေးရန်တို့ဖြစ်ကြောင်း သိရသည်။ **(၀၀၉)**

အင်္ဂလိပ်ပရီမီယာလိဂ်

ပွဲစဉ်(၂၉)

၈-၃-၂၀၁၄

ဝက်စ်ဘရွန်း	၀-၃	မန်ယူ
ကာဒစ်ဖ်	၃-၁	ဖူလ်ဟမ်
ပဲလေ့စ်	၀-၁	ဆောက်သမ်တန်
နော့ဝှစ်	၁-၁	စတုတ်

အင်္ဂလိပ်အက်ဖ်အေဖလား

အာဆင်နယ်	၄-၁	အဲဗာတန်

ပြည်တွင်းသတင်း

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ်တည်ဆောက်မည့်မြေနေရာ၌လုပ်ငန်းဆောင်ရွက်နေစဉ် လာရောက်နှောင့်ယှက်ဟန့်တားသဖြင့် လူအချို့အား ခေတ္တခေါ်ယူထိန်းသိမ်းခဲ့ပြီး ပြန်လွှတ်ပေးခဲ့ မြေယာစွန့်ခဲ့သူအများစုအား မြေကွက်များအစားထိုးချထားပေးပြီးဖြစ်ကြောင်း သိရှိရ

နေပြည်တော် မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ်တည်ဆောက်မည့် ဧရိယာအတွင်း မတ် ၇ ရက် နံနက်ပိုင်းက လုပ်ငန်းများဆောင်ရွက်နေစဉ် လူတစ်စုက လာရောက် နှောင့်ယှက်ဟန့်တားသဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း အဆိုပါလူစုက ခဲများဖြင့် ပစ်ပေါက်သဖြင့် ခေတ္တတားဆီးခေါ်ယူထိန်းသိမ်းခဲ့ရပြီး ပညာပေးပြောဆိုဆုံးမ၍ ပြန်လွှတ်ပေးလိုက်သည့်ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါမြေနေရာမှ သဘောတူမြေယာစွန့်ခဲ့သူအများစုအား မြေကွက်များ အစားထိုးချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ မတ် ၇ ရက် နံနက်ပိုင်းက ယင်းမာပင်မြို့နယ် အုံတုံပင်ကျေးရွာ ပုသိမ်-မုံရွာကားလမ်းအနောက်ဘက် ဧရိယာအတွင်း မြေညှိစက်နှစ်စီးဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်၌ အုံတုံပင်ကျေးရွာမှ ရွာသူရွာသား ၃၀ ခန့်ရောက်ရှိပြီး လာရောက်ကန့်ကွက် ဟန့်တားနှောင့်ယှက်ခဲ့ကြောင်း၊ သို့ဖြစ်၍ အဆိုပါနေရာတစ်ဝိုက်တွင် ရဲတပ်ရင်းစုကွပ်ကဲရေးမှူး၊ ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ရင်းမှူးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ခွဲမှူးနှင့်အဖွဲ့တို့က လုံခြုံရေးဆောင်ရွက်ထားပြီး ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ထိုသို့ ဟန့်တားနှောင့်ယှက်ခြင်းမပြုရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဟန့်တားသူများက နံနက် ၈ နာရီခွဲခန့်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာတစ်ချက်စီရရှိခဲ့ကြောင်း၊ ထို့နောက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် ဟန့်တားနှောင့်ယှက်သူများက ရဲတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လာသဖြင့် ဦးဆောင်သူ ကျော်မင်း အသက်(၄၀) အပါအဝင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး ပေါင်းသုံးဦးနှင့် သံဃာတစ်ပါးတို့အား ခေတ္တတားဆီးထိန်းသိမ်းခဲ့ရကြောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ခေတ္တထိန်းသိမ်းထားသည့် အမျိုးသမီးအား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကျော်မင်းနှင့်အဖွဲ့အားလည်းကောင်း ဥပဒေအကြောင်းအရာများ ရှင်းလင်းပြောကြားပြီး ပြန်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

ယခုလုပ်ငန်းများ ဆောင်ရွက်နေသည့် မြေဧက ၁၄၂ ဒသမ ၇၈ ဧကတွင် ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ်ကွင်း အမှတ် ၅/၆ တိုးချဲ့မြေဧက ၁၂၃ ဒသမ ၆၀ ဧက အပါအဝင် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့်ပြုကြောင်း၊ ခွင့်ပြုမိန့်ရရှိထားသော မြေဖြစ်ကြောင်း သိရသည်။

မြေဧက ၁၄၂ ဒသမ ၇၈ ဧကတွင် အိမ်ဝင်းမြေကွက် ၂၉၅ ကွက်အတွက် အသုံးပြုပြီးနောက် ကျန်မြေအား ရဲတပ်ရင်းမြေအဖြစ် လျာထားဆောင်ရွက်ခဲ့ကြောင်း၊ ယင်းမြေဧရိယာနှင့်ပတ်သက်၍ စုန်ကျင်းကျေးရွာအုပ်စု အုံတုံပင်ကျေးရွာနေ ဦးဝင်းပါ ၁၆ ဦးက လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ ကူညီဖြေရှင်းပေးရန် အထက်ဌာနများသို့တင်ပြခဲ့သည့်အတွက် ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့်အဖွဲ့အား စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်စေခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဦးဝင်းပါ ၁၄ ဦးက ကန့်ကွက်သဖြင့် ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူးဦးဆောင်သော မြေယာစီမံခန့်ခွဲရေးအဖွဲ့က ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး မြေကွက်အစားထိုးပေးအပ်သောနည်း၊ မြေလျော်ကြေးငွေပေးအပ်သောနည်းများဖြင့် အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းမြေယာကိစ္စနှင့်ပတ်သက်၍ မတ် ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ရင်းစုကွပ်ကဲရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၏ ကူညီကြီးကြပ်ကွပ်ကဲမှုနှင့် ယင်းမာပင်မြို့နယ် အောင်မိုးကျေးရွာနေ မြေနေရာချထားရေးကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်လင်း၊ ဒုတိယဥက္ကဋ္ဌ ဦးပေသီး၊ အတွင်းရေးမှူး ဦးမောင်သော်၊ ဘိန်းနွယ်ချောင်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ စုန်ကျင်းမြောက်ရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်း၊ မြတ်ပေစည်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းပါအဖွဲ့က အိမ်ဝင်းမြေအဖြစ် လျာထားမြေကွက်ဖော်ထားသည့်မြေကွက် ၂၉၅ ကွက်မှ ၁၁ ကွက်အား ကျောင်း၊ ဈေး၊ ဆေးရုံ၊ ရုံးစသော အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအတွက်ချန်လှပ်ပြီး ကျန်မြေကွက် ၂၈၄ ကွက်အား သဘောတူမြေယာစွန့်လွှတ်ခဲ့သည့် တောင်သူ ၅၂ ဦးအား မဲနှိုက်စေခဲ့ရာ မြေပိုင်ဆိုင်သူတောင်သူ ၅၂ ဦးအနက် ၄၃ ဦး တက်ရောက်ခဲ့ပြီး မြေကွက်များအား မဲနှိုက်ခဲ့ကြောင်း၊ အဆိုပါမြို့သစ်မြေကွက်များမှာ အမည်ပေါက် မြေဂရန်ပါ တစ်ပါတည်းရရှိသောနေရာဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

✪ ကျောဖုံးမှ

ကမ်းလှမ်းလာခဲ့ကြောင်း သိရှိရသည်။

ဥရောပခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံကို သမိုင်းအစဉ်အလာကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်များ စစ်မှန်သော ကမ္ဘာ့အဖိုးတန်နေရာ၊ အာရှ၏ ဆွဲဆောင်မှုအရှိဆုံးနေရာ စသည့် ဂုဏ်သတင်းများဖြင့် ကမ္ဘာပေါ်ရှိ အလှဆုံးဒေသထဲမှတစ်ခုအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးစဉ်ဒေသအဖြစ် ကမ္ဘာလှည့်ခရီးသည်များအား ပိုမိုဆွဲဆောင်နိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းမြှင့်တင်ဆောင်ရွက်လိုသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါဆုကို ပေးအပ်လိုခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်အတွက် အနှစ်သက်ဆုံးယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးစဉ်ဒေသ MYANMAR FAVORITE CULTURAL DESTINATION FOR 2014 အဖြစ်လည်း ကြေညာသွားမည်ဖြစ်ပါကြောင်းလည်း အဆိုပါကမ်းလှမ်းစာတွင် ဖော်ပြပါရှိသည်။

ကမ္ဘာ့အကောင်းဆုံးခရီးစဉ်ဒေသဆု WORLD BEST TOURIST DESTINATION AWARD သည် ကမ္ဘာပေါ်ရှိ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပေးအပ်သောဆုများအနက် အမြင့်ဆုံးသောဆုတစ်ခုဖြစ်ပြီး United Nations Tourism Division၊ UNESCO၊ Europen Union Council on Tourism and Trade (ECTT) စသည့် အဖွဲ့အစည်းများမှ သတ်မှတ်ထားသော ခရီးသွားလုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏လုံခြုံမှု၊ နိုင်ငံ၏ပြယုဂ်ဖြစ်သောယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု စသည့်အချက်များကို နိုင်ငံများမှ လိုက်နာမှုအပေါ် မူတည်၍ အဆိုပါဆုအား ပေးအပ်ခြင်းဖြစ်သည်။ ဤဆုကို ၂၀၀၇ ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

ထမင်းချက်ပြုတ်ရာမှ ပေါ့ဆမှုကြောင့် နေအိမ် ၃၄ လုံး၊ ကြက်ခြံသုံးခြံ မီးလောင်ဆုံးရှုံး

စစ်တွေ မတ် ၈

စစ်တွေမြို့နယ် ဒါးပိုင်ရွာသစ် အကွက်(၄)၌ မတ် ၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က နိုရိုကော်ဘီ (၂၅ နှစ်)၏ဇနီးဖြစ်သူ မရော်ဘီကာ (၂၂နှစ်)သည် ၎င်း၏နေအိမ်တွင် ထမင်းချက်ပြုတ်ရာမှနေအိမ်သို့ မီးကူးစက်လောင်ကျွမ်းပြီး အနီးပတ်ဝန်းကျင်နေအိမ်များသို့ပါ ကူးစက်လောင်ကျွမ်းခဲ့သည်။ **(ယာပုံ)**

မီးလောင်မှု ဖြစ်လျှင်ဖြစ်ချင်း ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၁၀၀၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးစံရွှေထွန်းဦးစီးသည့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းလှိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်သုံးစီး၊ အပေါ့စားမီးသတ်စက် သုံးလုံးဖြင့်သွားရောက်ခဲ့ပြီး ယင်းကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် အပြီးသတ် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဓနိမိုး၊ ဝါးကာ၊ ကြမ်းခင်း နေအိမ် ၃၄ လုံးနှင့် ကြက်ခြံသုံးခြံမီးလောင်ကျွမ်းခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈ သိန်းခြောက်သောင်းခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် မီးလောင်ခံခဲ့ရသည့် နေအိမ်များမှ အိမ်ထောင်စု ၃၄ စု တို့ကို ၎င်းတို့၏ဆွေမျိုးများ၏ နေအိမ်များတွင် ခေတ္တနေရာချထားပေးထားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

အင်အားအနည်းငယ်ရှိ လျှော်လှုပ်

နေပြည်တော် မတ် ၈

ယနေ့ညနေ ၃ နာရီ ၅၂ မိနစ် ၁၄ စက္ကန့်အချိန်တွင် မန္တလေးမြေလျှင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၆၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပျောက်ဆုံးကြောင်း

ဦးချို၏သမီး သန်းသန်းရီ ၁၄/မအပ(နိုင်)၀၂၃၅၉၆ ၏ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၇၇၅၅၆၆

ပျောက်ဆုံးကြောင်း

ဦးယုစွမ်း၏သား ဟိန်းကို ၆/ရဖန(နိုင်)၀၆၂၂၉၅၏ နိုင်ငံကူးလက်မှတ်အမှတ် M-751226 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၁၉၂၂၀၀

၃-၃-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၈)ပါ ဒေါ်ပန်းဝေပြုံး ၁၂/တမန(နိုင်)၁၀၅၃၇၁ နှင့် ၎င်း၏ရှေ့နေ ဦးစောမြင့်ကို၊ ဒေါ်အိမွန်ခန့်၊ ဒေါ်သီမာစိုးတို့၏ ကြေညာချက်နှင့်ပတ်သက်၍

ရှင်းလင်းကြေညာခြင်း

ဦးမျိုးမင်းချို ၈/သရန(နိုင်)၀၅၁၂၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်-

ဦးမျိုးမင်းချိုမှာ လူကြီးမင်း ဒေါ်ပန်းဝေပြုံး၏ ရက္ခပူရဆောက်လုပ်ရေးကုမ္ပဏီတွင် အင်ဂျင်နီယာလုပ်ငန်းပိုင်းကို လုပ်ကိုင်ဆောင်ရွက်ရသူဖြစ်ပြီး ငွေကြေးကိစ္စများကို တာဝန်ယူဆောင်ရွက်ရခြင်းမရှိခဲ့ပါ။ ဦးမျိုးမင်းချို၏လုပ်ငန်းဆောင်ရွက်မှုများအတွက် လူကြီးမင်း၏ခင်ပွန်း ဦးလှကျော်ဝင်းမှ (Bonus) အပိုဆုငွေအဖြစ် ငွေ ၂၅၇၀၀၀၀ိ/- ကို ပေးခဲ့ခြင်းသာဖြစ်ပြီး အဆိုပါငွေကြေးများအား ဇမ္ဗူသီရိမြို့နယ်တရားရုံး ပြစ်မှုပုဒ်မ-၄၁၇အမှုမှ တရားလိုထံသို့ ဦးမျိုးမင်းချိုမှ ပေးခဲ့ခြင်းဖြစ်ပါသည်။ ဦးမျိုးမင်းချိုမှာ ရက္ခပူရဆောက်လုပ်ရေးကုမ္ပဏီတွင် ငွေကြေးကိစ္စ တာဝန်ယူရခြင်းမရှိသဖြင့် ၂၀-၁-၂၀၁၄ရက်တွင် သံဆိုင်သို့ပေးရန် ငွေကျပ်သိန်း (၁၀၀)ဆိုသည့်ကိစ္စတွင် ပတ်သက်မှုမရှိကြောင်း၊ ညီဖြစ်သူ မင်္ဂလာဆောင်အတွက် လိုအပ်ငွေ ၁၀သိန်းအား ၂၀၁၃ခုနှစ် ၁၂လပိုင်းနှင့် ၂၀၁၄ခုနှစ် ၁လပိုင်းတို့အတွက် ဦးမျိုးမင်းချိုရရန်ရှိသည့် လစာငွေများအတွက် ၂၃-၁-၂၀၁၄ရက်တွင် ထုတ်ယူခဲ့ခြင်းသာဖြစ်ကြောင်း အင်ဂျင်နီယာတာဝန်ယူရသူဖြစ်၍ ရက္ခပူရကုမ္ပဏီပိုင် ရုံးတံဆိပ်တုံးများ၊ ကုမ္ပဏီအမည်လုပ်ငန်းသုံးစာရွက်စာတမ်း၊ စာချုပ်စာတမ်းများကို ထိန်းသိမ်းရယူထားခြင်းမရှိကြောင်းနှင့် ၁၁-၂-၂၀၁၄ရက်တွင် ရက္ခပူရကုမ္ပဏီသို့ အကြောင်းကြားပြီး အလုပ်မှနုတ်ထွက်ခဲ့ခြင်းသာ ဖြစ်ကြောင်း သိစေအပ်ပါသည်။

သို့ပါ၍ လူကြီးမင်း ဒေါ်ပန်းဝေပြုံးနှင့် ဦးမျိုးမင်းချိုတို့မှာ စာရင်းရှင်းလင်းရန် မလိုအပ်ကြောင်း လူကြီးမင်းမှ ဦးမျိုးမင်းချို၏ဂုဏ်သိက္ခာကျဆင်းစေရန် ကြေညာမှုကို ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။ **ဦးမျိုးမင်းချို၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးထွေးဦး၊ LL.B အထက်တန်းရှေ့နေ (စဥ-၁၅၂၉၃)

အမှတ် ၁၄/၂၇၊ ဦးဘွားလမ်း၊ မင်္ဂလာ၊ ... ဖုန်း-၀၉-၄၃၀၁၆၆၀၈၊

Email-adepade9@gmail.com

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ အဆောက်အအုံများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ထုခွဲရောင်းချမည့် အဆောက်အအုံများ

(၁) Lot (1)

အမှတ် (၄၁၄)၊ (၃၅)လမ်း၊ ၆၃×၆၄လမ်းကြား၊ မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဌာနဝင်းအတွင်းမှ (၃၀' ×၃၂' ×၁၅')ရှိ ကားရေဆေးခုံနှင့် ၄၀'×၃၀'×၁၂'ရှိ အဆောက်အအုံဟောင်း တစ်လုံး

(၂) Lot (2)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၊ ရေပူကန့်သတ်ကုန်စစ်ဆေးရေးစခန်းရှိ (၇၃'×၄၀'×၂၂')(Mobile Steel Structure) ကုန်စစ်စင် (၂)လုံးနှင့် (၆၀' ×၁၀'×၁၆') (Mobile Steel Structure) (နှစ်ထပ်ရုံးအဆောက်အအုံ တစ်လုံး)

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၁-၃-၂၀၁၆ရက်မှ ၁၇-၃-၂၀၁၆ရက်အထိ ရုံးချိန်အတွင်းသာ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ ဝန်ကြီးဌာန၊ (ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်။

(ဃ) **တင်ဒါပိတ်မည့်ရက်** - ၁၈-၃-၂၀၁၆ရက်

(င) **တင်ဒါတင်သွင်း ဖွင့်ဖောက်မည့်အချိန်/နေရာ** - ၂၀-၃-၂၀၁၆ရက် ၁၃း၃၀နာရီ - ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃) နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင်အဆိုပြုလွှာအား တင်ဒါပုံးအတွင်းထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှဝယ်ယူမည့် အဆောက်အအုံများ၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၁၇၁ သို့ ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မျိုးစေ့ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး မျိုးစေ့ထုတ်လုပ်ငန်းများ (Seed Industry) ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက် နံနက် ၁၁ နာရီခွဲကကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရေးသည် မရှိမဖြစ်အခြေခံလိုအပ်သောသော့ချက်ဖြစ်ကြောင်း။

လူတွင်လည်းကောင်း၊ တိရစ္ဆာန်များတွင်လည်းကောင်း၊ အပင်များတွင်လည်းကောင်း၊ စိုက်ပျိုးသီးနှံများတွင်လည်းကောင်း မျိုးညံ့က အဘက်ဘက်မှ ညံ့ဖျင်းမည်ဖြစ်၍ မျိုးကောင်း၊ မျိုးသန့်များ သုံးစွဲရန် အထူးအလေးအနက်ထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်သမ္မတက မျိုးစေ့ထုတ်လုပ်ငန်းတာဝန်ကို ဝန်ကြီးဌာန၏ အဓိကတာဝန်အဖြစ် သတ်မှတ်လမ်းညွှန်ထားရှိချက်အပေါ် တောင်သူလယ်သမားများ၏ လက်ဝယ်အရောက် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ တာဝန်ပေးအပ်လာမှုအပေါ် တစ်ရာသီပြီး တစ်ရာသီ တိုးတက်ဆောင်ရွက်သွားရမည်ကို အထူးသတိပြုကြရမည်ဖြစ်ကြောင်း။

ဤတာဝန်ကို ပုဂ္ဂလိကအခန်းကဏ္ဍ၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ (Seed Industry) ပေါ်ပေါက်လာရေးအတွက် မိမိတို့အားလုံးတွင် တာဝန်ရှိကြောင်း၊ မိမိတို့တွင် နည်းပညာအားနည်းခြင်း၊ အရင်းအနှီးအားနည်းခြင်း၊ အတွေ့အကြုံအားနည်းခြင်းနှင့် နိုင်ငံခြားဈေးကွက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော အချက်များကို မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူး၍ မိမိတို့၏ အရည်အချင်းကို ပြသရမည်ဖြစ်ကြောင်း။

မျိုးစေ့ထုတ် ကုမ္ပဏီများ ပေါ်ပေါက်လာရေးအတွက် မိမိတို့အားလုံးနှင့် ပညာရှင်များ၊ ဌာနအကြီးအကဲများက အမျိုးသားအကျိုးစီးပွားအဖြစ်ခံယူပြီး အလေးအနက်ထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်း(လယ်ယာ)က လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးမူဝါဒ(၅)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးသုံးစွဲရေးသည် အဓိက အခြေခံသော့ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်လက်ထက်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များသုံးစွဲခြင်း (Seed Jump)၊ သွင်းအားစု ဓာတ်မြေဩဇာများ အသုံးပြုခြင်း (Fertilizer Jump)၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ဆောင်ရွက်ခြင်း (Technology Jump)၊ အရင်းအနှီးများ ပိုမိုထည့်ဝင်ဆောင်ရွက်ခြင်း (Investment Jump) တို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေး ဆောင်ရွက်ရာ၌ စပ်မျိုးနည်းပညာများ အသုံးချခြင်း (Hybridization)၊ လယ်ယာသုံး စက်ကိရိယာများ အသုံးချခြင်း (Mechanization)၊ စိုက်ပျိုးရေအလုံအလောက်ရရှိရေး (Irrigation)နှင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ဆောင်ရွက်ခြင်း (Privatization) တို့ဖြင့် ဆောင်ရွက်ခြင်းတို့သည် အဓိကအရေးကြီးသောအချက်ဖြစ်ကြောင်း၊ အခြေခံကျသည့်အချက်မှာ အရည်အသွေးကောင်းသော မျိုးစေ့များ ထုတ်လုပ်နိုင်ရန်နှင့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးနိုင်ရန်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်(ဆည်မြောင်း)က မိမိတို့ဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးခြံများ၊ သုတေသနခြံများက မျိုးစေ့ထုတ်စိုက်ကွင်းများ ထူထောင်ပြသ၍ တောင်သူပညာပေးလုပ်ငန်းများကို လုပ်ဆောင်ပြသမှသာလျှင် မျိုးစေ့ထုတ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာပြီး ပုဂ္ဂလိကများ၊ တောင်သူ လယ်သမားများကပါ အားကျ စိတ်ပါဝင်စားလာပြီး ပူးပေါင်း ဆောင်ရွက်လာကြမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ရှိဝန်ထမ်းတို့က တစိုက်မတ်မတ် အာရုံစူးစိုက်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ မျိုးစေ့ထုတ်စိုက်ကွင်းဆောင်ရွက်နေသည့် ပညာရှင်များအနေဖြင့် လယ်ယာသုံးစက်ကိရိယာလိုအပ်ချက်၊ စိုက်ပျိုးရေလိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး စုပေါင်းလုပ်ဆောင်ရန်နှင့် တစ်ပွဲထိုး၊ ကောက်ရိုးမီးကဲ့သို့ မဟုတ်ဘဲ တောင်သူလယ်သမားများ အမှန်တကယ် လက်တွေ့အကျိုးရှိအောင် စံနမူနာပြ မျိုးစေ့ထုတ်စိုက်ကွင်းကြီးများ အောင်မြင်စွာစိုက်ပျိုးပြသကြရန်လိုအပ်ကြောင်း ဆွေးနွေးတင်ပြသည်။

၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီမှ ၂၀၁၃-၂၀၁၄ စိုက်ပျိုးရာသီအထိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ခြင်းကို ၄၂၁၄ ဧက ထိ စိုက်ပျိုးနိုင်ခဲ့ပြီး ပုလဲသွယ်စပ်မျိုး F1 မျိုးစေ့ ၃၀၂၈၄၁၄ ကီလိုကို ထုတ်လုပ်၍ တောင်သူလယ်သမားများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ စပ်မျိုးစပါး မျိုးစေ့ထုတ်ကျွမ်းကျင်ပညာရှင် ၁၆၄ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ပျဉ်းမနား မတ် ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးကြီးတွင် ဈေးမှတစ်ဆင့် မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရန် ဈေးအတွင်းရှိ လျှပ်စစ်သွယ်တန်းအသုံးပြုသည့် ဈေးဆိုင်များနှင့် စားသောက်ဆိုင်များ ကွင်းဆင်းစစ်ဆေးမှုကို မတ် ၃ ရက် ညနေ ၅ နာရီက ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းသိန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်ဦး၊ ဈေးတာဝန်ခံ ဦးတင်မောင်ကြည်နှင့် ဈေးမိဈေးဖအဖွဲ့များက လျှပ်စစ်ဝိုင်ယာကြိုးဆွဲမြည့်မှုများနှင့် လျှပ်စစ်ဝိုင်ယာအသုံးပြုမှု ခံနိုင်ဝန်ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) မင်းမင်းလတ်(ရုပ်ဗေဒ)

•••••••••••••••••••

ပြည်နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆွေးနွေး

ရခိုင် မတ် ၈

ရခိုင်ပြည်နယ်၏ ၂၀၁၃ ခုနှစ် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပြည်နယ်အဆင့် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆန်းစစ်ဆွေးနွေးပွဲသို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)မှ သက်ဆိုင်ရာဌာနစိတ်အသီးသီး၏ စီမံချက်မန်နေဂျာများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနရှိ ဌာနစိတ်အသီးသီးမှ အဖွဲ့ခေါင်းဆောင်ဆရာဝန်များနှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ကျန်းမာရေးမှူးများနှင့် မြို့နယ်အဆင့် သူနာပြုဆရာမကြီးများ တက်ရောက်ကြသည်။ ဦးစွာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ဆန်းစစ်ဆွေးနွေးပွဲအပြီးတွင် ၂၀၁၃ ခုနှစ်အတွက် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမြို့နယ်အလိုက်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပထမဆု စစ်တွေမြို့နယ်၊ ဒုတိယဆု မြေပုံမြို့နယ်၊ တတိယဆု သံတွဲမြို့နယ်နှင့် နှစ်သိမ့်ဆုများကို တောင်ကုတ်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ကရရှိပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ပေးအပ်ချီးမြှင့်သည်။

ဆန်းစစ်ဆွေးနွေးပွဲကို မတ် ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(လ/၀၀၃)

ခုတင် ၅၀ ဆံ့ တိုးချဲ့ ဆေးရုံသစ်ကြီး မကြာမီ ဖွင့်လှစ်နိုင်မည်

သပိတ်ကျင်း မတ် ၈

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့တွင် ခုတင် ၅၀ ဆံ့ ဆေးရုံအဆောက်အအုံသစ်ကြီး တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ပြည်သူများ၏လူမှုဘဝတိုးတက်မြင့်မားရေးကို အဘက်ဘက်မှ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခင် ၂၅ ခုတင်ဆံ့ ဆေးရုံအစား ခုတင် ၅၀ ဆံ့ ဆေးရုံသစ်ကြီးကို မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။ အဆိုပါ အဆောက်အအုံသစ်သည် တစ်ထပ်အဆောက်အအုံဖြစ်ပြီး (၁၈၆×၁၁၇×၁၄)ပေနှင့် ပင်မလူနာဆောင်၊ ခွဲစိတ်ဆောင်များပါရှိပြီး (၄၄×၃၆)ပေ အာရ်စီနှစ်ခန်းတွဲ အရာရှိအိမ်ရာတစ်လုံး၊ (၇၅×၃၈)ပေရှိ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး၊ (၇၂×၃၂)ပေရှိ သူနာပြုနေအိမ်တစ်လုံး၊ ဂါလန် ၁၆၀၀ ဆံ့ ကွန်ကရစ်ရေစင်၊ အကျယ် (၁၂×၂၅၀)ပေရှိ ကွန်ကရစ်လမ်း၊ ပေ ၄၀၀ ရှိ ခြံစည်းရိုးတို့ပါရှိပြီး ငွေကျပ်သိန်း ၆၄၅၂ ဒသမ ၉ အကုန်အကျခံကာ ဆောက်လုပ်ခဲ့ပြီး ရွှေသုန္ဒရီကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ပျောက်ဆုံး

ကျွန်တော် ချမ်းဇော် ၁၄/မအန(နိုင်)၁၆၇၄၄၉ ၏ ပတ်စ်ပို့အမှတ် MA-၁၉၅၂၅၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၅၀၀၅၂၅၅၆ သို့ အကြောင်းကြားပေးပါရန်။

ကားရောင်းမည်(ပွဲစားမလို)

Honda Legend၊ Model-98၊ နံပါတ်1B၊ အိမ်စီးကားသန့် (အလုံးချိန်းနီးပါးသန့်)၊ ဘယ်မောင်း၊ Leathers Seat၊ Auto (Ph-09-25079564၊ 09-31064820)

GOLDEN STAR ခရီးသွားလုပ်ငန်း

ပုဂံ(ရွှေစက်တော်ဘေး)-ပုပ္ပါး
ရွှေစက်တော်-ပုဂံ-ပုပ္ပါး
မန္တလေး-မူဆယ်-ရွှေလီ
ပုဂံ-တောင်ကြီး-အင်းလေး
တောင်ကြီး-အင်းလေး-ပင်းတယ
April 12,13
Scania, Higer, Yutone
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင်
Ph: 209200, 430480, 544383, 703448, 09-5046000

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၃၆၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရင်ရင်ညီ(ခ)ရန်ဖိန် ၁၃/လရန(နိုင်)၁၁၇၇၄၈၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၅၈၆၈၈

ကန့်ကွက်နိုင်ပါသည်

[illegible]

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၂၆၃)၊ ဧရိယာအကျယ်အဝန်းပေ(၆၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်(၃/၁၆/၂၆၃)၊ အာဇာနည်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော လူနေအိမ်နှစ်လုံး၊ တပ်ဆင်လျှပ်စစ်မီတာများအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်ကို လက်ရှိထား လက်ဝယ်ပိုင်ဆိုင်နေထိုင်သူ ဒေါ်တင်တင်မြင့် ၁၂/ရကန(နိုင်)၀၂၁၃၇၄ အမှတ်(၂/၃၀/၁၅၆)၊ မြဟေဝန်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့နေသူက အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ(သို့မဟုတ်) ရောင်းချသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူ မည်သူမဆိုသည် ဤကြော်ငြာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ဝယ်သူ ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက် ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်အပြီးသတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလွင်စိုး(စရန်ငွေပေးချေ ဝယ်ယူထားသူ) ၁၂/သဃက(နိုင်)၀၇၁၈၈၀
အမှတ်(၅၃)၊ ပထမထပ်၊ ၄၄ လမ်း၊ အမှတ်(၆)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကွယ်လွန်သူ ဦးကြည်မောင်၏သမီး မမေသွယ်ဦး ၁၂/သကတ(နိုင်)၁၃၄၀၆၆သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြောဆိုဆက်ဆံခဲ့သည့်အပြင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒေါသတကြီး ကိုယ်ထိလက်ရောက်ပြုမူခဲ့သောကြောင့် မိခင်အနေဖြင့် ဆက်လက်၍ သည်းမခံနိုင်တော့ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစပြီး အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင် ရာသက်ပန်စွန့်လွှတ်လိုက်သည်။

နောက်နောင် မိခင်ဖြစ်သူ ဒေါ်ခင်ခင်မွေးအား လာရောက်နှောင့်ယှက်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဒေါ်ခင်ခင်မွေး ၁၂/သကတ(နိုင်)၀၃၇၃၅၈

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ရေလှောင်ကန်အတွက်အလှူငွေ ကျပ်သိန်း ၅၀ လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်းနေ ဦးဘကျင်-ဒေါ်ပု၊ သားသမီးမြေးတစ်စုတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးတွင် ရေလှောင်ကန်တစ်ကန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။

Passport ပျောက်ဆုံးခြင်း

ကျွန်မ မငွန်းခိုင်ဝင့်ထွန်း ၅/ရဥန(နိုင်)၀၇၇၁၂၇ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၀၀၅၁၁၃၀၂ ထံသို့ ဆက်သွယ်အကြောင်းကြားပေးရန်။

14' Dyna ကားရောင်းမည်

1986 Model၊ ၁က/၈ထောင်ကျော်၊ 13B အင်ဂျင်ပတ်ကားဘော်ဒီ၊ ကားသန့်၊ ငွေကျပ်၈၅ သိန်း။

ဖုန်း-၀၉-၅၁၄၉၆၈၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

● *ကျောဖုံးမှ*

"စစ်တွေမှာ ဒီစက်တစ်လုံးထပ်ရောက်လာတော့ ပြည်သူတွေအနေနဲ့ လျှပ်စစ်ပြတ်တောက်မှုမရှိဘဲ ဓာတ်အား လုံလုံလောက်လောက်သုံးနိုင်မယ်။ ပိုပြီး အင်အားပြည့်သွားတာပေါ့။ ပြည်သူတွေအနေနဲ့လည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိတော့ စိတ်ချမ်းသာကြမှာပါ" ဟု စစ်တွေမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရာဇာအောင်ကပြောကြားသည်။ ယခု စစ်တွေမြို့၏လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းကို အစိုးရဌာနပိုင် စက်ရှစ်လုံး၊ ဖိုးသီးချို ကုမ္ပဏီပိုင် စက်လေးလုံး၊ တော်ဝင်ထူးလင်းကုမ္ပဏီပိုင် စက်ခြောက်လုံးကို လှည့်လည်အသုံးပြုကာ စုစုပေါင်း လျှပ်စစ်ထုတ်လွှတ်မှုအား ၂ ဒသမ ၄ မဂ္ဂါဝပ်ဖြင့် ဖိုးသီးချိုနှင့် တော်ဝင်ထူးလင်းလျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်မှ တာဝန်ယူ၍ ၂၄ နာရီပတ်လုံးလျှပ်စစ်ထုတ်လွှတ်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ် မီးလင်းရေးအတွက် ရိုးမအရှေ့ရှိရေအားလျှပ်စစ်စီမံကိန်း မဟာဓာတ်အားလိုင်းများဖြစ်သော မင်းဘူး-အမ်း-ပုဏ္ဏားကျွန်းလမ်းကြောင်း၊ အသုတ်-ဂွလမ်းကြောင်း၊ ဥဿျှစ်ပင်-တောင်ကုတ်လမ်းကြောင်းများဖြင့် ဆက်သွယ်အသုံးပြုကာ ဓာတ်အားပေးနိုင်ရန်အတွက် တာဝါတိုင်များ၊ မြို့နယ်အလိုက် လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ရေးလိုင်းများ၊ ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းလုပ်ငန်းကို ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၄၀ မှ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။ ၎င်းလုပ်ငန်းများပြီးစီးသွားပါက ၂၀၁၄ ဒီဇင်ဘာအတွင်း မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။ စစ်တွေမြို့သို့လည်း မင်းဘူး-အမ်း-ပုဏ္ဏားကျွန်းလမ်းကြောင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရောက်ရှိလာပါက ရခိုင်ပြည်နယ်တွင် ရိုးမအရှေ့ဘက်မှ မြို့နယ်များကဲ့သို့ အများပြည်သူသုံးစွဲခ တစ်ယူနစ် ၃၅ ကျပ်ဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းသုံး တစ်ယူနစ် ၇၅ ကျပ်ဖြင့်လည်းကောင်း ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့တွင်ဓာတ်အားသုံးစွဲခနှုန်းမှာ အများပြည်သူသုံးတွင် ၁၀ ယူနစ်ထိ တစ်ယူနစ် ၃၅ ကျပ်၊ ဆယ်ယူနစ်ကျော်ပါက တစ်ယူနစ် ငွေကျပ် ၄၂၀ ဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းသုံးတွင် ၁၀ ယူနစ်အထိ တစ်ယူနစ် ၇၅ ကျပ်၊ ဆယ်ယူနစ်ကျော်ပါက တစ်ယူနစ်ငွေကျပ် ၄၂၀ ဖြင့်လည်းကောင်း နှုန်းထားများ သတ်မှတ်ကာကောက်ခံနေသည်။

ယခုလတွင် အများပြည်သူသုံးအား ၁၀ ယူနစ်အထိတစ်ယူနစ် ၃၅ ကျပ်၊ ဆယ်ယူနစ်ကျော်ပါက တစ်ယူနစ် ငွေကျပ် ၄၄၀ နှုန်းဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းသုံးတွင် ၁၀ ယူနစ်ထိ တစ်ယူနစ် ၇၅ ကျပ်၊ ဆယ်ယူနစ်ကျော်ပါက တစ်ယူနစ် ငွေကျပ် ၄၄၀ နှုန်းဖြင့်လည်းကောင်း သတ်မှတ်ကောက်ခံသွားမည် ဖြစ်ကြောင်း ဖိုးသီးချိုကုမ္ပဏီမှ တစ်ဆင့် သိရှိရသည်။

* *ကျောဖုံးမှ*

ထမင်းပို့ စပါးလှေ့စသည့် ပြကွက်များဖြင့် လယ်တောသူတစ်ဦး၏ နေ့စဉ်လုပ်ငန်းခွင်အလှများကို သဘာဝကျကျ ဖော်ပြပြိုင်ပွဲဝင်ခဲ့ကြခြင်းဖြစ်ရာ ပရိသတ်များ အားပေးသံစည်ဝေလျှံခဲ့သည့်ပွဲလည်းဖြစ်သည်။ လယ်တောသူများ လယ်ယာလုပ်ငန်းခွင်ဝင်ရင်း ခေတ်ပေါ်လက်ကိုင်ဖုန်းဖြင့် ပြောဆိုဆက်သွယ်နေမှုယှဉ်ပြိုင်ဟန်ကလည်း ပရိသတ်အကြိုက်တွေ့စေကာ ခေတ်နောက်မကျသည့် လယ်တောသူတို့၏ အသွင်သဏ္ဍာန်ကို ဖော်ဆောင်ယှဉ်ပြိုင်နိုင်ခဲ့သည်။ မြင်ရတွေ့ရခဲသော မီးရောင်စုံစင်မြင့်ထက်တွင် သံစဉ်တေးသွားများနှင့်အတူ လယ်တောသူအလှမယ်တို့၏ပုံရိပ်က မြန်မာတောင်သူ ဦးကြီးများကို ရင်ထဲစူးနစ်စွာ သတိရစေခဲ့သည်။

တက်ရောက်ခွင့်ရရှိမည်

ပထမဆုရရှိခဲ့သည့် ရှမ်းပြည်နယ်မှ မကြည်ဝင်းက အမှတ် ၂၄၀ ရရှိပြီး သုံးကျပ်သားရွှေအစစ်သရဖူနှင့် ငွေကျပ်သိန်း ၅၀ ဆွတ်ခူးရရှိခဲ့သည်။ ထို့အပြင် နိုင်ငံခြားခရီးသွားခွင့်ရရှိမည်ဖြစ်ပြီး ဆန်စပါးဆိုင်ရာပြပွဲများကိုလည်း နိုင်ငံကိုယ်စားပြုတက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ဒုတိယဆုရရှိသည့် မေချိုသော်သည် ဧရာဝတီတိုင်းဒေသကြီးမှ ဖြစ်ပြီး ငွေကျပ်သိန်း ၃၀ ကို ဆုအဖြစ်ရရှိကာ နိုင်ငံခြားခရီးသွားခွင့်လည်း ရရှိမည်ဖြစ်သည်။ တတိယဆုရရှိသည့် မြတ်နိုးဦးသည် ငွေကျပ်သိန်း ၂၀ရရှိပြီး နိုင်ငံခြားခရီးသွားခွင့်ရရှိမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းအဖွဲ့ဝင်များကရွေးချယ်သော အထူးဆုကို ရန်ကုန်တိုင်းဒေသကြီးမှ ချောစုမွန်က ရရှိခဲ့ပြီး ဆုကြေးငွေကျပ် ၁၀ သိန်းဆွတ်ခူးရရှိခဲ့သည်။ တစ်ဖန် ၂၀၁၄ ခုနှစ် လယ်တောသူ အလှမယ်ပြိုင်ပွဲ၏ Photogenic ဆုကို မွန်ပြည်နယ်မှ နှင်းနုနုထွေးက ဆွတ်ခူးရရှိပြီး ငွေကျပ် ၁၀ သိန်းချီးမြှင့်ခံရသည်။ ၂၀၁၄ ခုနှစ် လယ်တောသူအလှမယ်ရွေးချယ်ပွဲတွင် စတုတ္ထဆုအဖြစ် ရန်ကုန်တိုင်းဒေသကြီးမှ ခင်စန္ဒီဆွေ၊ ပဉ္စမဆုကို ရှမ်းပြည်နယ်မှ နှင်းအိန္ဒြာလှိုင်နှင့် ဆဋ္ဌမဆုကို မွန်ပြည်နယ်မှ နှင်းနုနုထွေးတို့က အသီးသီးဆွတ်ခူးရရှိသွားခဲ့ကြသည်။

(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၈-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၃၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၂၈၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၃၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၆	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၃၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၈-၇၈၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၀. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၅. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧည်ယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း တစ်အိတ် (အသစ်)		၂၂၀၀၀-၂၆၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၇၃၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၀၀-၄၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၇၀၀-၁၆၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀-၁၁၂၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၂၅-၆၂၅
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၈၀၀-၂၉၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၆၀၀-၄၈၀၀
၁၂။ သကြား	တစ်ပိဿာ	၈၆၀-၈၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပျောက်ဆုံးကြောင်း

၁။ မဘောဘီသန်း(ဘ)ဦးမာမက်တိုင်းယက် M-727535
၂။ မအေးမြရတနာ(ဘ)ဦးအေးဝင်း MA-306220
၃။ တိုးတက်ချမ်းသာ(ဘ)ဦးအေးဝင်း MA-309807
၄။ ရတနာဝတ်မှုန်(ဘ)ဦးအေးဝင်း M-671016

တို့၏ နိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးသွားပါကြောင်း။
လိပ်စာ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၁လမ်း၊
ဖုန်း-၀၉-၄၂၁၀၇၅၈၄၇

ဖခင်အမည်မှန်

မောင်စိုင်းဝွမ်းဆိုင် ၁/မကတ(နိုင်)၀၇၇၅၈၉၈၏ဖခင်အမည်မှန်မှာ ဦးစိုင်းသောင်း(ခ) ဦးသောင်းစိန် ၁/မကတ(နိုင်)၀၂၈၇၆၂ ဖြစ်ပါကြောင်း။

လုံးချင်းတိုက်ငှားမည်

ရန်ကုန်စော်ဘွားကြီးကုန်းကပ်လျက် နှင်းဆီမြိုင်လမ်းပေါ် တိုက်ငှားမည်။ ဧည့်ခန်း လေးခန်း၊ အဲယားကွန်း လေးလုံး၊ B.R လေးခန်း၊ ကား ၁၅စီးဆံ့ အဆင့်မြင့်ပြင်ပြီးငှားမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၈၂၀၀၁၊ ၀၉-၅၀၀၅၁၁၀၊ ၀၁-၆၆၂၆၇၅

မြေရောင်းရန်(ပွဲစားမလို)

၁။ မှော်ဘီ အထက(၂) ရှေ့၊ ပြည်လမ်းမအနီး (ပေ ၅၀× ပေ ၆၀)(ဂရန်မြေ)သိန်း ၃၅၀။
၂။ မှော်ဘီဥယျာဉ်ခြံမြေ ၇ဧက၊ သိန်း ၂၄၅၀။
၃။ ပုဂံဟိုတယ်ဇုန်(၄) ၅ဧက၊ သိန်း ၁၇၅၀။
ဖုန်း-၀၉-၄၂၃၆၆၀၆၀၂
Email : Vtchit @ gmail.com

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန်(၁) C.7လမ်း၊ အကွက်အမှတ် B-106 အားပိုင်ရှင်ဖြစ်သူ ဒေါ်လှော်နေမန်း ၅/ကလထ(နိုင်)၀၅၃၂၈၂ က လုပ်ကိုင်ခွင့်ကတ်ပြားလျှောက်ထားခြင်းအား ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါလိပ်စာအတိုင်း ကန့်ကွက်နိုင်ပါသည်။
ဒေါ်လှော်နေမန်း
၅/ကလထ(နိုင်)၀၅၃၂၈၂
ဖုန်း-၀၉-၅၁၉၀၂၆၇၊ ၀၉-၅၀၂၄၂၇၅

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၄ ပထမပွဲစဉ် စတင်မည်

ရန်ကုန် မတ် ၈

မြန်မာဂေါက်သီး အားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ အဆင့်မီ ဂေါက်သီးသမားများ ပေါ်ထွက်လာရေး၊ မျိုးဆက်သစ် လူငယ် ဂေါက်သီးအားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးနှင့် ထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင် လူငယ်ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာရေးကို အဓိကထား၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့ကကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို မတ်လမှ စတင်ပြီး နိုဝင်ဘာလအထိ နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ မန္တလေး၊ ပုဂံ၊နေပြည်တော်မြို့များတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ဧရာဝတီဘဏ်က အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို မတ် ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ ရွှင်ရယ်မြန်မာ ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်ကာ စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစား မောင်မယ်များသည် မတ် ၁၀ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးငွေကျပ် နှစ်သောင်းနှင့်အတူ ရွှင်ရယ်မြန်မာဂေါက်ကွင်း နေပြည်တော်တွင်လည်းကောင်း၊ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၊ ရန်ကုန်တွင်လည်းကောင်းစာရင်းပေးသွင်းနိုင်ပြီး ရန်ကုန်မြို့မှ နေပြည်တော်သို့ ကားစီစဉ်ထားရှိပေးမည်ဖြစ်သည်။ ပြိုင်ပွဲတတိယနေ့ မတ် ၁၅ ရက်တွင် ရွှင်ရယ်မြန်မာ ဂေါက်သီး လေ့ကျင့်ရေးကွင်းတွင် မြန်မာပီဂျီအေ အသင်းပညာရှင်များက ဂေါက်သီးရိုက်နည်းစနစ်များ ပြသခြင်းနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းမည်ဖြစ်ပါသဖြင့် မည်သူမဆိုတက်ရောက် လေ့လာနိုင်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

ဓာတ်ဆီပီပါများတင်ဆောင်သည့်ကား တံတားဖြတ်သန်းစဉ် ကျိုးကျ

မော်လူး မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကို ဖြတ်သန်းသွားသည့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဘေးရှိ တံတားတစ်စင်းပေါ် ဆီပီပါများ တင်ဆောင်ထားသည့် မော်တော်ကား ဖြတ်သန်းစဉ် တံတားကျိုးကျမှုတစ်ခု မတ် ၁ ရက် ည ၈ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုဘက်မှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာသည့် ဓာတ်ဆီပီပါအလုံး ၉၀ တင်ဆောင်ထားသည့် ယာဉ်အမှတ် ၂ယ/--- ယာဉ်မောင်း ဦးမြင့်အေး စက်မှု(၁) မန္တလေးမြို့နှင့် စပယ်ယာ ဦးမောင်ထွန်း ကုတ်ကဲရွာ မြင်းခြံမြို့တို့ လိုက်ပါမောင်းနှင်လာသည့် မော်တော်ကားသည် မော်လူးကျေးရွာအဝင် ပြည်ထောင်စုလမ်းမကြီး အရှေ့ဘက် ရပ်ကွက်(၃)ရှိ တံတားပေါ်သို့ ဖြတ်သန်းစဉ် တံတားကျိုးမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။ **ခင်မောင်ဆွေ**

မလေးရှားရဲတပ်ဖွဲ့ဝင်နှစ်ဦးအား လုပ်ကြံမှုဖြစ်စဉ်များအတွင်း ပါဝင်ပတ်သက်နေကြသော အင်ဒိုနီးရှားနိုင်ငံသားများအား လက်ရဖမ်းဆီး

ကွာလာလမ်ပူ မတ် ၈

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ် ကလန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော မတ် ၄ ရက် နံနက်အစောပိုင်းက ရဲတပ်ဖွဲ့ဝင်များအား လုပ်ကြံမှုဖြစ်စဉ်များအတွင်း ပါဝင်ပတ်သက်နေကြသော အင်ဒိုနီးရှားနိုင်ငံသားများအား သက်ဆိုင်ရာမှ ဖမ်းဆီးလိုက်နိုင်ပြီဖြစ်ကြောင်း မလေးရှားရောက် ကိုတွောင်ပူစီယင် (Tuangpu Siyin) ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

အဆိုပါ ရဲတပ်ဖွဲ့ဝင်များအား လုပ်ကြံမှုဖြစ်စဉ်များအတွင်း ပါဝင်ပတ်သက်နေကြသော အင်ဒိုနီးရှားနိုင်ငံသားများမှာ အသက် ၂၀ နှစ်နှင့် ၃၄ နှစ်ကြားအရွယ်ရှိ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ဖြစ်ကြောင်းသိရပြီး ၎င်းတို့အား ကလန်းမြို့နယ်မှ ရဲတပ်ကြပ် Raja Aizam Raja Mohd က မတ် ၅ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းဌာနတစ်ခုဖြစ်သော the star သတင်းတွင် ဖော်ပြထားသည်။

ထို့အပြင် ယင်းဖြစ်ရပ်ကြောင့် မတ် ၆ ရက်မတိုင်မီ ၂၄ နာရီအတွင်းကလည်း မြို့တော်ကွာလာလမ်ပူရှိ ရဲဌာနချုပ်မှ ရှောင်တခင် ပိုက်စိပ်တိုက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ မြို့တော်တစ်ခွင် မော်တော်ယာဉ် ၆၉ စီးနှင့် လူ ၂၂၃ ဦးကို စစ်ဆေးပြီး ပြစ်မှုထင်ရှားသူ ၆၃ ဦးကို ဖမ်းဆီးအရေးယူလိုက်ကြောင်းလည်း ဆက်လက်သိရှိရကာ ၎င်းတို့ထဲမှ ဥပဒေပုဒ်မများအရ မူးယစ်ဆေးသုံးစွဲသူများ၊ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနမှ ထွက်ပြေးလာကြသူများကို Section 19(3) Ddtro အရလည်းကောင်း၊ မတရားအသင်းဝင်များကို Section 52 (3) Act 1966 (Act 355) အရလည်းကောင်း၊ သူတစ်ပါးအား ထိခိုက်အနာတရဖြစ်စေသောသူများအား Section 326 of the Penal Code အရလည်းကောင်း၊ ခါးပိုက်နှိုက်သူများအား Section 379 of the Penal Code အရလည်းကောင်း၊ မော်တော်ယာဉ်ခိုးယူကြသူများအား Section 379A of the Penal Code အရလည်းကောင်း၊ နေအိမ် ဖောက်ထွင်းသူများအား Section 457 of the Penal Code အရလည်းကောင်း၊ သူတစ်ပါးအား ခြိမ်းခြောက် ငွေညှစ်သူများအား Section 506 of the Penal Code အရလည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်းကို မြို့တော်ကွာလာလမ်ပူ၏ ရဲဌာနချုပ်မှ လက်ထောက်ရဲချုပ်ကြီး Datuk Seri Mohmad Bin Salleh ကိုယ်တိုင် လက်မှတ်ရေးထိုးချက်ဖြင့် မြို့တော်ရဲဌာနချုပ်မှ အသိပေးသတင်းထုတ်ပြန်ထားသည်။

စိုးဝင်း(SP)

နိုင်ငံခြားသားပါမစ်မဲ့များအား ဖမ်းဆီးနေစဉ်။

EEPC INDIA indee

မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ နည်းပညာနှင့် ဖြေရှင်းမှုများအတွက် ကမ္ဘာပေါ်တွင် လူညီလည်ပြသမှုအများဆုံးအင်ဂျင်နီယာနည်းပညာပြပွဲကြီးတစ်ခု ရန်ကုန်မြို့တွင် ပြသပါတော့မည်။

မိတ်ခေါ်ပါသည်

INDEE myanmar

2014 ခုနှစ်မတ်လ 13 - 15ရက်နေ့၊ နံနက် 9:30 မှ ညနေ 5:30ထိ၊ တပ်မတော်ခြေပြန်း၊ ရန်ကုန်။

(၂၈)ကြိမ်မြောက် INDEE (India Engineering Exhibition) ပြပွဲတွင်စက်မှုထုတ်ကုန်အမျိုး (၁၀၀)ကျော်ပါဝင်ပြီး EEPC INDIA က ၂၀၁၄ ခုနှစ် မတ်လ (၁၃) ရက်မှ (၁၅) ရက်အထိမြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင်ပြသပါတော့မည်။

စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေရောင်ခြည် စွမ်းအင်သုံးပါဝါ၊ ခါတ်သတ္တု တူးဖော်မှု စသည်တို့နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံခြင်းများ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဆွေးနွေးနိုင်ပါသည်။

ပြပွဲတွင် ပါဝင်မည့်ကဏ္ဍများ

မော်တော်ယာဉ် ပစ္စည်းများ၊ စက်ဘီးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကုန်ပစ္စည်းရွှေ့ပြောင်းခြင်းဆိုင်ရာ စက်ပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာစက်ပစ္စည်းများ၊ အဝတ်အထည်ထုတ်မှု ဆိုင်ရာစက်ပစ္စည်းများ၊ အစားအသောက်ထုတ်လုပ်သည့် စက်ပစ္စည်းများ၊ သံမဏိလိပ်စက်များ၊ အခြားအထွေထွေစက်ပစ္စည်းများ၊ အထူးစက်ပစ္စည်းများ၊ ဖြတ်တောက်သည့် စက်ပစ္စည်းများ၊ မီးဖိုချောင်သုံး၊ အိမ်တွင်းသုံး စက်ပစ္စည်း၊ ကိရိယာများသတ္တုပစ္စည်းဆိုင်ရာ ပုံသွင်းခြင်း၊ ပုံစံထုတ်ခြင်းဆိုင်ရာ စက်ပစ္စည်းများ။

ကံစမ်းမဲအစီအစဉ်

ပြပွဲကာလအတွင်း နေ့စဉ်
IPAD တစ်လုံးနှင့် SMART PHONE တစ်လုံး
ခန့်ကံ ရရှိနိုင်ပါသည်။

EEPC INDIA
ENGINEERING THE FUTURE
www.eepcindia.org

စာစပ်ကြောင်းလမ်းပြီးစီးခြင်း

Sydney (N.S.W) Australia နေ
KEN LEE နှင့် ESTHER LEE တို့၏သားကြီး
WILLIAM LEE
Bachelor of Commerce-Management, Diploma of Business Management
Diploma of Business Administration,
Diploma of Work Health Safety
နှင့်
မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၉၃)လမ်း၊အမှတ် (၁၁၀)နေ ဦးဝင်းမြင့်-ဒေါ်ရင်မြင့်တို့၏သမီးကြီး
ကေသီမြင့်
B.Sc (Botany)
တို့သည် ၈-၃-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စာစပ်ကြောင်း လမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
WILLIAM LEE- ကေသီမြင့်

မွေးနေ့ဆုတောင်း

၅-၃-၂၀၁၄ ရက်တွင် ကျရောက်သော သမီးလေး သဲသဲ၏ (၂)နှစ်ပြည့်မွေးနေ့နှင့် ၉-၃-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်ဇနီး မအေးချမ်းမွန်၏ (၃၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်(၁၂၀)တိုင် ပျော်ရွှင်ကျန်းမာစွာ ချစ်သောမိသားစုနှင့်အတူ ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်တောင်းလျက်-

ဖေဖေ ရဲထွဋ်နိုင်
သားသား ဘိုဘို

ငှားရန်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းမပေါ် MWZA Tower 10th Floor ၌ ရှိသော စတုရန်းပေ ၁၆၈၀ လူနေတိုက်ခန်း ငှားရမ်းပါမည်။ Master BR တစ်ခန်း အပါအဝင် အိပ်ခန်း သုံးခန်း၊ အဆင့်မြင့် ပြင်ဆင်ပြီး နှစ်ချုပ်ဖြင့်ငှားမည်။

နိုင်ငံခြားသား ဦးစားပေးငှားမည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၆၅၀၀၄၉၉၊ ၀၉-၄၂၁၁၁၉၉၈၃၊ ၀၉-၄၀၂၅၆၄၉၀၉

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE
WE DEFINE LIFESTYLE
(၂၃)ထပ်၊ အခန်းပေါင်း (၃၆၇)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်မီ ကွန်ဒိုမီနီယံ
နှင့် SERVICED RESIDENCE ပါရှိသော မြို့တော်ခံ၏
အထင်ကရ အိမ်ရာစီမံကိန်း
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN
• DUAL KEY SYSTEM UNIT များ
• LOW E-GLASS SYSTEM
• DUPLEX SYSTEM
• အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
• 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
• အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
• INTERNATIONAL စားသောက်ဆိုင်များ
• LED
• MAGIC GLASS များ
DEVELOPED BY
UNITED
Development By
68 RESIDENCE
SHOWROOM (COMING IN JUNE): 44A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
PH: 09 4202 88025, 09 4253 10993, 09 730 40513

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)

၁၃၈၀ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါဝင်သော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဂ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ဆိုသည်။

(ဃ) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(င) **ဆိပ်ကမ်းများ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များသွားလာနိုင်သော မြစ်များနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ် ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ၊ ယင်းနှင့်ဆက်စပ်သော နယ်မြေများနှင့် နယ်နိမိတ်များကို ဆိုသည်။

(စ) **စက်ရုံ၊ အလုပ်ရုံ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လက်အောက်သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကိုဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်များဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းနှင့်ပြည်ထောင်စုအစိုးရ အဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်းပါဝင်သည်။

(ဇ) **ပိုင်ဆိုင်မှုပစ္စည်း** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရပိုင်ခွင့်များအားလုံး၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းအပါအဝင် ပိုင်ဆိုင်မှုများအားလုံး၊ မြေများ၊ အဆောက်အအုံများ၊ အလုပ်ရုံများ၊သင်္ဘောကျင်းများ၊ ရေယာဉ်များ၊ ငွေကြေး ပိုင်ဆိုင်မှုများ၊ ဘဏ်သွင်းငွေများ၊ အရန်ငွေကြေးရန်ပုံငွေများ၊ ရင်းနှီး မြှုပ်နှံမှုများအားလုံးနှင့် ယင်းတို့၏ ရပိုင်ခွင့်များ၊ ယင်းတို့မှ ဖြစ်ထွန်းလာသော အကျိုးစီးပွားများ၊ ငွေစာရင်းစာအုပ်များ၊ မှတ်ပုံတင်စာချုပ်များ၊ မှတ်တမ်းများနှင့် ယင်းပစ္စည်းများနှင့် ဆက်စပ်နေသော ပစ္စည်းအရပ်ရပ်တို့ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံအတွင်း သွားလာနိုင်သည့် မြစ်များ၊ ချောင်းများတွင် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်မှုလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့်အဖွဲ့အစည်းအဖြစ်ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် ဆောင်ရွက်ရန်၊

(ဃ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေး သုံးစွဲမှုစနစ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊

(င) ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းအား နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်။

အခန်း(၃)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဖွဲ့စည်းခြင်း

၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဤဥပဒေအရ ဖွဲ့စည်းထားသည့်ဖွဲ့စည်းပုံအတိုင်း တည်ထောင်ရမည်။

(ခ) ဤဥပဒေအရ သတ်မှတ်ပေးသည့်လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန် အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ဃ) ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစား၊ မိမိဝန်ထမ်းများ၏ အရည်အချင်း သတ်မှတ်ချက်၊ ဝန်ထမ်းတစ်ဦးချင်းရာထူးအဆင့်အလိုက် တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(င) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်မှ သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှုပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များရှိသည်။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ပိုင်ဆိုင်မှုပစ္စည်းတွင်ပါဝင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရရန် ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဆက်ခံရမည်။

(ဆ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသောမြေ၊ အဆောက်အအုံ၊ စက်ကိရိယာ၊ ကုန်စည်စသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

အခန်း(၄)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းတာဝန်များ

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးကို ဆောင်ရွက်ရန်ဖြစ်သည့်အပြင် ဤဥပဒေအရ အခြားဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်တာများကိုလည်း လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ယာဉ်၊ ဗောတံတား၊ ကုန်လှောင်ရုံ၊ ကုန်းတက်ဆိပ်နှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပိုင်ပစ္စည်းများကို ငှားရမ်းခြင်း၊ ထုခွဲရောင်းချခြင်း၊

(ဂ) နိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် ရေယာဉ်များဖြင့် ပို့ဆောင်ရေးဝန်ဆောင်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ဖက်စပ်စနစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားသားတို့အား ငှားရမ်းခြင်း၊

(င) ခရီးသည်နှင့် မော်တော်ယာဉ်များတင်ဆောင်သွားလာမှု အဆင်ပြေစေရေးအတွက် ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(စ) သင်္ဘောကျင်းများနှင့် ရေယာဉ်တည်ဆောက် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်း ကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဆ) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ်တည်ဆောက်ရောင်းချခြင်းနှင့်အခြားလုပ်ငန်း များကိုလက်ခံဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မြေများကိုအသုံးချ၍ ဝင်ငွေ တိုးပွားရရှိစေသော အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ စက်ကိရိယာ၊ ကုန်စည်စသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့်အသုံးပြုပိုင်ခွင့်ရှိသည်။

(ခ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့များတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မြေ၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားများနှင့်အခြားဆက်စပ်သောပစ္စည်းများကို ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(ဃ) လုပ်ငန်းဆိုင်ရာဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်း များ၊ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းထားများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့် ပြင်ဆင်ပိုင်ခွင့်ရှိသည်။

(င) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့်ကုန်သွယ်မှုလုပ်ငန်းများကို စီမံခန့်ခွဲမှုကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက် လုပ်ကိုင်လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(စ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် တီထွင်မှုပိုင်ဆိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ မိမိခွင့်ပြုချက်မရရှိဘဲထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် မည်သူ့ကိုမဆို တရားစွဲဆိုပိုင်ခွင့်ရှိသည်။

(ဆ) မိမိလုပ်ငန်းအတွက် မဖြစ်မနေရယူအသုံးပြုရန်လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ပြီး သုံးစွဲပိုင်ခွင့်ရှိသည်။

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့်စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံနှင့်ရေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်နိုင်သည်။

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခွင့်ပြုခြင်းတို့ပြုနိုင်သည်။

(ည) ရေယာဉ်ပြင်ဆင်ရာမှရရှိသည့်သံ၊ သတ္တုနှင့် အခြားပစ္စည်းဟောင်းများ၊ ပစ္စည်းသစ်ဖြင့် လဲလှယ်အစားထိုးပြုပြင်ပေးလိုက်ရ၍ ထွက်ပေါ်လာသောပစ္စည်းဟောင်းများ၊ ပိုလျှံနေသော သိုလှောင်ပစ္စည်းများ အပါအဝင် အသုံးနည်းသောပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် အသုံးတည့်သောပစ္စည်းများနှင့် လဲလှယ်ခြင်းတို့ပြုလုပ်နိုင်သည်။

(ဋ) ပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ၊ ရေကြောင်း ဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်း ဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များ လေ့ကျင့် မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ သင်တန်းကျောင်းများဖွင့်လှစ်ဆောင် ရွက်နိုင်သည်။

(ဌ) စီမံခန့်ခွဲရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက် စေရေးအတွက် လိုအပ်သော ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းပြုနိုင်သည်။

အခန်း(၅)

စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၇။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေသည် အနည်းဆုံးငါးဦးနှင့် အများဆုံး ၁၁ ဦးထက် မပိုသော “မ” ဂဏန်းအရေအတွက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ — ဥက္ကဋ္ဌ

(ခ) ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ်၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး — အဖွဲ့ဝင်

(ဂ) ရေကြောင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(ဃ) စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

(င) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခန့်အပ်သည့် ကိုယ်စားလှယ်များ — အဖွဲ့ဝင်

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ အရ ဖွဲ့စည်းသည့် စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ သက်တမ်းနှင့် တာဝန်ထမ်းဆောင်မှုအား အောက်ပါအတိုင်းသတ်မှတ်သည်-

(က) စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် အချိန်ပြည့် တာဝန်ထမ်းဆောင်သူ များဖြစ်ရမည်။

(ခ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ဂ) ယင်းသက်တမ်းကုန်ဆုံးသည့်အခါ ဥက္ကဋ္ဌအသစ်နှင့်အဖွဲ့ဝင် အသစ် ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဃ) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခု ကြောင့်ဖြစ်စေ အဖွဲ့ဝင်ရာထူးလစ်လပ်လျှင် ထိုလစ်လပ်သည့်နေရာ တွင် အဖွဲ့ဝင်သစ်ကိုဖြည့်စွက်ခန့်ထားရမည်။ ထိုအဖွဲ့ဝင်၏ သက်တမ်းသည် ကျန်ရှိသည့်သက်တမ်းအထိသာဖြစ်သည်။

(င) အဖွဲ့က စီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည် အဖွဲ့ဝင်ရာထူး လစ်လပ်သည့်အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင် တစ်ဦးဦးခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့်အကြောင်း ကြောင့်သော်လည်းကောင်း မပျက်ပြယ်စေရ။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ချက် များနှင့်အညီ လစာစရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့သည် မိမိ၏လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏သဘော တူညီချက်ဖြင့်ရေးဆွဲထားရှိပြီး ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင် ရွက်ရမည်။

၁၂။ (က) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ်မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့်ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့်ရှိမည်မဟုတ်ဟု ပြည်ထောင်စုဝန်ကြီးက ကျေနပ်ရမည့်သူဖြစ်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ကပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု သို့မဟုတ် ဝယ်မှုတစ်ခုခု တွင်သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်အကျိုးသက်ဆိုင်သည့်အဖွဲ့ဝင်သည် မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့အစည်းအဝေးတွင် ထုတ်ဖော် ပြောဆိုရမည်။

(ဂ) ဥက္ကဋ္ဌမှတစ်ပါး အခြားအဖွဲ့ဝင်တစ်ဦးဦးမှာ အကျိုးသက်ဆိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ရန်အကြောင်းပေါ်ပေါက်လျှင် ဥက္ကဋ္ဌ၏ ဆုံးဖြတ် ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ ဥက္ကဋ္ဌနှင့်ပတ်သက်၍ ယင်းအကြောင်းတစ်ရပ်ပေါ်ပေါက်လျှင် ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၃။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် သတ်မှတ်ထားသည့် အကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိသည့်အခါ ပြည်ထောင်စုဝန်ကြီးသည် ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။

၁၄။ ဥက္ကဋ္ဌသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သင့်လျော်သော ဝန်ထမ်းတစ်ဦးဦးအား စီမံခန့်ခွဲရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။ စီမံခန့်ခွဲရေးအဖွဲ့၏ အတွင်းရေးမှူးသည် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးများ၌ ပါဝင်ဆွေးနွေးပိုင်ခွင့်၊ ဆန္ဒမဲပေးနိုင်ခွင့်များ မရှိစေရ။ စီမံခန့်ခွဲရေးအဖွဲ့၏ ရုံး လုပ်ငန်းတာဝန်များကိုသာ ထမ်းဆောင်ရမည်။

စာမျက်နှာ(၁၆)သို့

ဥပဒေကြမ်း

စာမျက်နှာ(၁၅)မှ

၁၅။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးသို့ အဖွဲ့ဝင်ဦးရေ၏ ၇၅ ရာခိုင်နှုန်း တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။ သတ်မှတ်ဦးရေ မတက်ရောက်ပါက အစည်းအဝေးကို သင့်လျော်သော နေ့ရက်သို့ ရွှေ့ဆိုင်းရမည်။

၁၆။ အစည်းအဝေးသို့ တင်ပြသည့် ကိစ္စရပ်များအားလုံးကို အစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်များအနက် အများစု၏ မဲဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

အခန်း(၆)

စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီး၊ အပျောက်အရှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေတိုးတက်စေရေးအတွက် ဝန်ဆောင်မှုစရိတ်ကို ကျဆင်းစေသော နည်းလမ်းများဖြင့်သော်လည်းကောင်း၊ ဝန်ဆောင်မှုစွမ်းအား တိုးတက်စေသော နည်းလမ်းများဖြင့်သော်လည်းကောင်း အကျိုးအမြတ်တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ပေးထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ ဥပဒေများကို လိုက်နာစောင့်ထိန်းခြင်း၊

(င) လုပ်ငန်း စီမံကိန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက် အကောင်အထည်ဖော်ခြင်း၊

(စ) နိုင်ငံတော်ကချမှတ်ပေးထားသော ငွေကြေးသုံးစွဲမှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်း၊

(ဆ) ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အတတ်နိုင်ဆုံး ဖြည့်စွမ်း အကောင်အထည်ဖော်ခြင်း၊

(ဇ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များရရှိစေရေးအတွက် ကူညီစောင့်ရှောက်ခြင်း၊

(ဈ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် ဆုံးရှုံးမှုများ မရှိစေရေးအတွက် စီမံခန့်ခွဲရေးအဖွဲ့၊ စက်ရုံ၊ အလုပ်ရုံ၊ ဌာန၊ ဌာနခွဲများ၏ တာဝန်ခံဝန်ထမ်းများက တာဝန်ခံဆောင်ရွက်ခြင်း။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအမည်ဖြင့် ဘဏ်ငွေစာရင်း အမျိုးမျိုး သီးခြားစီခွဲခြား၍ ဖွင့်လှစ်ထား ပိုင်ခွင့်ရှိသည်။

(ခ) ဝန်ကြီးဌာနက သတ်မှတ်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ ပြည်တွင်းပြည်ပမှ ငွေချေးယူခွင့်နှင့် ငွေထုတ်ချေးခွင့်ရှိသည်။

(ဂ) ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်ထားရှိသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရန်ပုံငွေကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(ဃ) လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

(င) ကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ အဖွဲ့အားအကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထား၍ သို့မဟုတ် အမည်တင်သွင်းခန့်ထား၍ ထိုပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းသည့် အခများနှင့် စရိတ်ကြေးငွေများ ပေးနိုင်သည်။

(စ) တည်ဆဲဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားပိုင်ခွင့်၊ တာဝန်ပေးပိုင်ခွင့်၊ ရာထူးတိုးမြှင့်ပေးပိုင်ခွင့်၊ အရေးယူအပြစ်ပေးပိုင်ခွင့်၊ ထုတ်ပယ်ပိုင်ခွင့်၊ ခွင့်နှင့်ပင်စင်ပေးပိုင်ခွင့်ရှိသည်။

(ဆ) မိမိနှင့် အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများအကြား လုပ်ငန်းသဘောတူစာချုပ်များချုပ်ဆိုခြင်း၊ အခြားစာချုပ်များချုပ်ဆိုရာတွင် စီမံခန့်ခွဲရေးအဖွဲ့က အခွင့်အာဏာပေးအပ်ထားသည့် အရာရှိကဖြစ်စေ လက်မှတ်ရေးထိုး၍ သတ်မှတ်ထားသည့် ရုံးတံဆိပ်ရိုက်နှိပ်ရမည်။

အခန်း(၇)

ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ

၁၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် သင့်လျော်သော ဘဏ်တွင် ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်းဖွင့်လှစ်ထားရှိ သုံးစွဲပိုင်ခွင့်ရှိသည်။

၂၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် မိမိလက်အောက်ရှိ လုပ်ငန်း အုပ်စုအလိုက် လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် လည်းကောင်း သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားခွင့်ရှိသည်။

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့က အောက်ပါအတိုင်း စီမံခန့်ခွဲရမည်-

(က) စီးပွားရေးအဖွဲ့အစည်းများအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို တိုက်ရိုက်ဖြစ်စေ၊ ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ လုပ်ကိုင်ရာ၌ ကုန်ကျသည့်စရိတ်များအပြင် အကြောင်းအားလျော်စွာ ကုန်ကျသည့် အခြား အခကြေးငွေနှင့် စရိတ်များကို ကျခံခြင်း၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အမှုထမ်းရွက်ဆဲ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အရာရှိများ၏ လစာငွေများ၊ အခကြေးငွေများ၊ ချီးမြှင့်ငွေများ၊ အငြိမ်းစားလစာများ၊ နှစ်ပြည့် အငြိမ်းစား လစာခံစားခွင့်၊ လုပ်သက်ဆုငွေများအတွက် ကုန်ကျစရိတ်များကို ကျခံခြင်း၊

(ဃ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လိုအပ်သော သာမန်နှင့် ငွေလုံး ငွေရင်းအသုံးစရိတ်များအား သင့်လျော်သည့် ပြည်တွင်း ပြည်ပဘဏ်များမှ ချေးယူသုံးစွဲခြင်း၊ တာဝန်ပြန်လည်ပေးဆပ်ခြင်း၊

(င) မိမိ၏ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိခြင်း။

၂၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နှစ်စဉ်ရရှိသည့်အမြတ်ငွေ ပေါ်မူတည်၍ ထည့်ဝင်ငွေကိုပေးသွင်းပြီးနောက် ကျန်သည့် အသားတင် အမြတ်ကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်းငွေစာရင်းများ ခွဲဝေထားရှိရမည်-

(က) ဆုကြေးရန်ပုံငွေ

(ခ) သက်သာချောင်ချိရေးရန်ပုံငွေ

(ဂ) ဖွံ့ဖြိုးမှုရန်ပုံငွေ

(ဃ) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ

(င) လှည့်ပတ်ရန်ပုံငွေ

(စ) အခြားလိုအပ်သောရန်ပုံငွေ

၂၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် စာရင်းစစ်ဆေးချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ငွေစာရင်းရှင်းတမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ ပေးပို့ရမည်။

၂၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရာနှုန်းပြည့်နိုင်ငံပိုင်ဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သင့်လျော်သည့်အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်ရရှိရေး ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကျိုးအကြောင်း ပြည့်စုံစွာဖြင့် ခွင့်ပြုချက်လျှောက်ထား တောင်းခံနိုင်သည်။

၂၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ထိရောက်သည့် စစ်ဆေးကြပ်မတ်မှု ရှိစေရန် ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၂၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အောက်ပါစာရင်းများကို ဝန်ကြီးဌာနမှ ညွှန်ကြားသည့်အတိုင်း တင်ပြရမည်-

(က) ငွေသားအခြေအနေ

(ခ) လက်ကျန်ရှင်းတမ်း

(ဂ) အရှုံး၊ အမြတ်စာရင်း

(ဃ) ဝန်ထမ်းအင်အားစာရင်း

(င) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့် စာရင်း

၂၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းများအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၂၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အသိအမှတ်ပြုသော စာရင်းစစ်အဖွဲ့ထံအပ်နှံ၍ စစ်ဆေးခံရမည်။

၂၉။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုက မိမိ၏အသားတင်ဝင်ငွေပေါ်တွင် အခွန်များ ပေးဆောင်ရသည့်နည်းလမ်းအတိုင်း ထိုနိုင်ငံပိုင်စီးပွားရေး၌ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်နှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် မိမိ၏အသားတင် ဝင်ငွေပေါ်တွင် အခွန်များ ပေးဆောင်ရန်တာဝန်ရှိသည်။

၃၀။ ဤဥပဒေမတည်မီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ပြည်ထောင်စုအစိုးရအဖွဲ့အပေါ်တွင် ရရန်၊ပေးရန်ရှိသည့်ငွေကြေးများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့အကြား စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရမည်။

အခန်း(၈)

တားမြစ်ချက်များ

၃၁။ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ-

(က) သင်္ဘောခပေးဆောင်ခြင်းမှ လွတ်ကင်းရန်ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကိုသုံးစွဲ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွင် စီးနင်းလိုက်ပါခြင်း သို့မဟုတ် သင်္ဘောခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါခြင်း၊ စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်ခြင်း။

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်း သိလျက်နှင့် ထိုကျော်လွန်သည့်ခရီးအတွက် နောက်ထပ်သင်္ဘောခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်နောက်ထပ်သင်္ဘောခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွင် တမင်ဆက်လက်စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်ခြင်း။

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ရောက်ရှိကြောင်း သိလျက်နှင့်သင်္ဘောမှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း။

(ဃ) လူနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ လွတ်ကင်းရန်ရည်ရွယ်ချက်ဖြင့် ကျသင့်သောတန်ဆာခကို လုံးဝပေးဆောင်ခြင်း မပြုဘဲ သို့မဟုတ် ကျသင့်သော တန်ဆာခကို အပြည့်ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွင်လူနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း။

(င) အမှန်တကယ်ကျသင့်သော သင်္ဘောခကိုပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောတွင် သင်္ဘော နေရာအဆင့်အတန်းတစ်ခုအတွက် သင်္ဘောခပေးဆောင်လျက် ထိုနေရာ အဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါလျက် သင်္ဘော၏ အရာထမ်း၊ အမှုထမ်းများက သင်္ဘောလက်မှတ်ဝယ်ယူရန် စေခိုင်းသော်လည်း သင်္ဘောလက်မှတ်မဝယ်ယူလျှင် သို့မဟုတ် သင်္ဘောလက်မှတ်ထုတ်ပြရန် စေခိုင်းသော်လည်း သင်္ဘောလက်မှတ်ထုတ်မပြခြင်း သို့မဟုတ် ခရီးဆုံးတွင် သင်္ဘောလက်မှတ်ပြန်အပ်ရန် တောင်းဆိုသော်လည်း သင်္ဘောလက်မှတ်ပြန်မအပ်ခြင်း။

(ဆ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွင် စီးနင်းလိုက်ပါသော သူတစ်ဦးအတွက် ကျသင့်သော သင်္ဘောခကို ပေးဆောင်ခြင်းမှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်အား လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း။

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခအပြည့်ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောပေါ်တွင် မတရားသောနည်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း။

(ဈ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွင် အသုံးပြုသော လူစီးလက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားသော လက်မှတ်ကို သို့မဟုတ် ပုံစံများကိုဖြစ်စေ၊ မတရားသဖြင့် အစားထိုးအသုံးပြုရန်ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ခြင်း သို့မဟုတ် အတုပြုလုပ်ရန် ကြိုးစားအားထုတ်ခြင်း သို့မဟုတ် အဆိုပါ အတုလက်မှတ်များကိုဖြစ်စေ၊ ပုံစံများကို ဖြစ်စေ ထိန်းသိမ်းထားခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း။

(ည) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့်ရယူလျက် ထိုနေရာအား အဖိုးအခဖြင့် ရောင်းရန်ကြိုးစားခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း။

(ဋ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောပေါ်ရှိ ရေယာဉ်သုံးပစ္စည်းကိုဖြစ်စေ၊ ရေယာဉ်အစိတ်အပိုင်းကိုဖြစ်စေ၊ ပျက်စီးစေခြင်း၊ မရိုးမဖြောင့်သော သဘောဖြင့်ရယူခြင်း သို့မဟုတ် အားထုတ်ခြင်း။

အခန်း(၉)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၃၂ တွင် ဖော်ပြထားသော ပုဒ်မခွဲပါ တားမြစ်ချက် တစ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်ကြိုးစားအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အောက်ပါပြစ်ဒဏ်များချမှတ်ရမည်-

(က) ပုဒ်မ ၃၂၊ပုဒ်မခွဲ(က)၊(ခ)၊(ဂ)၊(ဃ)၊(င)၊(စ)၊(ဆ)၊(ဇ)နှင့်(ည)တို့ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးဒဏ်ငွေနှစ်သောင်းမှ အများဆုံးဒဏ်ငွေ တစ်သိန်းပေးဆောင်စေရန်နှင့် မပေးဆောင်နိုင်က အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံးထောင်ဒဏ်သုံးလ ကျခံစေသည့် ပြစ်ဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၂၊ပုဒ်မခွဲ(ဋ)ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၃၂၊ပုဒ်မခွဲ(ဈ)ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ ဤပုဒ်မ ၃၂ အရ ကျူးလွန်သော ပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများ အဖြစ်မှတ်ယူရမည်။

အခန်း(၁၀)

ဆုကြေးငွေချီးမြှင့်ခြင်း

၃၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် မိမိ၏စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်နိုင်ရမည်။ ယင်းသို့အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့်ဝင်ငွေအချိုးအတိုင်းသော် လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်လျှင်သော် လည်းကောင်း၊ ဆုကြေးချီးမြှင့်ပိုင်ခွင့်ရှိသည်။

၃၅။ ဆုကြေးချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်း အချိုးအရ ဝန်ထမ်းများကို ဆုကြေးများ ခွဲဝေသတ်မှတ်ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါအခြေခံမှုများ အပေါ်မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှု ဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည်-

(က) သတ်မှတ်ထားသောစံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်မှု၊ ဝန်ဆောင်နိုင်မှု၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ နည်းစနစ်သစ်များတီထွင်နိုင်မှု၊

(ဂ) ထုတ်လုပ်သည့် ကုန်ပစ္စည်းအရည်အသွေးစံချိန်မီမှုနှင့် တီထွင်ထုတ်လုပ်နိုင်မှု၊

(ဃ) ကုန်ကြမ်းသုံးစွဲမှုစံချိန်လျော့နည်းလာမှု၊

(င) အလေအလွင့်၊ အပျက်အစီး၊ အဆုံးအရှုံးလျော့နည်းလာမှု။

၃၆။ ဝန်ထမ်းများသည်သီးခြားတာဝန်ပေးခြင်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

အခန်း(၁၁)

အထွေထွေ

၃၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပစ္စည်းမှန်သမျှသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်။

၃၈။ တပ်မတော်မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်အား ဌားရမ်းအသုံးပြုခြင်း၊ စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်အရဆင့်ခေါ်၍ သာမန် အချိန် သို့မဟုတ် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၈ အရ တန်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်များ ပျက်စီးခြင်း၊ နစ်မြုပ်ခြင်းများဖြစ်ပေါ်ပါက အသုံးပြုသည့် တပ်မတော်မှ မူလအခြေအနေအတိုင်း ဖော်ဆယ်ပြုပြင်အပ်နှံရမည်။

၃၉။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့်ဝန်ထမ်းများသည် ဤဥပဒေအရ ဆောင်ရွက်နေစဉ် သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူ ပြုနေစဉ် ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁ တွင် အဓိပ္ပာယ် ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော သို့မဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော ကိစ္စအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအားသော်လည်းကောင်း၊ လက်အောက်အဖွဲ့များအားသော်လည်းကောင်း၊ အဖွဲ့ဝင်အားသော်လည်းကောင်း၊ လက်အောက်အဖွဲ့ဝင်အားသော်လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သို့မဟုတ် လက်အောက်အဖွဲ့များ၏ အရာထမ်း၊ အမှုထမ်းများအားသော်လည်းကောင်း တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ မစွဲဆိုရ။

၄၁။ ဤဥပဒေအရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်းသက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုသော်လည်းကောင်း၊ စီမံခန့်ခွဲရေးအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကိုသော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၄၂။ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားရှိ အပိုဒ်(၁၄၉)သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဖြစ်စေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၄၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

၄၄။ ၁၉၅၂ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်း ဖြစ်ပါသည်။

စစ်တွေမြို့နယ်၌ လက်သမားနှင့်ပန်းရန် သင်တန်းဖွင့်

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာစေရေးနှင့်အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်ကျွမ်းစေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သောလက်သမားနှင့်ပန်းရန်အတတ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၈ နာရီက စစ်တွေမြို့နယ် ကံ့ကော်ကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းဝေနှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူး ဦးအောင်သန်းနှင့်တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများတက်ရောက်ကြပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ကံ့ကော်ကျွန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး DUAL TECH ကုမ္ပဏီလီမိတက်မှ သင်တန်းနည်းပြများက လက်သမားနှင့်ပန်းရန်အတတ်ပညာ ဘာသာရပ်များအလိုက် သင်တန်းကာလနှစ်ပတ်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်းနှင့် သင်တန်းပြီးဆုံးပါက သင်တန်းသားများအား သင်တန်း ဆင်းလက်မှတ်နှင့်လက်သမားပစ္စည်းအပြည့်အစုံ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေကျပ် သိန်း ၉၂၀ ဖြင့် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာ ချောင်းချောက်ချောင်းတူးဖော်ရေး စတင်ဆောင်ရွက်

မိုးညှင်း မတ် ၈

မြန်မာ့အလင်းနေ့စဉ်သတင်းစာ ၃-၁-၂၀၁၄ ရက်နေ့ထုတ် လူမှုစီးပွားကဏ္ဍတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာ ချောင်းချောက်ချောင်း အထက်တောင်ခြေတွင် မိုးတွင်းကာလ တောင်ပြိုကျမှုကြောင့် လယ်၄၅ ဧကမှ ဧက ၅၀ ခန့် ကျောက်ခဲသဲနုန်းများ ဖုံးလွှမ်း၍ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် နောက်ထပ်ဧကများစွာ ပျက်စီးဆုံးရှုံးနိုင်ကြောင်း ဖော်ပြထားသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်နှင့် မိုးညှင်းခရိုင်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်လွင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါချောင်း ချောက်ချောင်းကို ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၂၀ ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ၍ စက်ယန္တရားဖြင့် မတ် ၁ ရက်ကစတင်၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာ မတ် ၄ ရက်အထိ ပေပေါင်း ၁၀၀၀ ခန့် ပြီးစီးမှုရှိကြောင်း တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

ထွန်းရီ

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းသို့ Wheel Chairs များ လှူဒါန်း

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော ပြည်သူများအား လူမျိုးဘာသာခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီစွာရရှိရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်သောလူမှုပတ်ဝန်းကျင်များဖြစ်ပေါ်လာရေး ဦးတည်ချက်နှင့် အတူရည်ရွယ်ချက်သုံးခုကို အခြေခံ၍ တည်ထောင်ထားသည့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းသို့ လူနာများ အသုံးပြုရန် Wheel Chairs များပေးအပ်လှူဒါန်းပွဲကို မတ် ၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်ဂျပန်နိုင်ငံအခြေစိုက် Kyoto East Rotary Club မှ Professor Shigeru Okada ကလှူဒါန်းရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌဒေါက်တာသန်းစိန်ထံ လူနာသုံး Wheel Chairs ၃၀ကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ Wheel Chairs များကို မွန်ပြည်နယ်အတွင်း နိုင်ငံပိုင်ဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ဖွင့်လှစ်ထားသည့် စေတနာဆေးခန်းများသို့ ဆက်လက်ပေးပို့အသုံးပြုသွားမည်ဖြစ်သည်။

ယခုအခါ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းသည် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ပြည်သူများအတွက် အခမဲ့စေတနာဆေးခန်းများကို ပိတ်ရက်မရှိ အချိန်ပိုင်းဖွင့်လှစ်ကုသပေးလျက်ရှိကြောင်းနှင့်ယခုနှစ်အတွင်း အခမဲ့စေတနာဆေးခန်းပေါင်း ၂၅ ခုအထိ တိုးချဲ့ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မဂ္ဂနီစီယမ်က အရိုးအက်ခြင်းကိုကာကွယ်နိုင်

နော်ဝေနိုင်ငံ ပြည်သူ့ကျန်းမာရေးသိပ္ပံမှ လေ့လာမှုအသစ်တစ်ခုအရ မဂ္ဂနီစီယမ်ပါဝင်သော သောက်ရေသည် တင်ပါးရိုးအက်ခြင်းကို ကာကွယ်နိုင်ကြောင်း ဖော်ပြထားသည်။

သုတေသနပညာရှင်များသည် နော်ဝေနိုင်ငံအနှံ့တွင် နေထိုင်သောပြည်သူများအကြား တင်ပါးရိုးအက်မှုကို လေ့လာခဲ့ရာ အဆိုပါဒေသများတွင် သောက်ရေထဲ၌ မဂ္ဂနီစီယမ်နှင့် ကယ်လ်စီယမ်တို့ ပါဝင်မှုအဆင့်အမျိုးမျိုးတွေ့ရှိရပြီး မဂ္ဂနီစီယမ် ပါဝင်မှုနှုန်းမြင့်မားသောဒေသများတွင် နေထိုင်သည့် အမျိုးသား အမျိုးသမီးများသည် တင်ပါးရိုးအက်မှုလျော့ကျပြီး အရိုးသန်မာကြကြောင်း သိရသည်။ အဆိုပါ တွေ့ရှိချက်များသည် ရေထဲတွင် ကယ်လ်စီယမ်ပါဝင်မှုနှုန်းနှင့် မည်သို့မျှ မပတ်သက်ကြောင်း သိရသည်။

မဂ္ဂနီစီယမ်ပါဝင်သော ရေသည် တင်ပါးရိုးအက်ခြင်း အရေအတွက်ကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်တို့က ဆိုသည်။ "ဖြစ်နိုင်တာကတော့ ရေအသုံးပြုတဲ့ ကုမ္ပဏီတွေဟာ ထုံးအစား ဒိုလိုမိုက်ကို တစ်လှည့်သုံးစွဲသင့်တယ်။ ဒိုလိုမိုက်ထဲမှာ မဂ္ဂနီစီယမ်ကော၊ ကယ်လ်စီယမ်ပါ ပါဝင်တယ်။ ထုံးမှာ ကယ်လ်စီယမ်ကာဗွန်နိတ်သာပါဝင်တယ်"ဟု ပြည်သူ့ကျန်းမာရေးသိပ္ပံမှ တွဲဖက်သုတေသနပညာရှင်များက ပြောကြားသည်။

မဂ္ဂနီစီယမ်၏ ကာကွယ်နိုင်စွမ်းသည် အံ့ဩဖွယ်ရာ မဟုတ်သော်လည်း ရေတွင်ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်တို့၏ ဆက်နွယ်မှုနှင့် တင်ပါးရိုးအက်ခြင်းတို့၏ အကြောင်းအကျိုးစပ်ဆက်မှုသည် ရှုပ်ထွေးကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် သောက်ရေနှင့် တင်ပါးရိုးအက်ခြင်းတို့အကြား ဆက်နွယ်မှု၏ ပိုမိုအားကိုးလောက်သော ရလဒ်ရရှိရန်နှင့် ခန္ဓာကိုယ်အတွင်းရှိ ဇီဝယန္တရား ပိုမိုကောင်းမွန်မှုရရှိရေး သုတေသနများ ထပ်မံပြုလုပ်ရန်လိုအပ်သည်။

ကောက်ချက်စွဲသည့် အဆင့်ရောက်ရန်မှာ ခန့်မှန်းခြေ အမျိုးသားအမျိုးသမီး ခုနစ်သိန်းကို ခုနစ်နှစ် သုတေသနပြုလုပ်ခြင်းနှင့် အဆိုပါကာလအတွင်း အမျိုးသား ၅၅၀၀နှင့် အမျိုးသမီး ၁၃၆၀၀တို့၏ တင်ပါးရိုးအက်ခြင်းကို မှတ်တမ်းတင်ခဲ့ကြသည်။

လပြည့်သော်တာ

MBA ဘွဲ့ရသူများ၏ ၂၀၁၄ခုနှစ် မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အမ်ဘီအေသင်တန်းစတင်ခဲ့သည့် ၁၉၉၅ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အထိ အချိန်ပြည့် နေ့သင်တန်းနှင့် ညသင်တန်းမှ အမ်ဘီအေဘွဲ့ရရှိခဲ့သူများ ကျောင်းသားများ၏ စုံညီမိတ်ဆုံညစာစားပွဲ (သတ္တမအကြိမ် ၂၀၁၄ခုနှစ်)ကို မတ် ၂၃ (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းပေါ်ရှိ Myanmar Convention Centre ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အမ်ဘီအေသင်တန်းများတွင် ပို့ချခဲ့၊ ပို့ချဆဲဖြစ်သော ဆရာကြီး ဆရာမကြီးများအား တွေ့ဆုံဂါရဝပြုရင်း နှစ်အသီးသီး၊ အတန်းအသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ တပျော်တပါး ပြန်လည်တွေ့ဆုံကာ၊ အမ်ဘီအေမိသားစုဝင်များအားလုံး၊ ချစ်ခင်ရင်းနှီးစွာ ဆက်သွယ်ပေါင်းစည်းနိုင်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပကြောင်း သိရှိရသည်။ အဆိုပါညစာစားပွဲတွင် နှစ်ပတ်လည် အမျိုးသား၊ အမျိုးသမီး ဂေါက်ရိုက်ပြိုင်ပွဲဆုရများကို ဆုချီးမြှင့်မည်ဖြစ်ပြီး၊ ကံစမ်းမဲများ၊ ပျော်ရွှင်ဖွယ်ရာ တေးဂီတအစီအစဉ်များစီစဉ်ထားသောကြောင့် အမ်ဘီအေမိသားစုဝင်အားလုံး တက်ရောက်နိုင်ရန် ညစာစားပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။

အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍ သိလိုသည်များကို မေးမြန်းစုံစမ်းနိုင်ပြီး ညစာစားပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးနိုင်ပါသည်။

ညစာစားပွဲဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်သည့် ကိုဝင်းထွဋ်အောင် ဖုန်း-၀၉-၅၀၀၀၄၀၅၊ ကိုချစ်ထွဋ် ဖုန်း-၀၉-၄၉၂၃၂၉၀၀၊ ကိုအောင်မင်း ဖုန်း-၀၉-၅၀၇၅၁၈၁၊ ကိုမင်းဦး ဖုန်း-၀၉-၅၀၀၇၁၆၆၊ ကိုသက်လွင်ရွှေ ဖုန်း-၀၉-၈၆၀၀၆၅၅၊ ကိုတင်မောင်ဦး ဖုန်း-၀၉-၅၀၁၇၅၃၁၊ ကိုအောင်နိုင်ဝင်း ဖုန်း-၀၉-၄၃၃၂၂၉၉၀၊ မခင်သက်ခိုင် ဖုန်း-၀၉-၄၃၀၂၄၂၀၀၊ ကိုရန်အောင်ကျော် ဖုန်း-၀၉-၅၀၁၂၂၇၀၊ ကိုမြမိုးအောင် ဖုန်း-၀၉-၅၀၂၂၆၇၇၊ ကိုဝင်းထွန်း ဖုန်း-၀၉-၅၀၀၀၆၉၉၊ ကိုကောင်းငြိမ်းစိုး ဖုန်း-၀၉-၄၃၀၉၄၃၁၇၊ ကိုလှထွန်းဖြူ ဖုန်း-၀၉-၇၃၀၀၀၁၉၉၊ ကိုမိုးကျော်စွာ ဖုန်း-၀၉-၅၁၅၆၇၉၉၊ မသိန်းသိန်းမင်း ဖုန်း-၀၉-၅၁၆၃၁၂၃၊ ကိုသိန်းဦး ဖုန်း-၀၉-၅၀၁၉၁၈၄ တို့ကို ဆက်သွယ်၍ ညစာစားပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးနိုင်ပါကြောင်း။

ဇာသပြင်သွားဓာတ်တော်ရှင် ကျိုက်ပံကရုံစေတီတော် ရွှေသင်္ကန်းကပ်လှူရေစက်ချနှင့် စိန်ဖူးတော်သစ်တင်လှူပွဲ နှိုးဆော်လွှာ

ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ဇာသပြင်ကျေးရွာရှိ သွားဓာတ်တော်ရှင် သမိုင်းဝင်ကျိုက်ပံကရုံ (ချောင်းဝ)စေတီတော်မြတ် ရွှေသင်္ကန်းကပ်လှူ ရေစက်ချနှင့် စိန်ဖူးတော်သစ် တင်လှူပွဲမင်္ဂလာအခမ်းအနားကို ၂၃-၃-၂၀၁၄ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ ဇာသပြင်ကျေးရွာပေါက် ရပ်နီးရပ်ဝေးရောက် မိဘပြည်သူအပေါင်းနှင့် အခြားသော ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်း အလှူရှင်အပေါင်းတို့အနေဖြင့် ကျွန်ုပ်တို့နှင့်ထပ်တူထပ်မျှ မင်္ဂလာအခမ်းအနားသို့ တက်ရောက် သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျိုက်ပံကရုံစေတီတော်ရွှေသင်္ကန်းကပ်လှူရေး
လုပ်ငန်းကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်စန်းစန်းနိုင် **နှင့်** ၁။ ဦးဘစီ
၂။ ဒေါ်အေးစီ

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ မြမျိုးနွယ်လမ်း၊ အမှတ်(၄၅/၅၀)နေ တရားပြိုင်များ ဦးဘစီ ပါ-၂ (ယခုနေရပ်လိပ်စာမသိ) သိစေအပ်ပါသည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းနိုင်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၉ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

(၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(၅) တာမွေ

st. Francis Boys' School

၁၉၅၈ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ပညာသင်ကြားလမ်းညွှန်ပေးခဲ့ကြသော ဆရာမကြီးနှင့် ဆရာ ဆရာမတို့ကို အောက်ပါအစီအစဉ်အတိုင်း ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

ကျောင်းသားဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။

နေ့ရက် - ၅-၄-၂၀၁၄ ရက် (စနေနေ့)
အချိန် - ညနေ ၄ နာရီမှ ၇ နာရီအထိ
နေရာ - မော်ဒန်လက်ဖက်ရည်ဆိုင် (တာမွေ)

အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်- ကိုသန်းဌေး ဖုန်း-၀၉-၅၁၅၉၂၄၀၊ ကိုတင်ထွန်း ဖုန်း-၀၉-၃၁၀၂၀၄၅၈၊ ကိုစိန်ဝင်း ဖုန်း-၀၉-၅၁၂၈၁၈၉၊ကိုဂျင်မီအော ဖုန်း-၀၉-၂၅၀၆၄၈၇၄၅

ကျောင်းသားဟောင်းများမိတ်ဆုံစားပွဲ ဆက်လက်ကျင်းပပါမည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဖြူးမြို့နယ်တွင် ပြန်လည်ပေးဆပ်ကြပြီ

ဖြူး မတ် ၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးရေးရာသီတွင် ကျေးရွာအုပ်စု ၆၂ အုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၀၀ ကျော်တို့မှ တောင်သူလယ်သမား ၁၈၂၅၂ ဦးတို့ကို မိုးစပါး စိုက်ဧက ၁၁၃၅၀၈ ဧကအတွက် တစ်ဧကကျပ်တစ်သိန်းနှုန်းဖြင့် ချေးငွေကျပ်သိန်းပေါင်း တစ်သိန်းတစ်သောင်းကျော်တို့ကို လယ်သမားကြီးများထံသို့ မိုးရာသီအမီ အချိန်နှင့်တစ်ပြေးညီ ထုတ်ချေးပေးခဲ့သည်။

ယခုအချိန်တွင် တောင်သူလယ်သမားများ စိုက်ပျိုးခဲ့ကြသည့် မိုးစပါးများမှာ အထွက်ကောင်းခဲ့သဖြင့် ဆန်သစ်များ ဖြိုင်ဖြိုင်ပေါ်နေပြီဖြစ်၍ ဆန်များကို ရောင်းချလျက် ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူထားသော မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ယမန်နှစ်ကထက်စော၍ ယခုနှစ်ဖေဖော်ဝါရီလပထမပတ်မှစ၍ ချေးငွေများကို အဖွဲ့လိုက်နှင့် တစ်ဦးချင်းစီ နေ့စဉ် လာရောက်၍ ပြန်လည်ပေးဆပ်လျက်ရှိရာ မတ် ၃ ရက်အထိ ချေးငွေပေါင်း ကျပ် ၃၆၈၅၅၀၀၀၀၀ အထိ ပေးဆပ်ပြီးဖြစ်ကြောင်းသိရပြီး "ဒီနှစ်ကတော့ ရာသီဥတုသိပ်မဆိုးလို့ ကျုပ်တို့ဖြူးမြို့နယ်က လယ်သမားအများစုမှာ စပါးအထွက်ကောင်းခဲ့ကြပါတယ်။ ဆန်ဈေးကလည်း ယမန်နှစ်ကထက်စာရင် အသင့်အတင့်ဈေးကောင်းရကြလို့ မိုးစပါးချေးငွေများကိုလည်း စောစောဆပ်နိုင်ကြပါတယ်။ မကြာခင် လပိုင်းအတွင်းမှာ မိုးစပါးချေးငွေအားလုံးကို လယ်သမားများက အပြေအကျေ ပြန်လည်ပေးဆပ်နိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်"ဟု ဖြူးအရှေ့ကျားသောင်ကျေးရွာမှ လယ်သမားတစ်ဦးက ဆန်ကြိတ်ရန် လာရောက်စဉ် ပြောပြသည်။

တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးစရိတ်အဖြစ် တစ်ဧကကျပ်တစ်သိန်းနှုန်းဖြင့် တစ်နိုင်ငံလုံးရှိ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ ထုတ်ချေးပေးခဲ့သည်။ **ဖြူး-မြင့်ဦး**

စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာန၌ မတ် ၁၆ ရက်တွင် ပုဂံသွေး ပရဟိတနှင့် သွေးလှူရှင်များအသင်း၏ အဋ္ဌမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ပါသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ပုဂံ ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နာယကများ၊ အသင်းအမှုဆောင်များ၊ ပုဂံသွေး၏ ပုံမှန်သွေးလှူရှင်များ အပြင် အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း ကိုယ်အလေးချိန် ပေါင် ၁၀၀ ကျော်သူ ရောဂါကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

သွေးလှူဒါန်းလိုပါက ပုဂံသွေး ပရဟိတနှင့် သွေးလှူရှင်များအသင်းမှ ဦးဝင်းမြင့် ဖုန်း-၀၉-၃၁၂၈၅၅၃၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၇၃၁၂၃၅၂၁၊ ဦးစိုးခိုင် ဖုန်း-၀၉-၄၂၁၁၀၅၇၅၇၊ ကိုသန်းဝင်းအောင် ဖုန်း-၀၉-၄၂၁၀၆၆၀၅၇၊ ကိုသောင်းဇော် ဖုန်း-၀၉-၅၁၈၉၂၈၇ တို့သို့ ကြိုတင်စာရင်းပေးသွင်းထားနိုင်မည်ဖြစ်သည်။

သွေးလှူဒါန်းခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ကျန်းမာရေးကောင်းမွန်ပြီး သွေးလည်ပတ်မှုများ ပိုမိုကောင်းမွန်လာကာ မိမိသွေးဖြင့် အမှန်တကယ်လိုအပ်နေသူများ၏ အသက်ကို ကူညီကယ်ဆယ်ရာ ရောက်သဖြင့် ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **ခိုင်စိုးမိုး**

တောင်သူများဖြိုးကြွယ် ချောင်းဦးမြို့နယ်က သခွားပင်လယ်

ချောင်းဦး မတ် ၈

ချောင်းဦးမြို့နယ်၏ ရေမြေ သဘာဝရာသီဥတု အနေအထားအရ လယ်ယာကိုင်းကျွန်း ထွက်ကုန်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်နိုင်သော မြို့နယ်ဖြစ်ပြီး ဒေသခံတောင်သူများ၏ လက်တွေ့ဘဝတွင် စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ခွင့်ရရှိထားသည်။ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး၏ အကျိုးကြောင့် တန်ဖိုးမြင့်သီးနှံ သခွားမွှေးကို ယခုအခါ စီးပွားဖြစ်စိုက်ပျိုးကြလျက်ရှိကြောင်းနှင့် ရန်အောင်မြေ၊ ကြီးကုန်း၊ ချောင်းဦးတောင်၊ ညောင်ပင်သာ၊ မကျီးခွ၊ တောကျောင်းကြီး၊ သုံးပန်လှ၊ ရေလှေ၊ ဝ၊ သာ၊ ငါးလုံးတင်၊ မုန်ချိုအောင်ချမ်းသာ စသည့် ကျေးရွာအုပ်စုများတွင် ၂၀၁၃-၂၀၁၄ စိုက်ပျိုးရာသီ၌ မိုးသခွား ၅၂၆ ဧက၊ ဆောင်းသခွား ၂၁၀၄ ဧက စုစုပေါင်း ဧက ၂၆၃၀ စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှသန်းက ပြောကြားသည်။

ဖြစ်ထွန်းအောင်မြင်နေသည့် သခွားမွှေးစိုက်ခင်းအား မြင်တွေ့ရစဉ်။

သုံးပန်လှကျေးရွာ စိုက်ကွင်းသို့ သွားရောက်ရာ လမ်းဘေးတစ်ဖက်တစ်ချက်စီတွင် သခွားမွှေးစိုက်ခင်းများ မျက်စိတစ်ဆုံး မြင်တွေ့ရသည်။ သခွားစိုက်ခင်းရှင် ဦးကြည်စန်းက "ယခုနှစ်မှာ သခွားရှစ်ဧက စိုက်ပျိုးထားပါတယ်။ မနှစ်က ငါးဧကစိုက်ခဲ့တာ သိန်း ၄၀၀ လောက် အမြတ်ရခဲ့ပါတယ်။ အခု ကျွန်တော်စိုက်ပျိုးတဲ့ စနစ်ကတော့ အစိုဓာတ်ထိန်းတဲ့ ပေါင်အုပ်စနစ်နဲ့ ပင်ကြား ၁ ဒသမ ၅ ပေ၊ တန်းကြား သုံးပေနဲ့ တစ်ဧကမှာ အပင်ရေ ၈၀၀၀ ဝင်ဆံ့အောင် စိုက်ပျိုးထားပါတယ်။ အပင်စိုက်ပျိုးပြီး ငါးရက်သားအရွယ်မှ ၈၅ ရက်သားအထိ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့ကို အချိန်ကိုက်ပက်ဖျန်းပေးရပါတယ်။ စိုက်ပြီး ခုနစ်ရက်သားမှာ အပင် ခါးဆွ၊ တိုင်ထောင်၊ တန်းပစ်လုပ်ငန်းတွေကို ဆက်တိုက်လုပ်ရပါတယ်။ ၁၈ ရက်သားမှာ ဘေးအတက်တွေ ဖဲ့ပေးရပါတယ်။ ရက် ၂၀ မှာ ပင်ခြေအနီး ဓာတ်မြေဩဇာထည့်ရပြီး ရက် ၄၀ မှာ အောက်ခြေရွက်မှ ၁၂၊ ၁၃၊ ၁၄ ရွက်အဆင့်မှာ ကိုင်းတက် တစ်တက်ချန်ပြီး ဖြတ်ပေးရပါတယ်။ ၄၃ ရက်သားမှာ ခေါင်နှိမ်ပေးရပါတယ်။ ၄၅ ရက်သားမှာ ဓာတ်မြေဩဇာကျွေး၊ စတုတ္ထအကြိမ် ရေသွင်း၊ ရက် ၅၀ မှာ အကောင်းဆုံးသီးလုံးနဲ့ သီးကိုင်းကို ကြိုးချည်ပြီး ကျန်အတက်တွေကို ဖြတ်ပေးရပါတယ်။ ငါးရက်သားမှာ ဆေးဖျန်းပြီး စက္ကူအိတ်စွပ်ပေးရပါတယ်။ ရက် ၇၀ မှာ ပထမအသီး အိတ်ဖြုတ်၊ ဒုတိယအသီး အိတ်စွပ်ပေးရပါတယ်။ အပင်တစ်ပင်မှ အောက်သီး အပေါ်သီး နှစ်လုံးပဲယူပါတယ်။ ၇၅ ရက်သားမှာ အောက်သီးကို ခူးရပါတယ်။ တစ်ဧကမှာ အသီး ၇၀၀၀ ကောင်းကောင်းထွက်ပါတယ်။ အပေါ်သီးကို ရက် ၉၀ မှာ ခူးပါတယ်။ အလုံးရေ ၆၀၀၀ လောက်ရပါတယ်။ တစ်ဧကမှာ ၁၅ တန်လောက်ထွက်ပါတယ်"ဟု ပြောပြသည်။

ဈေးကွက်ရှိသော တန်ဖိုးမြင့်သီးနှံများကို ရွေးချယ်၍ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးကြခြင်းကြောင့် တောင်သူများလည်း စီးပွားရေးအဆင်ပြေ၊ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မြို့နယ်စီးပွားကဏ္ဍ (GDP) အချိုးလည်း တိုးတက်ကောင်းမွန်သော အကျိုးဆက်တို့ဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူမှုစီးပွားဘဝများ မြင့်မားနေသော ချောင်းဦးမြို့နယ်မှ သခွားပင်လယ်အကြောင်း လေ့လာတင်ပြအပ်ပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

မှုခင်းသတင်းမှတ်စု

သကြားစက်ရေကန်အတွင်းရေဆင်းကူးရာမှ ဒသမတန်းကျောင်းသားရေနစ်သေဆုံး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျာဝတီသကြားစက်၏ တောင်ဘက် သကြားစက်မှအသုံးပြုသောရေကန်တွင် မတ် ၃ ရက်က မောင်နိုဗယ်ကြည်မြင့်(၁၆)နှစ် ဇေယျာဝတီအထက(၂)မှ ဒသမတန်းကျောင်းသားနှင့် မောင်ဟိန်းဇော်ထက်(၁၆)နှစ် ဇေယျာဝတီအထက(၁)မှ ဒသမတန်းကျောင်းသားနှစ်ဦး ရေဆင်းချိုးရာ မောင်ဟိန်းဇော်ထက်သည် ရေနစ်သေဆုံးခဲ့သည်။ ဇေယျာဝတီနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်တင်သိန်းနှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ၄င်းမှာသေဆုံးနေသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဇေယျာဝတီနယ်မြေရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

ထန်းတပင်မြို့နယ်၌ ပိုက်ကွန်ပစ်ရင်း ငါးမွေထိုးပါးစပ်ထဲဝင်

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကြိမ်တောမြောင်ကျေးရွာအုပ်စု မင်းကျိုင်းကျေးရွာနေ မင်းနိုင်ဦး(၃၈)နှစ်သည် မတ် ၄ ရက် ညနေ ၅ နာရီခွဲက ရွာ၏အနောက်ဘက် လယ်သမားတူးမြောင်းအတွင်း၌ သားဖြစ်သူ ချမ်းမင်းဦး(၁၄)နှစ်နှင့် အုတ်တွင်းမြို့နယ် ဆိတ်ဖူးကုန်းကျေးရွာနေသူများဖြစ်သော မျိုးနိုင်ဝင်း(၁၉)နှစ်၊ စိုင်းလင်း(၁၆)နှစ်တို့နှင့်အတူ ပိုက်ကွန်ပစ်ပြီး ကွန်တွင်မိသော ငါးမွေထိုးအားဖြုတ်၍ ပါးစပ်၌ကိုက်ထားစဉ် အဆိုပါ ငါးမွေထိုးမှာ ပါးစပ်တွင်းဝင်သွားပြီးလည်ချောင်း၌တစ်ကာ အသက်ရှူကျပ်သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဇရပ်ကြီးနယ်မြေရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြိုးလွင်အောင်(ဆွာ)

(YMBA)အသင်းချုပ်
ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်မည်

၁။ (၆၅)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ၂၃-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီအထိ (YMBA) အသင်းချုပ်တွင် ဓမ္မဒါနအဖြစ် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါ၍ မျိုးဆက်သစ်လူငယ်များ နှလုံးသားတွင် ဘုရားတည်နိုင်ရေးအတွက် တက်ရောက်သင်ယူနိုင်ပါသည်။

၂။ ၄င်းပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ (YMBA)မင်္ဂလာစာဖြေဌာနများနှင့် (YMBA)အသင်းခွဲများတွင်လည်း နွေရာသီကျောင်းပိတ်ရက်များ၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများ၊ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ နည်းပြဆရာ(ဆင့်ပွား)သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့
(YMBA)အသင်းချုပ်
ပုဇွန်တောင်၊ ရေကျော်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၀၄၀၉၊ ၂၉၉၇၁၄၊ ၂၉၁၃၄၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်စန်းစန်းနိုင် **နှင့်** ၁။ ဦးလှထွန်း၊ ၂။ ဒေါ်သန်းလှ၊ ၃။ ကိုလှမင်း
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ တိုး/ချဲ့ ၂လမ်း၊ အမှတ်(၁၂၂၇)၊ (၁၂၂၈)နေ တရားပြိုင်များ ဦးလှထွန်း ပါ-၃ (ယခုနေရပ်လိပ်စာမသိ) သိစေအပ်ပါသည်။။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းနိုင်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၉ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈/U 10၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် ၇၀၊ (အလျားပေ ၆၀×အနံပေ ၈၀)ခန့် အကျယ်အဝန်းရှိ ဒေါ်တိုးတိုးစိုး ၁၂/ဗဟန(နိုင်)၀၇၉၃၁၀ အမည်ပေါက်သည့်မြေကွက်ကို ဒေါ်တိုးတိုးစိုးထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းညွန့်မေ ၁၃/တကန(နိုင်)၀၈၅၇၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဆန်နီ (ပျဉ်းမနား)၊ အထက်တန်းရှေ့နေ (စဉ်-၁၆၉၅၁)
၁၀၃၇၊ သင်းဝင် ၅ လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၄၃၁၃၆၁၈၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၁၂၅/က)ရှိ တစ်ထပ်အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ဖြစ်ပါသည်။ မြေပုံပေါ်တွင် လမ်းမြေ ၁၅ ပေချန်၍ (၄၅ပေ×ပေ၁၂၀)ရှိ မြေကွက်အတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဝင်းဝင်းမြင့်နှင့် သား ဦးဖြိုးဝင့်အောင်တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောပြဝန်ခံ၍ အပြီးအပိုင်ဝယ်ယူရန်အတွက် မိမိမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စိုးမိုး ၅/ခဥတ(နိုင်)၀၀၄၆၅၇
အမှတ်(၂၅၇)၊ ဗိုလ်ဉာဏလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၂၃(က)၊ မြေကွက်တည်နေရာ(၂၃/က)၊ ပိတောက်လမ်း၊(၁၀)ရပ်ကွက်၊ လှိုင်သာယာ ဦးကျော်သန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးကျော်သန်း ၁၂/လသယ(နိုင်)၀၀၀၉၉၃ကိုယ်တိုင်က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာတို့ တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၂၂၄/က၊ မြေကွက်တည်နေရာအမှတ် ၂၂၄/က၊ အနော်မာ ၁၈ လမ်း အနောက်၊ (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ် ဦးစိန်သောင်းအမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစိန်သောင်း(ဖခင်)နှင့်ဒေါ်နု(မိခင်)တို့ကွယ်လွန်၍ သားသမီးများဖြစ်သော (၁) ဦးမြစန်း ၁၂/သကတ(နိုင်)၁၀၅၄၁၄၊ (၂) ဦးမြင့်ဆွေ ၁၂/သကတ(နိုင်)၁၀၅၁၁၈၊ (၃) ဒေါ်ကြည်ကြည်မေ ၁၂/သကတ(နိုင်)၁၀၅၀၂၈၊(၄) ဒေါ်ကြည်ကြည်ထွေး ၁၂/သကတ(နိုင်)၁၀၇၀၈၉၊ (၅) ဒေါ်ကြည်ကြည်တိုး ၁၂/ဒပန(နိုင်)၀၂၄၅၈၆၊ (၆) ဒေါ်စိန်စိန်ဥ ၁၂/သကတ(နိုင်)၁၀၇၅၁၇ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၀၉/၂၀၁၄၊ (၉၁၀/၂၀၁၄)ရရှိသူ ဦးကျော်ကျော် ၁၄/ဟသတ(နိုင်)၀၀၃၅၂၆က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆားလင်းကြီးမြို့၏သမိုင်းဝင် “စည်သူပန်း” ဘုရားကြီး ဘက်စုံပြုပြင်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့တွင် သမိုင်းဝင် ရှေးဟောင်းဘုရား၊ စေတီများ ပေါ်များသဖြင့် ဒုတိယပုဂံဟုပင် ခေါ်ဝေါ်တင်စားကြသည်။ အမှတ်(၁)ရပ်ကွက်၊ ချမ်းသာရပ်တွင်ရှိသော “စည်သူပန်း” မြတ်စွာဘုရားကြီးသည် သမိုင်းအထောက်အထားများအရ အလောင်းစည်သူမင်းတရားကြီး ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်စဉ် အလောင်းစည်သူမင်းကြီး ပန်ဆင်တော်မူသော နားပန်းတော် မြေသို့ ကျလေသည်။ ထိုသို့ နားပန်းတော်ကျသော အရပ်၌ “စည်သူ့ပန်း” ဟူသော ဘွဲ့အမည်ဖြင့် စေတီတော်နှင့် ဘုရားကို အလောင်းစည်သူမင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်။ ကာလကြာမြင့်လာသောအခါ “စည်သူ့ပန်း”အမည်မှ “စည်သူပန်” အမည်သို့လည်းကောင်း ပြောင်းလဲလာခဲ့ပြီး၊ ယခုအခါတွင် “စည်သူပန်း” အမည်သို့ ခေါ်ဝေါ်လာကြပေသည်။ အဆိုပါ “စည်သူပန်း”စေတီတော် ပရိဝုဏ်အတွင်း၌ သက္ကရာဇ် ၁၀၉၄ ခုနှစ် ညောင်ရမ်းခေတ်တွင် ပြုလုပ်လှူဒါန်းခဲ့သော ကြေးခေါင်းလောင်းတစ်လုံးနှင့် ကုန်းဘောင်ခေတ် မြတ်စွာဘုရားခြေတော်ရာ တို့ကိုပါ လေ့လာတွေ့ရှိရသည်။

စည်သူပန်းမြတ်စွာဘုရားကြီး တည်ထားကိုးကွယ်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၃၀၀ ခန့် ရှိလာခဲ့ပြီဖြစ်သည်နှင့်အညီ အဘက်ဘက်မှယိုယွင်းပျက်စီးလာသည်ကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဦးကောဝိဒ၏ဩဝါဒကိုခံယူလျက် ဆားလင်းကြီးမြို့နယ်သူ မြို့နယ်သားတို့က တတ်စွမ်းနိုင်သမျှ ဝိုင်းဝန်းပြုပြင်ဆောင်ရွက်နေကြသည်။ သို့ဖြစ်၍ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့အနေဖြင့် ဆားလင်းကြီးမြို့၏ သမိုင်းဝင်စည်သူပန်းဘုရားကြီးနှင့် စေတီတော်ကြီးအား ဘက်စုံမွမ်းမံပြင်ဆင်နေမှုအပေါ် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ **ဦးငယ်(ဆားလင်းကြီး)**

ကသာမြို့၌ ပထမအကြိမ် စုပေါင်း သီလရှင်ဝတ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် စုပေါင်းသီလရှင်ဝတ်ပွဲကို မတ် ၆ ရက်က ကသာမြို့ သာသနဝိပုလ္လသိင်္ဂီသီလရှင်ကျောင်း၌ ကျင်းပသည်။ အမျိုးသမီး ၂၁ ဦးတို့က သာသနာ့နွယ်ဝင်သီလရှင်အဖြစ် ခံယူခဲ့ကြသည်။ အလှူရှင်များက စုပေါင်း၍လှူဒါန်းကျင်းပပေးခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၁၁ သိန်းကျော် စုပေါင်းလှူဒါန်းကျင်းပခြင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ခန္ဓာကိုယ်တွင်လိုအပ်သော အာဟာရဓာတ်များ

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကျန်းမာစွာနေနိုင်ရေးအတွက် နေ့စဉ် အာဟာရဓာတ်များ(Nutrients)များ ပုံမှန်မှီဝဲရန် လိုအပ်ပါသည်။ ယင်းအာဟာရဓာတ်များတွင် စွမ်းအင်သို့မဟုတ် ကယ်လိုရီပေးသော ဓာတ်များ၊ ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် ရေတို့ဖြစ်သည်။

ပရိုတိန်းခေါ် အသားဓာတ်သည် ကာဗွန်ဟိုက်ဒရိတ် (ကစီဓာတ်)နှင့် အဆီတို့သည် တစ်နေ့တာလိုအပ်သော စွမ်းအင်ထောက်ပံ့ရာ အာဟာရဓာတ်များဖြစ်သည်။ ယင်းသို့ လောင်ကျွမ်းရာမှ တစ်နေ့တာ လှုပ်ရှားရန် လိုအပ်သောကယ်လိုရီများ ရရှိသည်။

ကြက်၊ ဝက်၊ ငါး၊ ကြက်ဥ၊ နွားနို့စသော အစားအစာများမှ ပရိုတိန်းကိုရရှိသည်။ ခန္ဓာကိုယ်ကြီးထွားစေရန် ပရိုတိန်းဓာတ်သည် အရေးကြီးသည်။ ခန္ဓာကိုယ်အတွင်း ပျက်စီးသွားသော ဆဲလ်ခေါ် ကလာပ်စည်းများကို ပြန်လည်အစားထိုးတည်ဆောက်ရန် လိုအပ်ခြင်းဖြစ်သည်။ ဆန်၊ ဂျုံ၊ သကြားစသော ကာဗွန်ဟိုက်ဒရိတ်(ကစီဓာတ်)သည် လိုအပ်သောစွမ်းအင်ကို ထောက်ပံ့ရာ အဓိက အာဟာရဖြစ်သည်။ ပဲဆီ၊ နှမ်းဆီ စသောဆီများကိုလည်း နေ့စဉ်စားသုံးရန် လိုအပ်သည်။ ဆီများသည် ကယ်လိုရီပေးသည့်အပြင် အဆီတွင်သာ ပျော်ဝင်နိုင်သော ဗီတာမင်များကို ရရှိစေသည်။ ယေဘုယျအားဖြင့် လူတစ်ဦးသည် တစ်နေ့လျှင် ကယ်လိုရီအားလုံး၏ ၁၀ ရာခိုင်နှုန်းကို အသားမှလည်းကောင်း၊ ၆၀ ရာခိုင်နှုန်းကို ကာဗွန်ဟိုက်ဒရိတ်မှလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို အဆီမှလည်းကောင်း အသီးသီးရယူပေးသည်။ ထိုလောင်စာသုံးမျိုးကို မျှတစွာစားသုံးခြင်းဖြင့် မျှတစာ(Balance Food) ဟု ခေါ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သည့်ဓာတ်များကို ကျန်းမာရေးနှင့်အညီ ရရှိရန် ကြိုးပမ်းသင့်သည်။

ဒုတိယအရေးကြီးသော အာဟာရဓာတ်မှာ ဗီတာမင်များဖြစ်သည်။ ရေတွင် ပျော်ဝင်သော ဗီတာမင်နှင့် အဆီတွင် ပျော်ဝင်သော ဗီတာမင်များဟူ၍ ရှိသည်။ ဗီတာမင်ဘီ ၁၊ ဘီ ၂ နှင့် အခြားဘီအုပ်စုဝင်များနှင့် စီတို့မှာ ရေတွင် ပျော်ဝင်နိုင်ပြီး သွားများ သံမာစေရန် အားဖြည့်ပေးပါသည်။ ဆန်လုံးညိုသည် သိုင်ယာမင်းဓာတ်ကြွယ်ဝ၍ ထမင်းရည်မှ ရရှိပါသည်။ ဗီတာမင်ဘီဝမ်းချို့တဲ့ပါက ဘယ်ရီဘယ်ရီဟုခေါ်သော ထုံနာ၊ ကျင်နာ စွဲကပ်ပါသည်။ ထမင်းရေခန်းချက်ပါက ထိုဓာတ်မဆုံးရှုံးနိုင်ပါ။ သံပရာသီး၊ ရှောက်သီးစသော အချဉ်သီးများသည် ဗီတာမင်စီကြွယ်ဝစွာပါရှိပြီး ကိုယ်ခံစွမ်းအားကောင်းကာ အနာများကို ကျက်စေသည်။

ဗီတာမင် အေ၊ ဒီ၊ အီးနှင့် ကေတို့သည် အဆီတွင် ပျော်ဝင်သော ဗီတာမင်များဖြစ်သည်။ ဗီတာမင်အေသည်မျက်စိအမြင်ကို ကြည်လင်စေသည်။ သရက်သီးမှည့်၊ မာလကာသီး၊ မုန်ညင်းရွက်စသော စိမ်းဝါရောင်သီးနှံများမှ ရရှိသည်။ နွားနို့တွင် ဗီတာမင်ဒီပါဝင်ပြီး အရိုးပျော့ရောဂါမဖြစ်စေရန်ကာကွယ်ပေးသည်။ ဆန်လုံးညို၊ လုံးတီးဂျုံနှင့် နေကြာစေ့တို့တွင် ဗီတာမင်အီးပါဝင်သည်။

သံ၊ ကယ်လ်စီယမ်၊ ပိုတက်ဆီယမ်၊ ဆိုဒီယမ်စသော သတ္တုဓာတ်များလည်း ခန္ဓာကိုယ်က ပမာဏအနည်းငယ်လိုအပ်သည်။ အနည်းငယ်ဆိုသော်လည်း ယင်းတို့ချို့တဲ့ပါက ရောဂါဖြစ်ပွားတတ်ပါသည်။ သံဓာတ်ချို့တဲ့ပါက သွေးအားနည်းရောဂါ၊ ကယ်လ်စီယမ်ချို့တဲ့ပါက အရိုးပျော့ရောဂါ ဖြစ်ပွားနိုင်သဖြင့် အရိုးပါသော ငါးကလေးများ စားခြင်းဖြင့် ကယ်လ်စီယမ်ဓာတ်ရရှိပါသည်။ ဗီတာမင်နှင့် သတ္တုဓာတ်များသည် လူ့ခန္ဓာကိုယ်အတွက် ပမာဏအနည်းငယ်သာ လိုအပ်သော်လည်း ချို့တဲ့ပါက ရောဂါရနိုင်သည်။

အသား၊ ငါး၊ ဥ၊ အသီးအရွက်၊ နို့တို့ကို အမယ်စုံစွာ စားသုံးပါက လိုအပ်သည့်ဓာတ်များအားလုံး ရရှိပါသည်။ ရေကို တစ်နေ့လျှင် ရှစ်ဖန်ခွက်သောက်သင့်သည်။ ရေသည် ခန္ဓာကိုယ်ထဲမှ ပရိုတိန်းများ ပြိုကွဲရာမှ ထွက်ရှိသော ယူရီးယားအပါအဝင်အညစ်အကြေးမျိုးစုံကို ခန္ဓာကိုယ်အပြင်ဘက်သို့ ဆီးမှတစ်ဆင့် စွန့်ပစ်ပါသည်။

ဤနည်းများအားဖြင့် ကျွန်ုပ်တို့ခန္ဓာကိုယ်မှ လိုအပ်သော အာဟာရဓာတ်များကို ပြည့်စုံစွာရရှိပြီး ကျန်းမာရေးသုခကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာ ဘိရော်

ဆင်းရဲမှုလျှော့ချရေး ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးနေ

တောင်ငူ မတ် ၈

တောင်ငူမြို့နယ်၊ ရေပုတ်ကုန်းကျေးရွာနှင့် ကျောက်တိုင်ကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် စုစုပေါင်း ၃၄ လုံးခန့်ရှိ ကျေးလက်အိမ်ရာများအခမဲ့ ဆောက်လုပ်ပေးလျက်ရှိရာ မတ်လကုန်တွင် ပြီးစီးနေရာချထားပေးမည်ဖြစ်ကြောင်း တောင်ငူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ အိမ်ရာများဆောက်လုပ်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် အာရှညီညာစွမ်းအားစုမှ နေအိမ်တစ်လုံးလျှင် ကျပ် ၁၁ သိန်းနှုန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။ နေအိမ်များမှာ နှစ်ပင်ပတ်လည်အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ထရံကာဖြစ်ပြီး အဝင်တံခါးနှင့် နောက်ဖေးတံခါးနှစ်ပေါက်၊ ပြတင်းပေါက်ခြောက်ပေါက်ပါရှိသည်။**(ယာပုံ)**ကျေးလက်အိမ်ရာများအား ကျေးရွာအတွင်း ကိုယ်ပိုင်မြေကွက်ရှိသူများအနက်မှ တဲအိမ်ဖြင့် နေထိုင်ရသူ၊ ကိုယ်ပိုင်အိမ်ဆောက်လုပ်ရန်ခက်ခဲသူများအား ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့မှ ဦးစားပေးအလိုက် ရွေးချယ်ခြင်း၊ မဲနှိုက်ခြင်းများဖြင့် စိစစ်ဆောက်လုပ်ပေးခြင်းဖြစ်သည်။ အိမ်ရာများအား ပိုင်ရှင်၏ နေအိမ်ခြံဝင်းအတွင်း ကာယကံရှင် ဆောက်လုပ်လိုသည့် နေရာတွင် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဖြိုးလွင်အောင်(ဆွာ)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ
အထည်စက်ရုံခွဲ(မြင်းခြံ)နှင့် ဝါကြိတ်စက်ရုံငါးရုံတို့အား
ပုဂ္ဂလိကသို့ ငှားရမ်းရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ အထည်စက်ရုံခွဲ(မြင်းခြံ)နှင့် ဝါကြိတ်စက်ရုံငါးရုံတို့အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းနိုင်ရန် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) အထည်စက်ရုံခွဲ(မြင်းခြံ)
(ခ) ဝါကြိတ်စက်ရုံ(ကျောက်ပန်းတောင်း)
(ဂ) ဝါကြိတ်စက်ရုံ(နွားထိုးကြီး)
(ဃ) ဝါကြိတ်စက်ရုံ(တောင်သာ)
(င) ဝါကြိတ်စက်ရုံ(မလှိုင်)
(စ) ဝါကြိတ်စက်ရုံ(ရမည်းသင်း)

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၃-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၃-၂၀၁၄ ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - (၁) ရန်ကုန်-အထည်အလိပ်လုပ်ငန်းရုံးခွဲ (ယခင်အထည်ချုပ်စက်ရုံ အမှတ် ၂၇၊ အမှတ် ၁၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(၂) နေပြည်တော်-ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ် ၃၇၊စက်မှုဝန်ကြီးဌာန

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊

နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆
ရန်ကုန် ဖုန်း-၀၁-၅၅၄၁၇၇၊ ၅၄၄၁၂၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၄၀၊မြေကွက်အမှတ်(၂၄၈၁/က)ရရှိသူ ဒေါ်လှမြင့်၊ မြေကွက်အမှတ် (၂၄၈၁/ခ)ရရှိသူ ဦးလှကြည်၊ မြေကွက်အမှတ် (၂၄၈၂/က) ရရှိသူ မသန္တာစိမ်း၊ မြေကွက်အမှတ် (၂၄၈၂/ခ)ရရှိသူ ဒေါ်တင်ရွှေ၊ မြေကွက်အမှတ် (၂၄၈၃/က)ရရှိသူ ဒေါ်စန်းကြည်၊ မြေကွက်အမှတ် (၂၄၈၃/ခ)ရရှိသူ ဦးသန်းစိုး၊ အလျား ပေ ၂၀၊ အနံပေ ၆၀ ရရှိသူတို့ထံမှ ဝယ်ယူထားသူ ဦးစိုးဝင်း(ဘ)ဦးသန်းတင် ၁၂/သဃက(နိုင်)၀၉၂၈၁၂ကိုင်ဆောင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
မြိတ်ခရိုင်တရားမရုံးတော်၊ ၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၄
ကွယ်လွန်သူ ဦးချမ်ဟို(ခ)ဦးညွန့်ဖေနှင့်ဇနီး ဒေါ်လှမား(ခ)ဒေါ်ကင်ဟုန်တို့၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု-

မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ပုလဲဒီပါရပ်၊ မြိတ်-ကျွဲကူးလမ်းမကြီး၌ နေထိုင်ခဲ့သော ဦးချမ်ဟို(ခ)ဦးညွန့်ဖေနှင့်ဇနီး ဒေါ်လှမား(ခ)ဒေါ်ကင်ဟုန်တို့၏ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အေးကြူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် မတ် ၂၅ရက်(၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀)ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးချမ်ဟို(ခ)ဦးညွန့်ဖေနှင့်ဇနီး ဒေါ်လှမား(ခ)ဒေါ်ကင်ဟုန်တို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား၊ အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ခုနှစ် မတ် ၂၅ရက်(၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားသော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်စုံတစ်ရာမရှိ ပျက်ကွက်ခဲ့လျှင်၊ ရုံးတော်က ဆိုခဲ့သော ဒေါ်အေးကြူ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းမြကြူ)၊ ဒုတိယခရိုင်တရားသူကြီး၊ မြိတ်ခရိုင်တရားရုံး၊ မြိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၈၄၊ ၁၁၈၅၊ ဧရိယာ ၀ဒသမ၁၁၀ဧကေရှိ ဒေါ်ခင်မာစိုးအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်ခင်မာစိုး ၉/ပမန(နိုင်)၀၃၁၉၇၄၊ (ဘ)ဦးသောင်းညွန့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်မြေကွက် ခွဲစိတ်ခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရာသီအပြောင်းအလဲတွင် အသက်ရှူလမ်းကြောင်းရောဂါဖြစ်ပွားတတ်

ရာသီကူးပြောင်းစတွင် အာသီးရောင်ခြင်း၊ နှာခေါင်းသွေးလျှံခြင်းများ ဖြစ်ပွားတတ်ကြောင်း နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံအုပ်ကြီးက ပြောသည်

နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး(ရန်ကုန်)၌ တစ်နေ့လျှင် အသက်ရှူလမ်းကြောင်းဆိုင်ရာနှင့် နားရောဂါဝေဒနာရှင် ၂၄၀ နီးပါး ကုသပေးလျက်ရှိသည်။ ဓာတ်ပုံ-စိုးစိုးရီ(မြန်မာ့အလင်း)

ရန်ကုန် မတ် ၈

ဆောင်းအကုန် နွေရာသီသို့ ကူးပြောင်းစတွင် ရာသီအပြောင်းအလဲကာလအတွင်း ကူးစက်တတ်သည့် ဗိုင်းရပ်စ်ပိုးများ ပေါက်ဖွားလေ့ရှိရာ ဖုန်ထူထပ်သော နေရာအများစုသို့ သွားလာပါက နှာစေးခြင်း၊အာသီးရောင်ရမ်းမှုနှင့် နှာခေါင်းသွေးလျှံသည့်ရောဂါများ ပိုမိုဖြစ်ပွားတတ်သဖြင့် အထူးဂရုပြုရန် လိုအပ်ကြောင်း နား၊နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းအောင်က ပြောကြားသည်။

"အာသီးက ပုံမှန်အအေးမိရင်လည်း ရောင်ရမ်းတာဖြစ်ပွားပါတယ်။ သို့သော် ရာသီအပြောင်းအလဲမှာ အပူအအေးမညီမျှတာတွေ၊ နွေအကူးမှာ ဖုန်တွေထူတဲ့ကာလအစဆိုတော့ ဖုန်ဝင်တာတွေကြောင့် ပိုမိုဖြစ်ပွားတတ်လို့ ဆင်ခြင်သင့်ပါတယ်။ ဒါ့အပြင် နွေရာသီမှာ မကြာခဏ နှာစေးတာဖြစ်တတ်တယ်။ ပူအိုက်တဲ့အချိန်မှာ နေပူထဲကို အမိုးအကာနဲ့ မထွက်တာ၊ နေပူထဲကနေလာပြီး အအေးခန်းသို့မဟုတ် ပန်ကာလေခံတာတွေက အပူအအေးမညီမျှလို့ နှာစေးမှုကို ပိုဖြစ်စေတာပါ။ နောက်ထပ်အဖြစ်များတဲ့ ရောဂါကတော့ နှာခေါင်းသွေးလျှံခြင်း ဖြစ်ပါတယ်။ နွေဆိုရင် လူကြီးလူငယ် အတော်များများ နှာခေါင်းသွေးလျှံလေ့ရှိကြတယ်။ ပူပြင်းခြောက်သွေ့လို့နှာခေါင်းအတွင်းက အရေပြားတွေခြောက်သွေ့ရာကနေ နှာခေါင်းသွေးလျှံနိုင်ပြီး သွေးတိုးရောဂါကြောင့်လည်း နှာခေါင်းသွေးကြော ပေါက်ထွက်ပြီး နှာခေါင်းသွေးလျှံတတ်ပါတယ်။ မြန်မာနိုင်ငံအတွင်း အပူပိုင်းဒေသတွေက ကလေးတွေ နွေရာသီမှာ အပြင်းဖျားရင် နှာခေါင်းသွေးလျှံကျတတ်တာကို တွေ့ရပါတယ်။ အရက်သောက်သုံးတဲ့ လူတွေအများစုမှာလည်း နွေရာသီမှာ နှာခေါင်းသွေးလျှံမှုမြင့်တက်လာတာကိုတွေ့ရတယ်"ဟု ဆရာဝန်တစ်ဦးက ပြောကြားသည်။

ရုတ်တရက် နှာခေါင်းသွေးလျှံပါက သွေးတိတ်စေရန် နှာခေါင်း၏ နူးညံ့သည့် အသားနေရာကို လက်ညှိုး၊ လက်မတို့ဖြင့် ညှပ်ကိုင်ထားပြီးနောက်သို့ အနည်းငယ်တွန်းထားပေးပါ။ ကိုယ်ကိုကိုင်း၍ ခေါင်းကို ၄၅ ဒီဂရီခန့် မော့ထားရန်လိုအပ်သည်။ သို့မှသာ သွေးလျှံမှုလျော့နည်းသွားမည်ဖြစ်သည်။ ဦးခေါင်းကို နှလုံးထက်မြင့်သည့်နေရာတွင် ထားရန်လိုအပ်သဖြင့် နှာခေါင်းသွေးလျှံပါက လုံးဝမလှဲလျောင်းပါနှင့်။ ၂၄ နာရီအတွင်းသွေးမတိတ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်သင့်သည့်အပြင် ပူပြင်းသည့် အစားအသောက်များကိုလည်း တစ်ရက်မျှ ရှောင်ကြဉ်သင့်ကြောင်း သိရသည်။

နှာခေါင်း သွေးလျှံခြင်းသည် သာမန်ရောဂါတစ်ခုကဲ့သို့ လူအများထင်မြင်ကြသော်လည်း အမှန်တကယ် နောက်ကွယ်တွင် သွေးကင်ဆာနှင့် သွေးမတိတ်ခြင်းရောဂါကဲ့သို့သော ရောဂါကြီးများနှင့် ဆက်စပ်နေသဖြင့် ဂရုပြုရန် လိုအပ်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ အများစုမှာ အပူချိန်၊ အစားအသောက်နှင့် လေထုစိုထိုင်းမှုများအပေါ်တွင် မှီတည်နေခြင်းကြောင့် ရာသီအပြောင်းအလဲကာလ ဂရုပြုရမည်ဖြစ်ကြောင်း နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံအုပ်ကြီးထံမှ သိရသည်။

သိမ့်သိမ့်မိုး

အမ်းမြို့၌ စာပေဟောပြောပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

အမ်း မတ် ၈

ကျေးရွာနေ လူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ် စခန်းမော်ကျေးရွာတွင် မတ် ၄ ရက် နံနက် ၉ နာရီက ပညာအလင်းစာကြည့်တိုက် ဖွင့်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် အလှူရှင် ဆရာကြီး ဦးမြကြိုင် အင်္ဂလိပ်ဘာသာသင်တန်းကျောင်းမှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး၊ ဓမ္မဗိမာန်ကျောင်းတိုက်ဆရာတော်တို့က လူငယ်များအတွက် ဗဟုသုတတိုးပွားရန် စာပေ၏ အရေးပါမှုကို ဆွေးနွေးဟောပြောခဲ့သည်။ အလှူရှင်များက စာအုပ်စာစောင်များနှင့် ထောက်ပံ့ရန်ပံ့ငွေများကို စာကြည့်တိုက်ကော်မတီထံ ပေးအပ်လှူဒါန်းခဲ့သည်။

စာရေးဆရာအလှူရှင် ဦးအောင်ကိုဦးက လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောစည်းရုံးခဲ့ပြီး ဒေသခံလူငယ်အများအပြား တက်ရောက်ခဲ့ကြသည်။

အလှူရှင်များက ကျပ် ၁၀ သိန်း တန်ဖိုးရှိ စာအုပ်စာစောင်များကို ကျေးရွာစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့သည်။

အမ်းမြို့နယ်အတွင်းရှိ စခန်းမော်ကျေးရွာတွင် အင်္ဂလိပ်ဘာသာစကားပညာသင်တန်းများကိုလည်း နွေရာသီအခမဲ့သင်တန်းအဖြစ် မတ် ၄ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများကို သင်ကြားပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သတင်းတို

ကျေးလက်ဖွံ့ဖြိုးရေး မွန်ပြည်နယ်အတွင်း ဆောင်ရွက်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် မွန်ပြည်နယ် သံဖြူဇရပ်နှင့် မုဒုံမြို့နယ်များအတွင်း ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မုဒုံကျေးလက်လမ်းတံတားအနေဖြင့် ၁၈ မိုင် ခြောက်ဖာလုံအတွင်း တံတားငါးစင်း၊ ရေပြွန် ၁၅ ခုနှင့် သံဖြူဇရပ်မြို့နယ် အရှည် ၁၀ မိုင်အတွင်း တံတားလေးစင်းနှင့် ရေပြွန် ခုနစ်ခုတို့ကို ပြုပြင်လျက်ရှိကြောင်း သိရသည်။

နိုင်စိုးမိုး

ဂန့်ဂေါ၌ သန်းခေါင်စာရင်းဆိုင်ရာ ခရိုင်နည်းပြသင်တန်းဖွင့်

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းကို မတ် ၆ ရက်က ဂန့်ဂေါမြို့ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပသည်။ သင်တန်းသို့ ဂန့်ဂေါမြို့နယ်မှ ၁၈ ဦး၊ ထီးလင်းမြို့နယ်မှ ကိုးဦး၊ ဆောမြို့နယ်မှ ခြောက်ဦး၊ ကျောက်ထုမြို့နယ်(ခွဲ)မှ ခြောက်ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်ရက်ဖြစ်သည်။ဂန့်ဂေါခရိုင်တွင် ရပ်ကွက်ပေါင်း ၁၁ ခု၊ ကျေးရွာအုပ်စု ၂၀၅ အုပ်စုတွင် ကျေးရွာပေါင်း ၃၂၁ ရွာ၊ အိမ်ထောင်စုပေါင်း ၄၅၀၇၀ ၊ လူဦးရေ ၂၃၉၂၀၀ ကျော်ရှိ၍ ကောက်ကွက်ပေါင်း ၄၅၀ ရှိကြောင်းသိရသည်။

(၁၀၁)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၊ မြေကွက်အမှတ် ၉၆၇၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် ၉ ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၉၆၇ ဟုခေါ်တွင်သည့် အကျယ်(၄၁ ပေ×ပေ ၆၀)ရှိ မူလဂရန်အမည်ပေါက် ဒေါ်တင်တင်နိုင်(ခ)ဒေါ်ရှုတင် ၁၂/ဗဟန(နိုင်) ၀၅၂၃၂၀ မြေကွက်အား လက်ရောက်ရရှိထားသူ ဦးဇော်မျိုးဦး ၁၂/ဒဂရ(နိုင်) ၀၀၁၃၀၅က မူလဂရန်အမည်ပေါက်သူထံမှ အထူးကိုယ်စားလှယ်ရရှိထားကြောင်း ဝန်ခံပြောဆို၍ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဌေးအောင် ၁၂/ရပသ(နိုင်)၀၂၉၇၅၉
ဖုန်း-၀၉-၅၀၀၉၉၉၀

တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရန်ကုန်
၂၀၁၄/၂၀၁၅ခုနှစ်အတွက် လိုင်စင်များ
လေလံကြော်ငြာ

၁။ ရန်ကုန်တပ်မြို့စည်ပင်သာယာရေးအဖွဲ့၊ ၂၀၁၄ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၅ခုနှစ် မတ် ၃၁ရက်အထိ ကာလအပိုင်းအခြားအတွက် ရန်ကုန်တပ်မြို့ဈေးရှိ အောက်ဖော်ပြပါအခွင့်အရေးလိုင်စင်များလေလံအား ၂၀၁၄ခုနှစ် မတ် ၁၂ရက် ၁၁း၀၀နာရီတွင် ရန်ကုန်တပ်မြို့ဈေးရုံးခန်းတွင် လေလံပစ်မည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ ယှဉ်တွဲဖော်ပြပါ စပေါ်ငွေများတင်သွင်း၍ မည်သူမဆို လေလံဆွဲဝယ်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	လိုင်စင်အမည်	စပေါ်ငွေ
၁။	နေ့စဉ်ဈေးကောက်	၃၁၅၀၀၀ိ/-
၂။	အိမ်သာခကောက်ခံခွင့်	၆၀၅၀၀၀ိ/-

၂။ လေလံစည်းကမ်းချက်များနှင့် အသေးစိတ်အခြေအနေများ သိရှိလိုပါက ရန်ကုန်တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် ရန်ကုန်တပ်မြို့ဈေး (ဖဆပလ)သို့ ရုံးချိန်အတွင်း လာရောက်မေး မြန်းစုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရန်ကုန်

အစ်မတော်စောမွန်လှ နဂါးကိုးကောင်ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး
ပြီးမြောက်အောင်မြင်ရေးနှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေးပြင်ဦးလွင်ကားလမ်း နံဘေးရှိ စောမွန်လှ သစ္စာဓိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရားစောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသားကျောင်းသူ ၈၅၀ ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင် ဆေးပေးခန်းကြီးကို အလျား (၁၀၈)ပေ၊ အနံပေ(၄၀) အာစီကွန်ကရစ်သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ (၁၂)ပေပတ်လည် တစ်ခန်းလျှင် ကျပ်သိန်း(၂၀)နှုန်းဖြင့် မိမိတို့တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့ စေတနာရှိသလောက်ဖြစ်စေ အစ်မတော်စောမွန်လှ၊ မြနန်းနွယ်နှင့် နဂါးမယ်တော်ကြီးတို့၏ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော် ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၂၅၂၁၇၅၅
၀၉-၄၀၃၇၀၆၈၆၀
၀၉-၄၃၀၇၂၉၁၀

အမည်ဖြည့်စွက်ခေါ်ပါရန်

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ (ဘ)ဦးစိုးသိန်းခိုင်၏သမီး မခင်အိန္ဒြာစိုး ၁၁/စတန(နိုင်)၀၈၀၃၆၆ အား မအိန္ဒြာခင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မခင်အိန္ဒြာစိုး(ခ)မအိန္ဒြာခင်

တစ်ဦးတည်းဖြစ်ပါကြောင်း

စလင်းမြို့နယ်၊ ဇီးကျွန်းအုပ်စု၊ ဇီးကျွန်းကျေးရွာနေ ဦးဆင့်၏သား ဦးတင်လှ ၈/စလန(နိုင်)၀၅၆၄၄၂ နှင့် မကွေးမြို့၊ အောင်မင်္ဂလာအုပ်စု၊ အိမ်အမှတ် (B-၃၉)၊ ၄လမ်းနှင့် ဇီဇဝါလမ်းထောင့် ရန်ကင်းရပ်ကွက်နေ ဦးခင်မောင်မြင့်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးတင်လှ(ခ)ဦးခင်မောင်မြင့်
၈/စလန(နိုင်)၀၅၆၄၄၂

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နမ်းခမ်းမြို့၊ ပန်ခါးကျေးရွာတွင် နေထိုင်သော ဦးလုမ်အောင်ခင်၏သား မိုင်းစိန်အောင်၏ အမည်မှန်မှာ မိုင်းနိုင်စိန်အောင်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၀-၂-၁၉၉၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒဂုံတောင်၊ လ(ခွဲ) အမက(၁)၊ ပဥ္စမတန်း(ခ)မှ မအေးသန္တာမိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၁၂/ရကန(ပြု)၀၀၀၀၆၇ဖြစ်ပါသည်။

ဖခင်အမည်မှန်

မူဆယ်မြို့၊ ပန်လုံရပ်ကွက်တွင် နေထိုင်သော ဦးထွန်းနီ ၁၃/မဆန(နိုင်)၀၂၀၇၂၃ ၏သား စိုင်းလိန်ခမ်း (မန္တလေး၊ VEC)၏ ဖခင်အမည်မှန်မှာ ဦးထွန်းရီ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မူဆယ်မြို့၊ နောင်ရမ်းကျေးရွာတွင်နေထိုင်သောဦးအောင်လှိုင်း ၁၃/နမတ(နိုင်)၀၄၆၉၄၆၏ သမီး နန်းဆိုင်ခေးလှိုင်း (အထက-၂၊ နမ့်ခမ်း)၏ ဖခင်အမည်မှန်မှာ ဦးအိုက်စိုင်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ မမြင့်မြင့်သန်း TME-၀၃၆၂၉၁၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၈၇၈၂၆

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်အောင်ထက်၏ SID-၇၇၉၉၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၅၃၇၆၂**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အဘိဓဇဂုဏပူဇာနှင့် မွေးနေ့မင်္ဂလာကျင်းပမည်

တောတိုက်ဓမ္မရိပ်သာဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝိနည်းဓိုရ်၊ တောင်တန်းသာသနာပြု နိုင်ငံတော်သြဝါဒါစရိယ၊ တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးဥက္ကဋ္ဌစသော သာသနာပြုလုပ်ငန်းများကို (၃၈)နှစ်တိုင်တိုင် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံဆောင်ရွက်တော်မူသည့်အတွက်ကြောင့် နိုင်ငံတော်မှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန် လှူဒါန်းပူဇော်သဖြင့် တပည့်သံဃာ၊ သီလရှင်၊ ယောဂီအပေါင်းတို့မှ နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ကြပြီး ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်လိုသော ဆန္ဒများစွာရှိနေကြ၍ နှစ်စဉ်ကျင်းပနေကျ ဆရာတော်ကြီး၏ သက်တော် (၈၂)နှစ်ပြည့် မွေးနေ့မင်္ဂလာကို ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ထပ်ဆင့်ပူဇော်ရာ၌ ပင့်သံဃာတော်အပါး ၁၀၀၀ တို့အား နဝကမ္မများ လှူဒါန်းပူဇော်နိုင်ပါသည်။

တပည့်များ
တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၉-၈၆၃၀၃၁၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၆၁၀၉၈ Kenbo KB 110 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုကင်း ၉/မထလ(နိုင်)၀၆၉၉၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၆၅၇/က၊ အကျယ်အဝန်း အလျားပေ(၂၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၇ဧကရှိ ဦးသန်းစိုး(ဘ) ဦးဘသင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ်အဆက်အစပ်ဖြင့် ဦးကြည်မင်း ၁၂/ရကန(နိုင်)၀၆၂၈၀၇က ဝယ်ယူပိုင်ဆိုင်ထားပြီးသူထံမှ ကျွန်ုပ်ဦးကျော်ဇင် ၁၂/တမန(နိုင်)၁၁၃၈၅၅က အပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ဇင်
ဖုန်း-၀၉-၄၃၀၄၃၃၉၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၃၄၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ CG၊ လူနေရပ်ကွက်အမှတ် ဆရာစံတောင်ရပ်ကွက်၊ မြေကွက်အမှတ် ၁၀၅၃၊ ပေ(၂၀×၄၀)၊ ဧရိယာစတုရန်းပေ ၈၀၀၊ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးပါ(ကွယ်လွန်)၏ အမွေဆက်ခံပိုင်ဆိုင်သူ ၄င်း၏ဇနီးဒေါ်ခင်စန်း ၁၂/ဗဟန(နိုင်)၀၅၇၈၃၈ထံမှ ဝယ်ယူထားသူ ဒေါ်စန္ဒာအောင် ၁၂/လမတ(နိုင်)၀၁၁၇၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအိမ်မြေနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါအိမ်မြေ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လွင် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(၅၉၇၉)
တိုက်အမှတ် ၂၇၇၊ အခန်း ၁၅၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၅၆၄၂၀

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၉၁၄၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

အမည်မှန်

ဟိုပန်မြို့နယ်၊ ဟိုလားကျေးရွာ၊ အမက ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်နာလော၏အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်အရ ဒေါ်နောမိ ၁၃/လရန(နိုင်) ၀၉၅၈၉၂ ဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၂-၂၀၁၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၀) အမည်ပြောင်းတွင် လျှောက်ထားသူ ဦးမျိုးမင်းထွန်း ၁၃/မကန (နိုင်)၀၀၀၀၃၄ အစား ဒေါ်နန်းစောခင် ၁၃/မကန(နိုင်)၀၀၁၇၄၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၁) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒေါ်မြသန်း+၂၏ ပိုင်ဆိုင်နှင့် အရောင်းမြေပုံကူးတွင် တာမွေမြို့နယ် အစား ရန်ကင်းမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးစိန်ဝင်းကြည် ၁၂/လမန(နိုင်)၀၉၂၈၂၂ နှင့် အများသိစေရန်

ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးထွန်းကြည် ၉/မရမ(နိုင်)၀၃၇၈၅၈ နှင့် ဦးဖုန်းမြင့် ၉/မရမ(နိုင်)၀၃၇၈၅၇ တို့၏ ညွှန်ကြားချက်အရ သတိပေးအကြောင်းကြားပါသည်။

လူကြီးမင်းသည် ၁၄-၁-၂၀၁၄ ရက် ညတွင် ကျွန်ုပ်တို့၏မိတ်ဆွေများနေအိမ်သို့လာရောက်၍ ကျွန်ုပ်တို့၏မိတ်ဆွေများပိုင်အမှတ် ၉၆၊ စိတ္တသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ အိမ်အား "RC နှစ်ခန်းတွဲ ၃½ထပ် တိုက်ဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာတို့၏ သဘောတူစာချုပ်" ချုပ်ဆို၍ စရန်ငွေအဖြစ် ကျပ်ဆယ်သိန်းတိတိပေးအပ်ခဲ့ပါသည်။ ထိုနေ့ညတွင် လူကြီးမင်းနှင့်အတူပါလာသော ပွဲစား မစွမ်းထက်ပြည့်စုံမှ ပွဲစားခအဖြစ် ငါးသိန်းတိတိ ပြန်လည်ထုတ်ယူသွားခဲ့ပါသည်။

နောက်နေ့နံနက် ၁၅-၁-၂၀၁၄ရက်မှ ၂-၃-၂၀၁၄ရက်အထိ စာချုပ်တွင်ပေးခဲ့သော လိပ်စာ၌လည်းကောင်း၊ လူကြီးမင်းပေးခဲ့သော ဖုန်းနံပါတ်အားလည်းကောင်း၊ လူကြီးမင်းချုပ်ဆိုခဲ့သော ကုမ္ပဏီအားလည်းကောင်း သွားရောက်ဆက်သွယ်သော်လည်း လူကြီးမင်းအား ဆက်သွယ်မှုမရရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါပြီးသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ လူကြီးမင်း ပေးအပ်ထားသော စရန်ငွေအားလာရောက်ထုတ်ယူရန် အကြောင်းကြားသိစေအပ်ပါသည်။ သတ်မှတ်ရက်တွင် လာရောက်ဆက်သွယ်ခြင်းမရှိပါက စာချုပ်ဖျက်သိမ်းခြင်းကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ငုဝါထွန်း (စဉ်-၉၀၃၀)	ဒေါ်ခင်စန်းမူ (စဉ်-၈၂၅၇)	ဦးခင်စိုး (စဉ်-၂၈၇၅)
LL.B. D.B.L, D.L.R	B.A(Law), LL.B	LL.B,DL-101, WIPO (Switzerland)

တရားလွှတ်တော်ရှေ့နေများ
အခန်း ၆/၁၀၃(တတိယထပ်)၊ တိုက်အမှတ် ၉/၁၁၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၃၁၄၈၅၃၆

ဝါးချက် စုပေါင်းအလှူရေစက်ချအခမ်းအနား

"နေရာပြောင်းလဲခြင်း"

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ထာဝရငွေပင်

ငွေကျပ်သိန်းသုံးထောင်ပြည့်စုပေါင်းအလှူ ရေစက်ချအခမ်းအနား

နေရာ .... တော်ဝင်ဧရာဝတီ (Royal Irrawaddy)

ဗိုလ်တထောင်ဆိပ်ကမ်း၊ဇောတ်တားနံပါတ်(၄)

မှတ်ချက် — ဗိုလ်တထောင်ဘုရားမှစ်ဦးမှဝင်ရန်

ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈အရ)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃

၁။ ဟာဂျီဦးမြင့်ဦး	နှင့်	၁။ ဟာဂျီဦးတင်လှိုင်
၂။ ဟာဂျီဦးမြင့်ထွန်း		၂။ ဟာဂျီဦးခင်မောင်မြင့်(ခ)အပါကြီး
၃။ ဟာဂျီဦးမောင်မောင်		၃။ ဦးကိုကိုဦး
		၄။ ဟာဂျီဦးသန်းနိုင်အေး
		၅။ ဦးခင်မောင်လတ်(ခ)ဦးယူစွတ်ဘိုင်
		၆။ ဦးတင်သိန်း
		၇။ ဦးသန်းနိုင်ဦး(ခ)ဦးစွာဒစ်ဘိုင်
တရားလိုများ		**တရားပြိုင်များ**

အများသိစေရန်ကြော်ငြာ

၁။ တရားလို ဟာဂျီဦးမြင့်ဦးပါ ၃တို့က တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂(၁)အရ မန္တလေးမြို့၊ အရှေ့ကုန်းရိုးပလီထရတ်(စ်)တီအုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းပေးရန် တရားပြိုင် ဟာဂျီဦးတင်လှိုင် ပါ ၇ဦးတို့အပေါ် လျှောက်ထားလာပါသည်။

၂။ ယင်းကဲ့သို့ လျှောက်ထားလာမှုတွင် အကျိုးသက်ဆိုင်သည်ဟုယူဆသော မည်သူမဆို အမှုသည်အဖြစ်ပါဝင်လိုပါက ၂၀၁၄ခုနှစ် ဧပြီ ၁၀ရက်(၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၁၁ရက်) မွန်းလွဲ ၁ နာရီတွင် ကိုယ်တိုင်ဖြစ်စေ၊ နည်းလမ်းတကျလွှဲအပ်ထားသော အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၃။ သတ်မှတ်ကာလအတွင်းလာရောက် လျှောက်ထားခြင်းမရှိလျှင် ဥပဒေနှင့်အညီ စစ်ဆေး၊ ကြားနာ၊ ဆုံးဖြတ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၄ ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၃

ကွယ်လွန်သူ ဦးဘကျော်နှင့် ဦးသိန်းထွန်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်စန်းစန်းရီ — **လျှောက်သူ**

အမှတ် (၁၂၂)၊ (လေးလွှာ/ဘီ)၊ ၉၄လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်စန်းစန်းရီက ကွယ်လွန်သူ ဦးဘကျော်နှင့် ဦးသိန်းထွန်း၏ သမီးနှင့် ညီမဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၄င်းကွယ်လွန်သူ ဦးဘကျော်နှင့် ဦးသိန်းထွန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း။ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးဘကျော်နှင့် ဦးသိန်းထွန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဧပြီ ၉ရက် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၀ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်စန်းစန်းရီ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၂
(ကွယ်လွန်သူ ဒေါ်သိန်းကြွေ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၆၇½၊ အကျယ်ပေ(၂၀× ၆၀)၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၆၆၇½၊ သန္တာ ၆လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်ကွယ်လွန်သော ဒေါ်သိန်းကြွေ ကျန်ရစ်သောပစ္စည်းအပေါ်၌အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်ကြည်က အမွေဆက်ခံခြင်း အက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ၂၀၁၄ ခုနှစ် မတ် ၂၅ ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သိန်းကြွေ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သူ အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ် မတ် ၂၅ ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်မြင့်ကြည်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး-၂
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၅ယ/၃၄၇၀ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၁၃/တကန(နိုင်)၁၀၉၈၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

အမည်ပြောင်း

ဦးကွယ်ရယ်၏သမီး လွိုင်ကော်မြို့၊ အလက ထေး၌ားလျား၊ ပဥ္စမတန်းမှ မသက်လယ်ဦးအား ယနေ့မှစ၍ မလှိုင်မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မလှိုင်မိုး**

အမည်ပြောင်း

ဦးသန်းထွေးဦး၏သား တောင်ငူ အထက(၁) အဌမတန်း(C)မှ မောင်ပြည့်ဖြိုးကျော်အား မောင်ပြည့်ဖြိုးဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပြည့်ဖြိုးဦး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၄၃၃၁၇ Honda. ND-125 ယာဉ်လက်ဝယ်ရှိသူ ဦးရီဇော် ၁၂/တကန(နိုင်)၁၅၅၆၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ც/၂၂၀၃ Suzuki Swift Zc 715, Hatch Back (4 ×2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောကလျာလှိုင် ၁၂/သလန(နိုင်)၀၈၉၃၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဇ/၂၉၈၂ Win Myint (WMJ-01) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်(ခ)ဝင်းမြင့်စိုး ၉/နထက(နိုင်) ၁၀၅၀၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၁၀၃၀၀ ကမ-၃ အမည်ပေါက် ဦးရွှေမောင် ၈/မကန(နိုင်)၁၈၃၈၁၅က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၂၀၄ Nissan Sunny B122, P/U (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထူးမိမိ ၉/မရတ(နိုင်)၀၅၇၆၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာ(မိုးကုတ်မြို့)
ကန္နီဥပနိဿယ ရက်(၆၀)တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွှံ့ပန်းကြီး၊ ရွှံ့ပန်းလေးရပ်ရှိ **စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာတွင်** ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးမဏ္ဍလ မှ ရက် ၆၀ တရားစခန်းအား (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁ ရက်) ၂၉-၄-၂၀၁၄ရက် မှ (၁၃၇၆ ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်) ၂၆-၆-၂၀၁၄ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ရဟန်း သံဃာတော်များမှာ ဝါတော် ငါးဝါအနည်းဆုံးဖြစ်ရပါမည်။

မှတ်ချက် ။ ။ **နှစ်စဉ်တပို့တွဲလပြည့်ကျော် ၁ ရက် အပတ်စဉ်နှင့် ကဆုန်လဆန်း ၁ရက် အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။**

ဖုန်း-၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂
ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း
မြန်မာစံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ

အထူးတရားပွဲ

သုံးလောကထွတ်ထား၊ မြတ်ဗုဒ္ဓအား အမှူးထား၍ တရားကိုချစ်ခင်၊ တရားကိုမြတ်နိုး၊ တရားကိုယုံကြည်၊ တရားဖြင့်မွေ့လျော် မွေ့ပျော်ကြကုန်သော သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဤ""ဇမ္ဗူသီရိဗိမာန်တော်ကြီး""တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသနှင့် ပါမောက္ခ(ဌာနမှူး)ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒတို့မှ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါကြောင်း မွေးနေ့အလှူရှင် ဦးမျိုးသိန်း၊ ဇနီး ဒေါ်ကေခိုင်(မွေးနေ့ရှင်)(ခနေသီဟ)ကုမ္ပဏီလီမိတက်တို့မှ အထူးတရားပွဲသို့ တရားနာကြွရောက်ပါရန် အောက်ပါအစီအစဉ်များအတိုင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မင်္ဂလာအစီအစဉ်

နေ့ရက်	-	၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်၊ ၁၁ရက် ၂၀၁၄ ခုနှစ် မတ် ၁၀၊၁၁ ရက်(တနင်္လာ၊ အင်္ဂါ)
အချိန်	-	ည ၇း၀၀ နာရီ
လမ်းညွှန်	-	ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်းဝ(နဝဒေးရပ်ရှင်ရုံအရှေ့) အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း
ရွှေပညာဒါန(အခမဲ့)သင်တန်းဖွင့်လှစ်မည်
(၁/၂၀၁၄)

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေပညာဒါန (အခမဲ့)ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၄၂/၅၀)၊ ပထမထပ် ရွှေဘုံသာလမ်းရှိ၊ အသင်းရုံးတွင် သင်တန်းတက်ရောက်ခွင့်ပုံစံကို(အခမဲ့)တောင်းယူဖြည့်စွက်ပြီး တက်နိုင်ပါသည်။ သင်တန်းကာလမှာ ၂၁-၃-၂၀၁၄ ရက်မှ ၃၀-၃-၂၀၁၄ရက်အထိ (၁၀)ရက်ဖြစ်ပြီး သင်တန်းအချိန်မှာ နံနက် ၈နာရီမှ ၁၀နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၀၀၁၇၆၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

သင်တန်းဖြစ်မြောက်ရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၈၁၉၊ ဦးပိုင်အမှတ် ၁၂၊ ၆၂ လမ်း၊ ၃၃×၃၄ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးလှဂရာယော် ၁၃/လရန(နိုင်)၀၇၆၂၁၁ ၏ ဂရန်မူရင်းမှာ အထားအသိုမှားယွင်းပြီး ပျောက်ဆုံးနေပါသဖြင့် ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၄၆၇၊ အကျယ်အဝန်း ပေ(၄၀×၆၀)ဟုခေါ်တွင်သော ဦးပိုက်ကြီး KTN-၀၄၅၆၁၃ အမည်ပေါက် မြေချစလစ်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်တို့နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာမြေကွက်နှင့်နေအိမ်ကို အမည်ပေါက် ဦးပိုက်ကြီး KTN-၀၄၅၆၁၃ ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်နှင်းမာလာ ၁၀/သဖရ(နိုင်)၀၀၂၄၅၆ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားအပြီးသတ်ဆက်လက်ဆောင်ရွက်သွားဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမော့ LL.B (စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ
အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊၀၉-၅၁၁၈၀၀၇၊၀၉-၄၀၂၅၉၄၃၄၇၊၀၉-၂၅၄၀၅၁၄၆၇

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သန်း
ပါမောက္ခ(ငြိမ်း) မြန်မာစာဌာန၊ တောင်ကြီးတက္ကသိုလ်
အသက်(၇၃)နှစ်

ဒေါ်ယဉ်ယဉ် တွဲဖက်ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန (မန္တလေး-အဝေးသင်တက္ကသိုလ်)၏ခင်ပွန်း ဆရာကြီး ဦးအောင်သန်း၊ ပါမောက္ခ(ငြိမ်း)မြန်မာစာဌာန(တောင်ကြီးတက္ကသိုလ်)သည် ၃-၃-၂၀၁၄ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာမိသားစု
လားရှိုးတက္ကသိုလ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
မသန်းသန်းမြင့်(ခ)မမာမာအေး
အသက်(၃၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ ဦးမြင့်ဦး-ဒေါ်ခင်မာစိန် တို့၏သမီး၊ ရွှေပြည်သာမြို့နယ်၊ (၂၃)ရပ်ကွက်၊ ဝါးတရာနေ ဦးဝင်း-ဒေါ်ထွေးကြည်တို့၏သမီးချွေးမ၊ ကိုကြည်ဝင်းနိုင် (ဝါဝါဝင်း သဲ၊ ကျောက်ရောင်းဝယ်ရေး)၏ဇနီး၊ မောင်အောင်မြတ်ဟိန်း၊ မပြုံးသဇင်တို့၏မိခင်သည် ၆-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေကွက်အမှတ် (၁၈)၊ မြေကွက်အမှတ် ၂၃၃၊ မြေဧရိယာ ၀ဒသမ၄၄၅၈ဧကေ (စတုရန်းပေ ၁၉၂၁၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နေအိမ်တို့သည် မြို့မြေစာရင်းတွင် ဦးဝင်းစိန် ၁၂/ကတတ(နိုင်) ၀၂၂၀၅၅ အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်ဖြစ်ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေကျပ် တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားဂရန်မူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင် အထက်တန်းရှေ့နေ
အမှတ် (၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၈၈၊ အကျယ်(အလျား၂၅ပေ×အနံ၅၀ပေ)ရှိ ဦးကြည်ဝင်း AA-၀၂၄၄၄၈ အမည်ပေါက် ပါမစ်မြေကွက်နှင့်ယခု အခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၈၈ ဟုခေါ်တွင်သည့် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ၃၀-၅-၁၉၉၁ ရက်စွဲပါ အရောင်းအဝယ် ကတိစာချုပ်အရ တရားဝင်လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းရီ ၁၂/ကမတ (နိုင်)၀၃၁၃၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြလှဲဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax -၀၁-၉၆၆၉၀၀၄၊ ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရွှေနံ့သာစံပြ ၊ မြေကွက်အမှတ် ၁၆၂၊ ဧရိယာပေ(၈၀×၆၅)၊ မြေကွက်တည်နေရာအမှတ်-၁၆၂၊ စကားဝါလမ်းထောင့် ဗမကသန့်ဇင်CE-၀၅၂၃၀၇ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် တရားရုံး ဗမကသန့်ဇင်ကိုယ်စား ဒေါ်နုနုလှိုင် (ဘိလစ်)၁၂/ဥကမ(နိုင်)၀၀၄၉၃၄ က မင်္ဂလာဒုံမြို့နယ် တရားရုံး၊ အနိုင်ဒီကရီ၊ မင်္ဂလာဒုံမြို့နယ် တရားရုံး တရားမဇာရီမှု စီရင်ချက် ဘိလစ်ခန့်စာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် ၇၅၇၊ မြေကွက် တည်နေရာအမှတ် ၇၅၇၊ သုဇာတာ (၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးငြိမ်းမောင်၊ ဦးမောင်ထွေး AD -၀၁၂၂၄၆၊ N/OKA -၀၀၀၃၄၆ အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်ကို အမည်ပေါက်တစ်ဦးဖြစ်သူ ဦးငြိမ်းမောင်(ဖခင်) ကွယ်လွန်၍ ၎င်း၏အစုကို သားသမီးအရင်းများတော်စပ်ကြသော ဦးဝင်းတင် ၁၂/ဥကမ(နိုင်)၀၃၃၄၇၇၊ ဒေါ်သစ်သစ်ဝင်း၁၂/ဥကမ(နိုင်)၀၃၆၅၁၇ တို့က (မိခင်)ဒေါ်စိန်ပုနှင့် ဖခင်တို့၏သေစာရင်းနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမောင်ထွေးနှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန်နှင့် မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

